# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက် ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၉ ရက်၊ သောကြာနေ့၊ အတွဲ [၅၅]၊ အမှတ် [၁၄၂]


မြတ်ဗုဒ္ဓအဆူဆူတို့၏

အဆုံးအမ

❖ မကောင်းမှု ရှောင်၊

❖ ကောင်းမှု ဆောင်၊

❖ ဖြူအောင် စိတ်ကိုထား။

ပြည်သူ့လွှတ်တော်အစည်းအဝေး

## ကော်မတီ(၃)ခု ဖွဲ့စည်းခြင်းနှင့် ကော်မတီများ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို လွှတ်တော်သို့တင်ပြ

စာမျက်နှာ-၇

အမျိုးသားလွှတ်တော်အစည်းအဝေး

## တိုင်းရင်းသားရေးရာကော်မတီ၊ တောင်သူလယ်သမားရေးရာ ကော်မတီနှင့် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီများ ဖွဲ့စည်းဆောင်ရွက်

စာမျက်နှာ-၇

# အမေရိကန်နိုင်ငံက စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် အခြေအနေကောင်းတွေ ဖန်တီးပေးမယ့်စီမံကိန်းတွေမှာ ဆက်ပြီးတော့လုပ်ဆောင်ခြင်းအားဖြင့် ပိုပြီးအကျိုးရှိမှာဖြစ်

သတင်းအဖွဲ့

အမေရိကန်-အာဆီယံ ခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးကို အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် Rancho Mirage မြို့၌ ဖေဖော်ဝါရီ ၁၅ ရက်နှင့် ၁၆ ရက် နှစ်ရက်တာကျင်းပခဲ့ပြီး ထိပ်သီးအစည်းအဝေး ပထမနေ့တွင် အာဆီယံအသိုက်အဝန်းအတွင်း စွန့်ဦးတီထွင်မှုနှင့် ဆန်းသစ်တီထွင်မှု တိုးမြှင့်စေခြင်းဆိုင်ရာများကို လည်းကောင်း၊ ဒုတိယနေ့တွင် အာရှ-ပစိဖိတ်ဒေသကြီး ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းနိုင်ရေးဆိုင်ရာများကို လည်းကောင်း ဆွေးနွေးကြကာ အမေရိကန်-အာဆီယံ ပူးတွဲကြေညာချက်တစ်ရပ်ကိုလည်း ထုတ်ပြန်နိုင်ခဲ့သည်။

အဆိုပါထိပ်သီးအစည်းအဝေးတွင် မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များအဖြစ် ပါဝင်တက်ရောက်ခဲ့ကြသော ပြည်ထောင်စုဝန်ကြီးများ၏ ထိပ်သီးအစည်းအဝေးနှင့် စပ်လျဉ်းသည့် ပြောကြားချက်များကို ပြန်လည်တင်ပြလိုက်ပါသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ❖

# ဧရာဝတီမြစ် ရေလမ်းကြောင်းကောင်းမွန်စေရေး ရေအောက်ကျောက်များ ဖယ်ရှား



ဧရာဝတီမြစ် ရေလမ်းကြောင်းကောင်းမွန်စေရေး စက်ယန္တရားများဖြင့် ရေအောက်ကျောက်များ ဖယ်ရှားနေသည်ကို တွေ့ရစဉ်။

မင်းထက်အောင်
(မန်းကိုယ်ပွား)

**မန္တလေး ဖေဖော်ဝါရီ ၁၈**

ဧရာဝတီမြစ်အတွင်း ရေလမ်းကြောင်းကောင်းမွန်၍ သင်္ဘောများ ခုတ်မောင်းရာတွင် ဘေးကင်းစေရန် မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ရွာသစ်ကျေးရွာ အနီး နတ်စင်ကျောက်-ညောင်ရင်း ရေလမ်းတွင်ရေအောက်မှ သဲကျောက်များကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန(မန္တလေး)မှ စက်ယန္တရားများဖြင့် အရေးပေါ်ဖယ်ရှားလျက်ရှိကြောင်း သိရသည်။

“နတ်စင်ကျောက် ရေလမ်းမှာ သုံးနေရာလောက်က ရေနည်းချိန်မှာ ရေမျက်နှာပြင်အောက် လေးပေလောက်မှာ ကျောက်တွေရှိနေတယ်။ ခုတ်မောင်းသွားလာတဲ့ ကုန်တင် သင်္ဘောတွေအတွက် အန္တရာယ်ရှိနိုင်လို့ အရေးပေါ်ဖယ်ရှားတာပါ။ လက်ရှိလုပ်နေတာက ရေမျက်နှာပြင်အောက် ငါးပေမှာ ရှိတဲ့ ကျောက်တွေကို ဖယ်ရှားနေတယ်။

*စာမျက်နှာ ၁၄ ကော်လံ ၄* ■


ယနေ့ ဖတ်စရာ

ကုလထောက်ပံ့ရေး ယာဉ်တန်း စစ်ပွဲဖြစ်ပွားရာ ဆီးရီးယားသို့ ရောက်ရှိ စာ ၄

ရန်ကုန်မြို့ရှိ ယာဉ်ကြောကျပ်တည်းမှု အများဆုံးဖြစ်သည့်နေရာများတွင် အလိုအလျောက်မီးပွိုင့် လွှတ်စနစ်ဖြင့် ဆောင်ရွက်သွားမည် စာ ၁၂





## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

### ကလေးတိုင်းပိုလီယိုကင်းစင်ရေးအလေးထား

နိုင်ငံတော်အနေဖြင့် ကျန်းမာသန်စွမ်းသော သားကောင်းသမီးကောင်းရတနာများပေါ်ထွန်းလာစေရန် ကလေးငယ်များအား မွေးကင်းစအရွယ်မှ စတင်ကာ ကာကွယ်ဆေးအမျိုးမျိုးကို စီမံချက်များ ချမှတ်လျက် ထိုးနှံပေးလျက်ရှိပါသည်။ အထူးသဖြင့် ဘီပိုး၊ စီပိုး၊ ကြက်ညှာချောင်းဆိုး၊ ဝက်သက်နှင့် ဂျိုက်သိုး အစရှိသဖြင့် ကလေးဘဝတွင် ဖြစ်ပွားတတ်သောရောဂါအမျိုးမျိုးမှကင်းဝေးစေရန် ကာကွယ်ဆေးထိုးနှံ၊ တိုက်ကျွေးခြင်းလုပ်ငန်းစဉ်များ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါသည်။

ဤတွင်ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးရေးအစီအစဉ်သည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ ယခုဖေဖော်ဝါရီ ၂၀ရက်မှ ၂၂ ရက်အတွင်း မွေးကင်းစမှ ငါးနှစ်အောက်ကလေးများအားလုံးကို ပိုလီယိုရောဂါကူးစက်မခံရစေရန်ကာကွယ်ဆေးထိုးနှံပေးမည်ဖြစ်ပါသည်။ မိဘများအနေဖြင့် မိမိတို့ ရင်သွေးငယ်များ ပိုလီယိုရောဂါမဖြစ်စေရန် ကာကွယ်ဆေးထိုးစုရပ်များသို့ ခေါ်ဆောင်၍ ပိုလီယိုကာကွယ်ဆေးထိုးပေးရန် အထူးပင်လိုအပ်မည်ဖြစ်ပါသည်။

မြို့ပေါ်ရပ်ကွက်နှင့်ကျေးရွာများသာမက ကျေးလက်တောရွာများ၌ တဲအိမ်စုများဖြင့်နေထိုင်သော မိသားစုများအတွင်းမှ ကလေးများကိုပါ ကောက်သင်းကောက် ရှာဖွေလျက် ကာကွယ်ဆေးထိုးပေးရန် လိုအပ်မည်ဖြစ်ပါသည်။ ယခုအချိန်သည် မြန်မာနိုင်ငံတွင်ပိုလီယိုကင်းစင်ရေးကို အထူးအလေးထားဆောင်ရွက်နေချိန်ဖြစ်ပါသည်။ ငါးနှစ်အောက် ကလေးရှိသော မိဘတိုင်းက အလေးထားပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်လျက်ရှိပါသည်။

ပိုလီယိုရောဂါသည် ကူးစက်တတ်သောရောဂါတစ်မျိုးဖြစ်ပါသည်။ ရောဂါကူးစက်ခံရပါက ကလေးများ အကြောသေရောဂါဖြစ်ပွားနိုင်ပြီး လူ့ဘဝတစ်လျှောက်လုံး မသန်စွမ်းသောဘဝဖြင့် နေသွားရနိုင်ပါသည်။ မြန်မာနိုင်ငံတွင် ပိုလီယိုကင်းစင်ရေးအတွက် ယခင်ကဆေးအဖြစ်သာ တိုက်ကျွေးသော်လည်း ၂၀၁၅ ခုနှစ် နှစ်ကုန်ပိုင်းမှစတင်ကာ ကာကွယ်ဆေးထိုးနှံခြင်းအစီအစဉ်ကိုပါ ဆောင်ရွက်လျက်ရှိပါသည်။

ဤပိုလီယိုကာကွယ်ဆေးများသည် ပြင်ပဆေးရုံဆေးခန်းများတွင် ရရှိနိုင်သော ဆေးဝါးများမဟုတ်ပါ။ တန်ဖိုးအားဖြင့် ဈေးနှုန်းမြင့်မားသော ဆေးဝါးများဖြစ်ပါသည်။ အနည်းဆုံး ကလေးတစ်ဦးအတွက် ကာကွယ်ဆေးထိုးနှံမည်ဆိုပါက အမေရိကန်ဒေါ်လာခုနစ်ဒေါ်လာခန့် ကုန်ကျမှုရှိနိုင်ကြောင်း သိရပါသည်။

သို့ဖြစ်၍ မိဘများအနေဖြင့် မိမိတို့သားသမီးများ အနာရောဂါကင်းစင်၍ ကျန်းမာသန်စွမ်းသူများဖြစ်စေရန်နှင့် တစ်နိုင်ငံလုံး လုံခြုံစိတ်ချရသည့် ပိုလီယိုလုံးဝကင်းစင်သော နိုင်ငံဖြစ်စေရန် ယခုကဲ့သို့ ပိုလီယိုကာကွယ်ဆေးထိုးနှံခြင်းအစီအစဉ်တွင် အလေးအနက်ထားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# ရေဘေးသင့်ဒေသရှိ စာသင်ကျောင်းများပြန်လည်တည်ဆောက်ရေးစီမံချက် အကောင်အထည်ဖော်ရန် အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာလက်မှတ်ရေးထိုး

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသို့ ဂျပန်နိုင်ငံအစိုးရက ရေဘေးသင့်ဒေသရှိ စာသင်ကျောင်းများ ပြန်လည်တည်ဆောက်ရေးစီမံချက် အကောင်အထည်ဖော်ရန် အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာလက်မှတ်ရေးထိုးလဲလှယ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၇ ရက်က အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသို့ဂျပန်နိုင်ငံအစိုးရမှ ရေဘေးသင့်ဒေသရှိ စာသင်ကျောင်းများပြန်လည်တည်ဆောက်ရေးစီမံချက် အကောင်အထည်ဖော်ရန်အတွက် အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E.Mr. Tateshi Higuchi တို့က လက်မှတ်ရေးထိုးလဲလှယ်ကြသည်။ (ယာပုံ)

အဆိုပါအကူအညီပေးရေးဆိုင်ရာ စာချွန်လွှာကို လက်မှတ်ရေးထိုးလဲလှယ်ခြင်းဖြင့် မြန်မာနိုင်ငံအတွင်း ရေဘေးသင့်ဒေသရှိ စာသင်ကျောင်းများ အလျင်အမြန်ပြန်လည်ပြုပြင်ရာတွင် အထောက်အပံ့ကောင်းများ ရရှိလာနိုင်မည်ဖြစ်ပြီး ယင်းဒေသ၏ ပညာရေးကဏ္ဍများစဉ်ဆက်မပြတ်ကောင်းမွန်လာစေမည်ဖြစ်သည်။ ယခုစီမံချက်အတွက်ဂျပန်နိုင်ငံအစိုးရကဂျပန်ယန်း ၁ ဒသမ ၂ ဘီလီယံ ကူညီထောက်ပံ့ပေးအပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အလှူငွေများပေးအပ်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

မီးဘေးသင့်ပြည်သူများအတွက် စေတနာရှင်များက အလှူငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိရာ ဖေဖော်ဝါရီ ၁၇ ရက်က သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဝန်ထမ်းများက ငွေကျပ် ၁၅၇၆၀၀၊ စက်မှုဝန်ကြီးဌာန အမှတ်(၃) အကြီးစား စက်မှုလုပ်ငန်းက ငွေကျပ် ၃၃၃၀၀၀ ကို အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန နေပြည်တော်(ရုံးချုပ်) သို့ လာရောက်လှူဒါန်းသည်။

ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၌ တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသမီးစစ်မှုထမ်းဟောင်းများ အဖွဲ့က ငွေကျပ် ၅၀၀၀၀၀၊ ဒေါ်သန်းသန်းဦး မိသားစုက ငွေကျပ် ၁၀၀၀၀၀၊ ဒေါ်ခင်သန်း မိသားစုက ငွေကျပ် ၂၀၀၀၀၀၊ ဦးသောင်းစိန်နှင့် ဒေါ်ဆန်းညွန့်မိသားစုတို့က ငွေကျပ် ၃၀၀၀၀ တို့ကို လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထို့ပြင် အလှူရှင်များမှ (OA-၀၁၁၈၃၄) စာရင်းသို့ တိုက်ရိုက်လှူဒါန်း ငွေကျပ် ၈၀၀၀၀၀ ကို လှူဒါန်းခဲ့သည်။ **(သတင်းစဉ်)**



## စာကြည့်တိုက်အတွက် အလှူငွေပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက် အလင်းရောင်စာကြည့်တိုက်အတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ဒုတိယပတ်က အဆိုပါ စာကြည့်တိုက်၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က စာကြည့်တိုက်နှင့် စာပေအကြောင်း သိကောင်းစရာများကို ပြောကြားသည်။

ထို့နောက် အလှူရှင်များက စာကြည့်တိုက်ရန်ပုံငွေအတွက် အလှူငွေနှင့် စာအုပ်များကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ဥက္ကဋ္ဌ ဦးသန်းဆိုင်က လက်ခံပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## သန်လျင်မြို့နယ် စာရေးဆရာအသင်း စာပေဟောပြောပွဲကျင်းပ

**သန်လျင် ဖေဖော်ဝါရီ ၁၈**

သန်လျင်မြို့နယ် စာရေးဆရာအသင်းက ကြီးမှူး၍ စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲကို ဖေဖော်ဝါရီ ၂၈ ရက်တွင် သန်လျင်မြို့ ရက်မြတ်မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ရုပ်ရှင်သရုပ်ဆောင် ဆွေဇင်ထိုက်၊ စာရေးဆရာ ဂီတာဖေဝင်းတို့က စာပေရေးရာများကို ဟောပြောကြမည်ဖြစ်သည်။ အဆိုပါအခမ်းအနားကို သန်လျင်မြို့နယ် စာရေးဆရာအသင်းမှ သက်ကြီးစာပေပညာရှင်များနှင့် သက်ကြီးကာတွန်းပညာရှင်များအား ပူဇော်ကန်တော့ပွဲ၊ စာအုပ်ဈေးရောင်းပွဲ၊ ကာတွန်းပြပွဲတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်မောင်ကျော့(ပလက်ဝ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၈-၂-၂၀၁၆

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၆၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၃၀၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

| | ရန်ကုန် |
|---|---|
| ဒီဇယ် | ၄၆၀/၄၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၀/၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀/၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၁၀/၅၂၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(လက်ကားဈေး)**

| | |
|---|---|
| ဒီဇယ် | ၇၉၀၀၀/၈၂၀၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၈၈၀၀၀/ ၉၂၀၀၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀ | - ၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀ | - ၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀ | - ၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀ | - ၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀ | - ၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀ | - ၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀ | - ၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀ | - ၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀ | - ၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀ | - ၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀ | - ၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀ | - ၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၃၄.၀ |
| ဥရောပ | တစ်ယူရို | ၁၃၇၃.၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၇၄.၄၅ |
| ထိုင်း | တစ်ဘတ် | ၃၄.၆၅၃ |
| အိန္ဒိယ | တစ်ရူပီး | ၁၈.၀၅ |
| တရုတ် | တစ်ယွမ် | ၁၈၉.၀၂ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၅.၀၆ |

ခင်ရတနာ-စုစည်းသည်။

# ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ပြည်ပဧည့်သည်များအား သီးခြားစီတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ဗြိတိန်နိုင်ငံ အောက်လွှတ်တော်ကိုယ်စားလှယ် Mr. Paul Scully ဦးဆောင်သော လွှတ်တော်ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းတည့် ၁၂ နာရီတွင် လည်းကောင်း၊ သြစတြေးလျနိုင်ငံ Australian Defence Force Academy မှ Professor Dr. Morten Pedersen အား ယနေ့မွန်းလွဲ ၂ နာရီတွင် လည်းကောင်း နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ အမျိုးသားလွှတ်တော်၊ အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ၊ လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ဦးမင်းဦး၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဗြိတိန်နိုင်ငံ အောက်လွှတ်တော်ကိုယ်စားလှယ် Mr. Paul Scully ဦးဆောင်သော လွှတ်တော်ကိုယ်စားလှယ်အဖွဲ့နှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

# ဘောကထရေအားလျှပ်စစ်စီမံကိန်းအား ဘီအိုတီစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး

နေပြည်တော် ဖေဖော်ဝါရီ ၁၈

**ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် ဘောကထချောင်းပေါ်၌ တည်ဆောက်မည့် ဘောကထရေအားလျှပ်စစ်စီမံကိန်းအား B.O.T စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် သူးလေကုမ္ပဏီလီမိတက်တို့အကြား နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၈ရက် နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (အောက်ပုံ)



အဆိုပါ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ဒုတိယဝန်ကြီး ဦးမော်သာထွေး၊ အမြဲတမ်းအတွင်းဝန်၊ ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာန/လုပ်ငန်းမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ သူးလေကုမ္ပဏီလီမိတက်မှ ဥက္ကဋ္ဌ ဦးစောတာဒိုမူးနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ အစီအစဉ်အရ လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးဆန်းနှင့် သူးလေကုမ္ပဏီလီမိတက်ဥက္ကဋ္ဌတို့က ဘောကထရေအားလျှပ်စစ်စီမံကိန်းအား B.O.T စနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နားလည်မှုစာချွန်လွှာ(MoU) ကို လက်မှတ်ရေးထိုးကြပြီး စာချုပ်များအပြန်အလှန်လဲလှယ်ကြသည်။

ဘောကထရေအားလျှပ်စစ်စီမံကိန်းသည် ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့၏ အရှေ့ဘက် ၁၀ မိုင်ခန့်အကွာ ဘောကထချောင်းပေါ်တွင် တည်ဆောက်မည့် စီမံကိန်းဖြစ်ကြောင်း သိရသည်။ စီမံကိန်းတည်ဆောက်ပြီးစီးပါက စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၁၆၀ ထွက်ရှိမည့် စီမံကိန်းတစ်ခုဖြစ်ပြီး လျှပ်စစ်ဓာတ်အားရရှိခြင်း မရှိသေးသော ကရင် ပြည်နယ်အတွက် များစွာအကျိုးရှိသော စီမံကိန်းတစ်ခုဖြစ်သည့်အပြင် စီမံကိန်းဒေသဖြစ်သည့် ပဲခူးတိုင်းဒေသကြီးအတွက်ပါ များစွာအကျိုးရှိကြောင်း သိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် ကရင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် မော်လမြိုင်-မြဝတီ ၂၃၀ ကေဗွီ ဓာတ်အားလိုင်း မိုင် ၈၀ တည်ဆောက်ခြင်း၊ မြဝတီ-ကော့ကရိတ် ၆၆ကေဗွီ ဓာတ်အားလိုင်း မိုင် ၄၀ တည်ဆောက်ခြင်း၊ ၂၃၀/၆၆/၁၁ ကေဗွီ ၂×၅၀ အမ်ဗွီအေ မြဝတီပင်မဓာတ်အားခွဲရုံတည်ဆောက်ခြင်း၊ ကော့ကရိတ် ဓာတ်အားခွဲရုံ ၆၆/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ကော့ကရိတ်ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းတို့ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပြီး ယခု MoU လက်မှတ်ရေးထိုးသည့် ဘောကထရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ပြီးစီးပါက ကရင်ပြည်နယ်ဒေသတစ်ခုလုံးအပြင် ပဲခူးတိုင်းဒေသကြီးနှင့် နိုင်ငံတော်အတွက် များစွာအကျိုးပြုသော စီမံကိန်းတစ်ခု ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မဲခေါင်ဒေသတွင်း ဝန်ကြီးအဆင့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းအဝေး ဗန်ကောက်မြို့၌ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

မဲခေါင်ဒေသတွင်းဝန်ကြီးအဆင့် လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ COMMIT (Coordinated Mekong Ministerial Initiative Against Trafficking) Task Force အစည်းအဝေးကို ဖေဖော်ဝါရီ ၁၈ ရက်မှ ၁၉ ရက်အထိ နှစ်ရက်ကြာ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပလျက်ရှိသည်။

အဆိုပါ အစည်းအဝေးသို့ မဲခေါင်ဒေသတွင်း ခြောက်နိုင်ငံမှ လူကုန်ကူးမှုဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြပြီး မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်ထွန်းနှင့် ပြည်ထောင်စု ရှေ့နေချုပ်ရုံးမှ ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်သီသီရွှေတို့ တက်ရောက်ကြသည်။

အစည်းအဝေးပွဲ ပထမနေ့တွင် နိုင်ငံတစ်နိုင်ငံချင်းအလိုက် Sub-Regional Plan of Action 4 (SPA-IV)မှ ရလဒ်နှစ်ခုစီရွေးချယ်၍ ၂၀၁၅ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့မှုနှင့် အောင်မြင်မှုများ၊ COMMIT လုပ်ငန်းစီမံချက်အား နိုင်ငံတစ်နိုင်ငံချင်းအလိုက် ဦးစားပေးဆောင်ရွက်ချက်များ၊ COMMIT Youth Forum နှင့် CSO Platform များနှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအကြောင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

SPA- IV (၂၀၁၄-၂၀၁၈)ကို UNIAP ၏ နောက်ဆက်တွဲစီမံကိန်းဖြစ်သည့် UN-ACT စီမံကိန်း အကူအညီဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး SPA-IV တွင် မူဝါဒ (Policy)၊ ကြိုတင်ကာကွယ်ရေး (Prevention)၊ ကာကွယ်စောင့်ရှောက်ရေး (Protection)၊ တရားစွဲဆိုရေး (Prosecution) နှင့် စောင့်ကြည့် စစ်ဆေးရေးနှင့် အကဲဖြတ်ရေး (Monitoring and Evaluation)ကဏ္ဍများ ပါရှိကြောင်း သိရသည်။

အစည်းအဝေးဒုတိယနေ့တွင် COMMIT Task Force Meeting နှင့် Senior Officer Meeting များကို ကျင်းပနိုင်ရေးစီစဉ်မှုများနှင့် လုပ်ငန်းစဉ်များ ပိုမိုအကျိုးရှိစေရန် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်မည်ကို စွမ်းဆောင်ရည်မြှင့်တင်ရေးအကဲဖြတ်အဖွဲ့နှင့် COMMIT Task Force များ၏ အကြံပြုချက်များကို အခြေခံ၍ရေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းနိုင်(လူကုန်တား)**

# မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးတွင် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးနိုင်မည့် စီမံကိန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဒေါ်စုစုလွင်သည် နယူးဇီလန်နိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန အာရှနှင့် အမေရိကဌာနတာဝန်ခံ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စ အန်ဒရီယာစမစ်အား ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် လည်းကောင်း၊ အမေရိကန်သံရုံး USAID မှ ပထမအတွင်းဝန် မစ္စတာ မစ်ချယ်ရိုနင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား မွန်းလွဲ ၂ နာရီတွင်လည်းကောင်း နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံရေးရာဆောင်အမှတ် I-1 ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ လွှတ်တော်ဆိုင်ရာလုပ်ငန်းများတွင် အားပေးကူညီဆောင်ရွက်မည့် ကိစ္စရပ်များကို လည်းကောင်း၊ USAID အဖွဲ့အနေဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးတွင် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးနိုင်မည့် စီမံကိန်းများနှင့်စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ကော်မတီအတွင်းရေးမှူးနှင့် ကော်မတီအဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# မီးလောင်ခဲ့သည့်မင်းဂံကျေးရွာအထက်တန်းကျောင်း(ခွဲ)၌ စာမေးပွဲများ ပုံမှန်ဖြေဆိုလျက်ရှိ

**မန္တလေး ဖေဖော်ဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး မင်းဂံကျေးရွာ အထက်တန်းကျောင်း(ခွဲ)၌ ဖေဖော်ဝါရီ ၁၇ ရက် ညနေ ၄ နာရီခန့်က ဝိုင်ယာရှော့ဖြစ်၍မီးလောင်ကျွမ်းခဲ့သော်လည်း စတုတ္ထတန်းနှင့် အဋ္ဌမတန်းစာမေးပွဲများကို ပုံမှန်စစ်ဆေးဖြေဆိုလျက်ရှိကြောင်း သိရသည်။

အဆိုပါ အထက်တန်းကျောင်း(ခွဲ)သည် အဆောင်လေးဆောင်ရှိသည့် နှစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး ယခုလောင်ကျွမ်းမှုကြောင့် ပင်မဆောင်တစ်ဆောင်သာဆုံးရှုံးသွားသဖြင့်ကျန်အဆောင်သုံးဆောင်၌ စတုတ္ထတန်းနှင့် အဋ္ဌမတန်းဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူဦးရေနှင့် အခန်းလုံလောက်စွာဖြေဆိုနိုင်ခဲ့ကြောင်း တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဒေါက်တာစိုးမြင့်ထွန်းကပြောသည်။ ယခုဖြေဆိုနေသည့် စတုတ္ထတန်းကို ဖေဖော်ဝါရီ ၁၉ ရက်နှင့် အဋ္ဌမတန်းကို ဖေဖော်ဝါရီ ၂၀ ရက်အထိ စစ်ဆေးသွားမည်ဖြစ်သည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ထူးခြားသည့် ညအပူချိန်

၁၈-၂-၂၀၁၆

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ထူးခြားသည့် ညအပူချိန်များမှာ ပင်လောင်းမြို့၌ ၅ ဒီဂရီစင်တီ ဂရိတ်၊ လွိုင်လင်မြို့၌ ၆ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့၊ ဟဲဟိုးမြို့နှင့် ပြင်ဦးလွင်မြို့တို့၌ ၈ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **(မြန်မာ့အလင်း)**



တိုက်ခိုက်ရေးသမားများလိုက်ပါ စောင့်ကြပ်လာသော ဆီးရီးယား အာရပ်ကြက်ခြေနီအသင်း အကူအညီပေးရေး ယာဉ်တန်းကို ဆီးရီးယားနိုင်ငံ အီဒစ်ပြည်နယ် အယ်ဖိုရာနှင့် ကဲဖရာယာကျေးရွာများအနီးတွင် ဖေဖော်ဝါရီ ၁၇ ရက်က တွေ့ရစဉ်။

## ကုလထောက်ပံ့ရေးယာဉ်တန်း စစ်ပွဲဖြစ်ပွားရာ ဆီးရီးယားသို့ ရောက်ရှိ

**ဒမတ်စကတ် ဖေဖော်ဝါရီ ၁၈**

အစိုးရနှင့် အတိုက်အခံအုပ်စုများကြား ပြင်းထန်သောတိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေချိန် ကုလသမဂ္ဂအဖွဲ့က ဆီးရီးယားနိုင်ငံသို့ လူသားချင်းစာနာမှု အကူအညီပေးအပ်ရန်အတွက် စတင်လုပ်ဆောင်နေပြီဖြစ်သည်။

အစားအစာနှင့် ဆေးပစ္စည်းများ သယ်ဆောင်လာသော ကုန်တင်ကားများသည် မြို့တော်ဒမတ်စကတ်အနီး မဒရာအနီးသို့ ဗုဒ္ဓဟူးနေ့က ရောက်ရှိလာခဲ့သည်။

ဆီးရီးယားအစိုးရက လူဦးရေ ၄၉၀၀၀၀ ရှိသော မြို့တော်ကို ခုနစ်ပုံတစ်ပုံခန့် ပြန်လည်သိမ်းပိုက်နိုင်ကြောင်း အတည်ပြုခဲ့သည်။ ယင်းဒေသများတွင် အငတ်ဘေးကြောင့် သေဆုံးသူ များပြားလာကြောင်း သတင်းများတွင်ဖော်ပြသည်။ ဆီးရီးယား၌ တစ်ပတ်အတွင်း အပစ်အခတ်ရပ်စဲရန်အတွက် နိုင်ငံပေါင်း ၁၇ နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများ၊ ကုလသမဂ္ဂကိုယ်စားလှယ်များနှင့် အခြားအဖွဲ့အစည်းများက လွန်ခဲ့သော အပတ်က သဘောတူခဲ့ကြသည်။

သို့သော်လည်း ရုရှားလေကြောင်း ပစ်ကူမှု နှင့်အတူ အစိုးရတပ်ဖွဲ့များက သူပုန်ထိန်းချုပ်နယ်မြေများကို ပြန်လည်ရရှိရေး ထိုးစစ်ဆင်တိုက်ခိုက်မှုများ အရှိန်မြှင့်တင်လုပ်ဆောင်နေကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

### သမ္မတအိုဘားမား ကျူးဘားသို့ သမိုင်းဝင်ခရီးသွားရောက်မည်

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၈**

အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် စစ်အေးကာလ ကြာရှည်စွာ ရန်သူဖြစ်ခဲ့သော ကျူးဘားနိုင်ငံသို့ သမ္မတသက်တမ်းနောက်ဆုံးနှစ်ကာလတွင် သမိုင်းဝင်ခရီးအဖြစ် လာမည့်သီတင်းပတ်များအတွင်း သွားရောက်လည်ပတ်လိမ့်မည်ဖြစ်ကြောင်း၊ အမေရိကန်အစိုးရ ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ပြောသည်။

အိမ်ဖြူတော်က ကြာသပတေးနေ့တွင် အဆိုပါခရီးစဉ်ကို ကြေညာရန် စီစဉ်လျက်ရှိသည်။ သမ္မတ၏ အဆိုပါကျူးဘားခရီးစဉ်သည် လက်တင်အမေရိကတိုက်၏ အစိတ်အပိုင်းဖြစ်သည်ဟုလည်း ဆိုသည်။ **(ဆင်ဟွာ)**

### အိန္ဒိယနိုင်ငံတွင် လာမည့် ငါးနှစ်အတွင်း အာကာသခရီးစဉ် ၁၂ ခု နှစ်စဉ်ပြုလုပ်ရန် စီစဉ်

**နယူးဒေလီ ဖေဖော်ဝါရီ ၁၈**

အိန္ဒိယနိုင်ငံအနေဖြင့် လာမည့်ငါးနှစ်တွင် အာကာသစူးစမ်းလေ့လာရေး ခရီးစဉ်အနည်းဆုံး ၁၂ခုကို နှစ်စဉ်နှစ်တိုင်းပြုလုပ်နိုင်ရန် စီစဉ်လျက်ရှိကြောင်း နိုင်ငံပိုင်အာကာသစခန်းမှ ထိပ်တန်းအရာရှိတစ်ဦးကပြောသည်။ လွန်ခဲ့သော ငါးနှစ်အတွင်းက အာကာသခရီးစဉ် ၅၅ခုကို ပြုလုပ်ခဲ့ကြောင်း၊ လာမည့် ငါးနှစ်အတွင်း တစ်နှစ်လျှင် အာကာသခရီးစဉ် ၁၂ခု ထိပြုလုပ်နိုင်ရန်ရည်ရွယ်ထားကြောင်း အိန္ဒိယအာကာသသုတေသနအဖွဲ့မှ ဝိုင်ဗွီအမ်ခရစ်နာမာသီက ပြောခဲ့သည်။

အာကာသအေဂျင်စီ၏ဘတ်ဂျက်သည် ယခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ဘီလီယံနီးပါးရှိသောကြောင့် အာကာသခရီးစဉ်နှစ်ခုကို ယခုနှစ်အတွက် ပြုလုပ်ခဲ့ပြီးဖြစ်ကာ နောက်ထပ်အာကာသခရီးစဉ်နှစ်ခုကို လာမည့်လတွင်ပြုလုပ်သွားဖွယ်ရှိကြောင်း ၎င်းကပြောကြားခဲ့သည်။

**(ဆင်ဟွာ)**

### မြို့တော်ဒေလီအလယ်ပိုင်းရှိ ဆင်းရဲသားရပ်ကွက် မီးလောင်

**နယူးဒေလီ ဖေဖော်ဝါရီ ၁၈**

အိန္ဒိယနိုင်ငံမြို့တော်ဒေလီအလယ်ပိုင်း ဆင်းရဲသား ရပ်ကွက်တစ်ခု မီးလောင်သွားကြောင်း ဆင်ဟွာသတင်းဌာနကဖော်ပြသည်။ မီးလောင်ရာသို့ အနည်းဆုံး မီးသတ်ကား ခြောက်စီးရောက်လာပြီး မီးများငြိမ်းသတ်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။ သို့သော်လည်း မီးလောင်မှုကြောင့် သေဆုံးပျက်စီးသည့် သတင်းဖော်ပြချက် တစ်စုံတစ်ရာမရှိသေးကြောင်း သိရသည်။

**(ဆင်ဟွာ)**

## တူရကီမြို့တော်စစ်ဌာနချုပ်အနီး ကားဗုံးခွဲတိုက်ခိုက် အနည်းဆုံး ၂၈ ဦး သေဆုံးပြီး ၆၁ ဦး ဒဏ်ရာရရှိ

**အန်ကာရာ ဖေဖော်ဝါရီ ၁၈**

တူရကီနိုင်ငံမြို့တော် အန်ကာရာ၌ ဗုဒ္ဓဟူးနေ့က ဖောက်ခွဲရေးပစ္စည်းများ တင်ဆောင်လာသော ကားဗုံးခွဲတိုက်ခိုက်မှုတစ်ရပ် တူရကီတပ်ဖွဲ့ဌာနချုပ်အနီး၌ ဖြစ်ပွားခဲ့ရာ ၂၈ ဦးသေဆုံးပြီး ဒါဇင်ပေါင်းများစွာ ဒဏ်ရာရရှိခဲ့ကြောင်းရိုက်တာသတင်းတွင် ဖော်ပြသည်။

အဆိုပါတိုက်ခိုက်မှုသည် ဘတ်စ်ကားများအား ပစ်မှတ်ထားတိုက်ခိုက်မှုဖြစ်ခြင်းကြောင့် စိုးရိမ်ပါကြောင်း တူရကီစစ်ဘက်က ပြောသည်။

ယင်းတိုက်ခိုက်မှုသည် တူရကီအနေဖြင့် အိမ်နီးချင်းဆီးရီးယားစစ်ပွဲအတွင်းပါဝင်လာရန် ကြိုးစားနေချိန်လွန်ခဲ့သောနှစ်က အိုင်အက်စ်တို့အားဗုံးကြဲတိုက်ခိုက်မှုများ အဆက်မပြတ် ဖြစ်ပွားခဲ့ပြီးနောက် နောက်ဆုံးဖြစ်ပွားသော တိုက်ခိုက်မှုဖြစ်သည်။

တူရကီအနေဖြင့် ယင်းတိုက်ခိုက်မှုအပေါ် နောက်ကွယ်မှ လှုပ်ရှားမှုများကို ဖော်ထုတ်ရှင်းလင်းသွားရန်ဆုံးဖြတ်ထားကြောင်း သမ္မတ တေရစ်အာဒိုဂန်က ပြောသည်။

ယင်းတိုက်ခိုက်မှုကြောင့် တပ်ဖွဲ့နှင့်အရပ်သားများ အပါအဝင် ၂၈ ဦးသေဆုံးကာ ၆၁ ဦး ဒဏ်ရာရရှိသွားကြောင်း ဒုတိယဝန်ကြီးချုပ်၏ ပြောရေးဆိုခွင့်ရှိသူ နုမန်းကာတူမတ်က ပြောသည်။ **(ရိုက်တာ)**



ဖေဖော်ဝါရီ ၇ ရက် အန်ကာရာပေါက်ကွဲမှုဖြစ်ပြီး မီးသတ်သမားများက မီးငြိမ်းသတ်ရန် ကြိုးစားနေစဉ်။



မြောက်ကိုရီးယား တပ်ဖွဲ့ဝင်များက (၆၂)နှစ်မြောက် ကိုရီးယားစစ်ပွဲ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်လာသော တောင်ကိုရီးယားနှင့် ကုလသမဂ္ဂမှအရာရှိများကို စောင့်ကြည့်နေစဉ်။

## မြောက်ကိုရီးယားက အကြမ်းဖက်မှုများပြုလုပ်ရန်ပြင်ဆင်နေကြောင်း တောင်ကိုရီးယား ထောက်လှမ်းရေး သတင်းပေး

**ဆိုးလ် ဖေဖော်ဝါရီ ၁၈**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းက အကြမ်းဖက်တိုက်ခိုက်မှုအတွက် ကြိုတင်ပြင်ဆင်ထားကြရန် ကြေညာပြီးနောက် တောင်ကိုရီးယားနိုင်ငံသည် လုံခြုံရေးများကို ပိုမိုတင်းကျပ်ထားကြောင်း သိရသည်။

တောင်ကိုရီးယားအာဏာရပါတီမှ ထိပ်တန်းခေါင်းဆောင်များနှင့် အမျိုးသားထောက်လှမ်းရေးအဖွဲ့တို့သည် မြောက်ကိုရီးယား၏ ဒုံးကျည်ပစ်လွှတ်ခြင်းကိုဆွေးနွေးရန် ကြာသတေးနေ့ကတွေ့ဆုံခဲ့ကြသည်။ မြောက်ကိုရီးယားထောက်လှမ်းရေးဗျူရိုအဖွဲ့ချုပ်က အကြမ်းဖက်မှုများနှင့် ဆိုက်ဘာတိုက်ခိုက်မှုများကို ပြုလုပ်ရန် ပြင်ဆင်နေကြောင်း ထောက်လှမ်းရေးလျှို့ဝှက်သတင်းပေးချက်တစ်ခုကိုလည်း တောင်ကိုရီးယားအာဏာရပါတီထိပ်တန်းခေါင်းဆောင်များနှင့် အမျိုးသားထောက်လှမ်းရေးအဖွဲ့တို့က တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် တောင်ကိုရီးယားအစိုးရထိပ်တန်းအရာရှိများအပါအဝင် မြောက်ကိုရီးယားဆန့်ကျင်သူများ၊ ပြည်ပြေးများကို ဦးတည်ချက်ထားတိုက်ခိုက်မည်ဖြစ်ကြောင်းသိရသည်။ ထို့အပြင် မြေအောက်ရထားများ၊ ဈေးဝယ်စင်တာကြီးများ၊ ဖျော်ဖြေရေးအဆောက်အအုံများနှင့် အခြားအဆောက်အအုံများကို ဦးတည်ချက်ထားတိုက်ခိုက်သွားမည်ဖြစ်သည်။ **(အင်န်အိတ်ချ်ကေ)**

# နေပြည်တော်ရှိ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ တည်ဆောက်ရေးစီမံကိန်း ၄၅ ရာခိုင်နှုန်းခန့်ပြီးစီး

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

အငြိမ်းစားတပ်မတော်သားမိသားစုဝင်များ၊ အကြောင်းအမျိုးမျိုးကြောင့် တိုင်းပြည်အတွက် အသက်စွန့်ခဲ့ကြသော စစ်သည်များ၏ကျန်ရစ်သူမိသားစုများနှင့် နိုင်ငံတော်နှင့်တပ်မတော်အတွက် ပေးဆပ်ခဲ့ကြသူများကို စောင့်ရှောက်ရန် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရွှေကြာပင်လမ်းနှင့် ရတနာမဥ္ဇူလမ်းဆုံ၌ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာကို ဆောက်လုပ်လျက်ရှိသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကိုသွားရောက်ကြည့်ရှုကြရာ **(ယာပုံ)**စီမံကိန်းရှင်းလင်းဆောင်၌ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကြီးအောင်မြင့်က ရိပ်သာအဆောက်အအုံနှင့် အုပ်ချုပ်မှုအဆောက်အအုံများဆောက်လုပ်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ကရုဏာကမ္ဘာဘိုးဘွားရိပ်သာစောင့်ရှောက်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးထွန်းကြည်(အငြိမ်းစား)က ဘိုးဘွားများနေထိုင်ရေးနှင့် စားသောက်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဖြည့်စွက်ရှင်းလင်းသည်။

ရှင်းလင်းတင်ပြမှုအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က



တည်ဆောက်ရေးလုပ်ငန်းများကို ထိထိရောက်ရောက်ဖြင့် ပြီးမြောက်အောင်ကြပ်မတ်ဆောင်ရွက်ရန်၊ အရိပ်ရပင်များစတင်စိုက်ပျိုးရန်နှင့် ရိပ်သာတွင်နေထိုင်မည့် ဘိုးဘွားများ၏ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်နိုင်ရန် လူနာတင်ယာဉ်၊ ဆရာဝန်၊ သူနာပြုများနှင့်ဆေးဝါးများ ဖြည့်ဆည်းဆောင်ရွက်ပေးမည့်အခြေအနေများကို ပြောကြားသည်။

ကရုဏာကမ္ဘာဘိုးဘွားရိပ်သာတည်ဆောက်ရေးစီမံကိန်းကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၇ ရက်က စတင်ဆောင်ရွက်ခဲ့ရာ လုပ်ငန်းတစ်ခုလုံး၏ ၄၅ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ်လုံးဆိုင်ရာ သုခိတကမ္ဘောဇသာသနာ့ဗိမာန်တော်ဖွင့်ပွဲ အခမ်းအနားကျင်းပ



**တံတားဦး ဖေဖော်ဝါရီ ၁၈**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်တို့သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်း၌ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် တံတားဦးမြို့၌ အလှူရှင်ကမ္ဘောဇ ဘဏ်လီမိတက်ဥက္ကဋ္ဌ မိသားစုနှင့် စေတနာရှင်များပါဝင်လှူဒါန်းမှုဖြင့် သာသနာတော်ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နိုင်ရန် တည်ဆောက်ပြီးစီးသွားသော မြို့နယ်လုံးဆိုင်ရာ သုခိတကမ္ဘောဇသာသနာ့ဗိမာန်တော်ဖွင့်ပွဲ အခမ်းအနားနှင့် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက မင်္ဂလာအချိန်တွင် မြို့နယ်လုံးဆိုင်ရာ သုခိတကမ္ဘောဇ သာသနာ့ဗိမာန်တော် ကမ္ပည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ **(ဝဲပုံ)**

ထို့နောက် မြို့နယ်လုံးဆိုင်ရာ သုခိတကမ္ဘောဇ သာသနာ့ဗိမာန်တော်တွင် ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားကို ဆက်လက်ကျင်းပရာ မန္တလေးမြို့ ရတနာသိင်္ဂီ ဒိုက်ဦးကျောင်းဆရာတော် ဘဒ္ဒန္တဇောတိကာဘိဝံသထံမှ ဥဩ့ပရိသတ်အပေါင်းက ငါးပါးသီလ ခံယူဆောက်တည်ကြကာ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားချီးမြှင့်တော်မူသည့်အန္တရာယ်ကင်း ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ဆက်လက်၍ တံတားဦးမြို့ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီအဖွဲ့ဝင် ဦးရဲလင်းသူက ဗိမာန်တော်ကြီးနှင့် စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားတင်ပြသည်။ ထို့နောက် သုခိတကမ္ဘောဇသာသနာ့ဗိမာန်တော်ကြီးနှင့် စပ်လျဉ်း၍ အလှူရှင်က တိုင်းဒေသကြီး သာသနာရေးမှူး ဦးနိုင်အောင်မိုးထံသို့ လွှဲပြောင်းပေးအပ်ပြီး ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အလှူရှင်မိသားစုနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား ဆက်ကပ်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး တံတားဦးမြို့ မေဃဝန်ဘုန်းတော်ကြီးကျောင်းတိုက်၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တကေသရထံမှ ရေစက်ချအနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။ ယင်းနောက် သံဃာတော် အရှင်သူမြတ်တို့အား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# နစ်ဆန်းမော်တော်ယာဉ် ပဲခူးတိုင်းဒေသကြီး၌ တပ်ဆင်ထုတ်လုပ်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ဂျပန်နိုင်ငံ၏ မော်တော်ယာဉ်ကုန်အမှတ်တံဆိပ် တစ်ခုဖြစ်သည့် နစ်ဆန်းမော်တော်ယာဉ်များကို မြန်မာနိုင်ငံတွင် တပ်ဆင်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

နစ်ဆန်းကုမ္ပဏီသည် ဂျပန်နိုင်ငံ၏ ဒုတိယအကြီးဆုံးမော်တော်ယာဉ်ထုတ်လုပ်ရောင်းချသည့် စက်ရုံဖြစ်ပြီး စတင်တပ်ဆင်ထုတ်လုပ်ချိန်တွင် တစ်နှစ်လျှင် မော်တော်ယာဉ်အစီးရေ ၁၀၀၀၀ ခန့် စတင်ထုတ်လုပ်သွားမည်ဖြစ်ကာ လူကြိုက်များပြီး မြန်မာနိုင်ငံနှင့် ကိုက်ညီစေမည့် အိမ်စီးဆန်နီကားများ စတင်ထုတ်လုပ်မည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားသည်။

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရွှေဝါထွန်းဟိုတယ်၌ ဖေဖော်ဝါရီ ၁၇ ရက်က ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စက်ရုံအလုပ်ရုံများ တည်ဆောက်ရေးလုပ်ငန်း ကြီးကြပ်ရေးကော်မတီနှင့်Tan Choung Motor (Myanmar)ကုမ္ပဏီ၊ APM Auto Components Myanmar ကုမ္ပဏီတို့ မြေငှားစာချုပ်ကို ချုပ်ဆိုခဲ့ကြောင်းသိရသည်။

စီးပွားရေး အခွင့်အလမ်းများ ပွင့်လင်းလာပြီးနောက် နစ်ဆန်း အရောင်းပြခန်းကို ဖွင့်လှစ်ကာ နစ်ဆန်းအမှတ်တံဆိပ် X-Trail ပြိုင်ကားများနှင့် Altima Sedan များကို ၂၀၁၃ ခုနှစ်ကတည်းက စတင်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ယခုအခါ မလေးရှားအခြေစိုက် Tan Choung Motor ဖြင့် အကျိုးတူပူးပေါင်းကာ ပဲခူးတိုင်းဒေသကြီးအတွင်း လုပ်ငန်းလာရောက်ထူထောင်ခြင်းကြောင့် ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာမည်ဖြစ်သည့်အပြင် တိုင်းဒေသကြီး၏ စီးပွားရေးထုတ်ကုန်တန်ဖိုးလည်း မြင့်တက်လာမည်ဖြစ်သောကြောင့် အရည်အသွေးနှင့် နိုင်ငံတကာနာမည်အရ ကုန်စည်များလာရောက်အခြေစိုက်ခြင်းကို ဂုဏ်ယူကြောင်း တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်းက ပြောကြားသည်။

ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် အစိုးရအဖွဲ့တာဝန်ရှိသူများက တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် မလေးရှားသံအမတ်ကြီး Mr. Mohamad Haniff Abdul Rahman တို့ရှေ့၌ လက်မှတ်ရေးထိုးခဲ့ကြပြီး လုပ်ငန်းများကို ယခုနှစ်အတွင်း စတင်နိုင်ရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**စိန့်ရှင်**

နစ်ဆန်းကုမ္ပဏီ၏ သတင်းထုတ်ပြန်ချက်တွင်လည်း နှစ်စဉ် မော်တော်ယာဉ်အစီးရေ ၁၀၀၀ နှင့်အထက် ရောင်းချရန်အတွက် မျှော်လင့်ထားပြီးယခုကဲ့သို့ လာရောက်အခြေစိုက်ရခြင်းမှာ မြန်မာနိုင်ငံသည် မော်တော်ယာဉ်လိုအပ်ချက်ရှိနေသေးသည့်အတွက် ဈေးကွက်ချဲ့ထွင်ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။ ထို့အပြင် နစ်ဆန်းမော်တော်ယာဉ်၏ သတင်းထုတ်ပြန်ချက်အရ မြန်မာလုပ်သားများကို ခန့်အပ်သွားမည်ဖြစ်ပြီး အလုပ်သမား ၃၀၀ ခန့် စတင်ခန့်အပ်ရန် လျာထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## ရေလမ်းအကောက်စခန်းများ ဖွင့်လှစ်မည်

၁။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြစ်ချောင်းရေလမ်းကြောင်းများတွင် ရေယာဉ်များ ချောမွေ့စွာ ခုတ်မောင်းနိုင်ရေးအတွက် ရေကြောင်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ပို့ဆောင်ရေးဝန်ကြီးဌာန၏လမ်းညွှန်ချက်နှင့်အညီ စီမံချက်များချမှတ်၍ လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးနည်းဥပဒေ အပိုဒ် ၈၉ ပါ ပြဋ္ဌာန်းထားရှိချက်အရ ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ရေလမ်းကြောင်းတွင် သွားလာနေသည့်ရေယာဉ်များအား ရေလမ်းကြောင်းဖြတ်သန်းခများကို ကောက်ခံသွားရန် ကလေးဝမြို့(ချင်းတွင်းမြစ်) ရေလမ်းအကောက်စခန်းကို ၂၂-၂-၂၀၁၆ ရက်နေ့တွင်လည်းကောင်း၊ ကသာမြို့(ဧရာဝတီမြစ်) ရေလမ်းအကောက်စခန်းကို ၁-၃-၂၀၁၆ ရက်နေ့တွင်လည်းကောင်း ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

၃။ ရေလမ်းကြောင်းအား အသုံးပြုသွားလာနေကြသော ရေယာဉ်များသည် အကောက်စခန်းများတွင် ရေလမ်းကြောင်း အသုံးပြုခများကို ပို့ဆောင်ရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်အတွင်း ရေလမ်းအသုံးပြုခနှုန်းထားများ သတ်မှတ်ထားသည့်အတိုင်း အပျက်မကွက်ပေးဆောင်ကြရန် ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင်လည်းကောင်း၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ Website (www.dwir.gov.mm) တွင် လည်းကောင်း စုံစမ်းကြည့်ရှုနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

## ညအပူချိန်များ တိုးလာနိုင်

**နေပြည်တော်၊ ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ညအပူချိန်များ တိုးလာနိုင်သည်။** (မိုး/ဇလ)

# ရွေးကောက်ပွဲကုန်ကျစရိတ်ငွေစာရင်း တင်သွင်းမှုများအကြောင်းသိကောင်းစရာ

မောင်စာဂ

***၂၀၁၅ခုနှစ် အထွေထွေရွေးကောက်ပွဲကြီးကို ဥပဒေနှင့်အညီ လွတ်လပ်စွာ၊ တရားမျှတစွာ၊ ပွင့်လင်းမြင်သာစွာတို့ဖြင့် အောင်မြင်စွာကျင်းပခဲ့ ပြီးဖြစ်သည်။ ယခုအခါနေပြည်တော် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံးကြီးတွင် ရွေးကောက်ပွဲကုန်ကျစရိတ်ငွေစာရင်းတင်သွင်းရန်ပျက်ကွက်သည့် မှုခင်းများ၊ အနိုင်ရလွှတ်တော်ကိုယ်စားလှယ်အား ၄င်းနှင့်ယှဉ်ပြိုင်သည့် ရှုံးနိမ့်လွှတ်တော်ကိုယ်စားလှယ်က ကန့်ကွက်လွှာတင်သွင်းသည့် ရွေးကောက်ပွဲ ကန့်ကွက်လွှာ မှုခင်းများကို နေ့စဉ်စစ်ဆေးကြားနာလျက်ရှိသည်။***

ယင်းသို့ စစ်ဆေးကြားနာနေခြင်းကို စိတ်ဝင်စားသူများ၊ လေ့လာသိရှိလိုသူများ၊ သတင်းမီဒီယာများမှ ပုဂ္ဂိုလ်များ၊ ပြည်ပအဖွဲ့အစည်းအချို့မှ ပုဂ္ဂိုလ်များ နေ့စဉ်လာရောက်လေ့လာလျက်ရှိကြသည်။ အနည်းဆုံး ၁၀ ဦးမှ အများဆုံး ၂၀ ခန့်အထိရှိကြသည်။ ကန့်ကွက်လွှာတင်သွင်းသူဘက်မှ ပုဂ္ဂိုလ်များ၊ ကန့်ကွက်လွှာတင်သွင်းခံရသူဘက်မှပုဂ္ဂိုလ်များနှင့် ဆိုလျှင် ဦးရေ ၃၀ ခန့်ရှိသည်။ ရွေးကောက်ပွဲခုံအဖွဲ့များ စစ်ဆေးကြားနာသည့် ရုံးခန်းများထဲတွင် လူငါးယောက်ခန့်ထိုင်နိုင်သည့် ခုံတန်းလျား ၁၀ လုံးခန့် စနစ်တကျစီစီရီရီခင်းကျင်းထားပေးသည်။ စစ်ဆေးကြားနာသည့် ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပွင့်လင်းမြင်သာစွာ စစ်ဆေးကြားနာကြသည်။ လာရောက်လေ့လာသူများကလည်း စိတ်ဝင်တစားဖြင့် ကြည့်ရှုလေ့လာကြပြီး မှတ်သားသင့်သည်များကို ယင်းတို့၏မှတ်စုစာအုပ်များတွင် မှတ်သားလျက်ရှိကြခြင်းတို့ကြောင့် စိတ်ဝင်စားဖွယ်ရာ မြင်ကွင်းတစ်ခုကို တွေ့နေရသည်။

လေ့လာသူအချို့က ရွေးကောက်ပွဲဆိုင်ရာကုန်ကျစရိတ် ငွေစာရင်းတင်သွင်းရန် ပျက်ကွက်သည့် မှုခင်းများနှင့် ရွေးကောက်ပွဲကန့်ကွက်လွှာမှုခင်းများ စစ်ဆေးကြားနာခြင်းနှင့် စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းများကို သိရှိလို၍ အလျဉ်းသင့်လျှင် ရှင်းလင်းဆွေးနွေးပေးစေလိုကြောင်း ပြောကြားလာသည်။ သို့ဖြစ်၍ ပထမဦးစွာ ရွေးကောက်ပွဲဆိုင်ရာ ကုန်ကျစရိတ် ငွေစာရင်းတင်သွင်းရန် ပျက်ကွက်သည့်မှုခင်းများ၏ စစ်ဆေးကြားနာပုံများကို ခေတ်အဆက်ဆက်လေ့လာသိရှိရသမျှအကျဉ်းချုံး၍ ရေးသားလိုက်ရပါသည်။

**ရွေးကောက်ပွဲကုန်ကျစရိတ်ငွေစာရင်းတင်သွင်းခြင်း**

၁။ ပါတီစုံအထွေထွေရွေးကောက်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင် အရွေးခံကြသော လွှတ်တော် ကိုယ်စားလှယ်လောင်းများသည် ရွေးကောက်ပွဲကာလ မဲဆွယ်စည်းရုံးရာ၌ ငွေကြေးမည်မျှ သုံးစွဲရမည်၊ ငွေစာရင်းစာအုပ်များကို မည်သို့မည်ပုံထားရှိရမည်၊ မည်သို့မည်ပုံ ရေးသွင်းရမည်၊ ရွေးကောက်ပွဲကျင်းပပြီးနောက် သတ်မှတ်ထားသည့်အတိုင်း ငွေစာရင်းများပြုစုပြီး သတ်မှတ်ထားသော ကာလအပိုင်းအခြားအတွင်း သတ်မှတ်ထားသော အဖွဲ့အစည်း၊ ပုဂ္ဂိုလ်ထံတင်သွင်းကြရသည်။

ငွေစာရင်းများ မထားရှိခြင်း၊ ထားရှိသော်လည်း သတ်မှတ်ထားသည့်အတိုင်း ငွေစာရင်းတင်သွင်းရန်ပျက်ကွက်ခြင်း၊ တင်သွင်းသော်လည်း သတ်မှတ်ထားသည်ထက် ပို၍သုံးစွဲခြင်း၊ မှန်မှန်ကန်ကန် မသုံးစွဲခြင်း၊ မှန်ကန်စွာ ဖြည့်သွင်းရေးသားမှုမပြုခြင်းတို့ကြောင့် သတ်မှတ်ထားသည့်အတိုင်း အရေးယူမှုခံကြရသည်။ နောက်ကျင်းပမည့် ရွေးကောက်ပွဲများတွင် သတ်မှတ်ကာလအပိုင်းအခြားအတွင်း၌ ဝင်ရောက်ယှဉ်ပြိုင်နိုင်ခွင့်မရှိသူ၊ အရည်အချင်းပျက်ယွင်းသူဟု ကြေညာခြင်းခံကြရသည်။ ရွေးကောက်ပွဲ၌ မိမိအနိုင်ရရှိစေကာမူ ယင်းအချက်များကြောင့် ကန့်ကွက်လွှာ တင်သွင်းခြင်းကိုခံရပြီး မိမိအနိုင်ရရှိသည်မှ ရှုံးနိမ့်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအဖြစ်သို့ ရောက်ရှိသွားနိုင်သည်။ ရာဇသတ်ကြီး အက်ဥပဒေပုဒ်မ၇၁ (ဈ) တွင်လည်း ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ငွေစာရင်းပြုလုပ်ထားရှိရမည်ဟု ပြဋ္ဌာန်းထားသဖြင့် ငွေစာရင်း ပြုလုပ်မထားလျှင် ယင်းဥပဒေပုဒ်မအရပင် တရားစွဲဆိုခံရပြီး ပြစ်ဒဏ်စီရင်ခြင်း ခံရနိုင်ပါသည်။ ဤသည်တို့မှာ အထူးမှတ်သားရဖွယ် အချက်များဖြစ်တော့သည်။

> **ငွေစာရင်းများ မထားရှိခြင်း၊ ထားရှိသော်လည်း သတ်မှတ်ထားသည့်အတိုင်း ငွေစာရင်းတင်သွင်းရန် ပျက်ကွက်ခြင်း၊ တင်သွင်းသော်လည်း သတ်မှတ်ထားသည်ထက် ပို၍သုံးစွဲခြင်း၊ မှန်မှန်ကန်ကန် မသုံးစွဲခြင်း၊ မှန်ကန်စွာ ဖြည့်သွင်းရေးသားမှုမပြုခြင်းတို့ကြောင့် သတ်မှတ်ထားသည့်အတိုင်း အရေးယူမှုခံကြရသည်။**

**ပါလီမန်ခေတ်**

ပြည်သူ့လွှတ်တော်နှင့် လူမျိုးစုလွှတ်တော်များအတွက် ရွေးကောက်ပွဲကျင်းပသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် မဲဆွယ်စည်းရုံးစဉ်ကာလအတွင်း ငွေကျပ် တစ်သောင်းငါးထောင်အထိ သုံးစွဲခွင့်ရှိသည်။ ရွေးကောက်ပွဲကျင်းပပြုလုပ်ပြီးနောက် သက်ဆိုင်ရာ အရွေးခံသူများကို ကြေညာသည့်နေ့မှစ၍ ၃၅ရက်အတွင်းတွင် ကုန်ကျစရိတ် ငွေစာရင်းကို ရွေးကောက်ပွဲတာဝန်ခံအရာရှိထံ တင်သွင်းကြရသည်။ ပုံစံ(၂၀)ဖြင့် တင်သွင်းရန်သတ်မှတ်ထားသည်။ ရွေးကောက်ပွဲတာဝန်ခံအရာရှိက ငွေစာရင်းတင်သွင်းလွှာများရရှိလျှင် စိစစ်၍ ယင်း၏တွေ့ရှိချက်၊ သဘောထားမှတ်ချက်များနှင့်အတူ နိုင်ငံတော်သမ္မတက ခန့်အပ်ထားသော အစိုးရအတွင်းဝန်ထံ အစီရင်ခံတင်ပြရသည်။ ထိုအစီရင်ခံစာတွင် အရွေးခံသူများနှင့် ရွေးကောက်ပွဲကိုယ်စားလှယ်များ၏ အမည်များနှင့်တကွ အဆိုပါကုန်ကျစရိတ်ငွေစာရင်းများကို ထိုသူတို့က တင်လျှင်တင်ကြောင်း၊ မတင်လျှင် မတင်ကြောင်း၊ အကယ်၍ တင်လျှင် မည်သည့် နေ့ရက်၌ တင်ကြောင်းတို့ကို ဖော်ပြရသည်။ ထို့အပြင် အက်ဥပဒေနှင့် နည်းဥပဒေများ၌ သတ်မှတ်ထားသောအချိန်နှင့် ပြဋ္ဌာန်းချက်များအတိုင်း တင်သွင်းခြင်းမပြုဟုထင်မြင်သော ရွေးကောက်ပွဲကုန်ကျစရိတ်ငွေစာရင်းများကိုလည်း ဖော်ပြရသည်။ နိုင်ငံတော်သမ္မတသည် ရွေးကောက်ပွဲ တာဝန်ခံအရာရှိ၏အစီရင်ခံစာကို စဉ်းစားပြီးနောက် အရွေးခံသူသည် သို့မဟုတ် ထိုသူ၏ ရွေးကောက်ပွဲ ကိုယ်စားလှယ်





သည် ရွေးကောက်ပွဲကုန်ကျစရိတ်ငွေစာရင်းကို အက်ဥပဒေနှင့်နည်းဥပဒေများ၌ သတ်မှတ်ထားသောအချိန်နှင့် ပြဋ္ဌာန်းချက်များအတိုင်းတင်သွင်းရန် ပျက်ကွက်သည်ဟု ဆုံးဖြတ်လျှင် ထိုသူနှစ်ဦးစလုံးသည် အက်ဥပဒေရှိ အခန်း(၅)၊ ပုဒ်မ ၅၄ အရ အရည်အချင်းပျက်ယွင်းသူအဖြစ် ရောက်ရှိသွားသည်။ အရည်အချင်းပျက်ယွင်းသူဖြစ်သွားလျှင် ထိုသူတို့သည် ကုန်ကျစရိတ် ငွေစာရင်းတင်သွင်းရမည့်နေ့မှစ၍ ငါးနှစ်ကာလအတွင်း ရွေးကောက်ပွဲတွင် မဲပေးရန် အရည်အချင်းပျက်ယွင်းစေသူဖြစ်သွားပါသည်။

**မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်**

တစ်ပါတီစနစ်ကိုသာကျင့်သုံးသည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသည် နိုင်ငံတော်၏တစ်ခုတည်းသောပါတီဖြစ်သည်။ ပြည်သူ့လွှတ်တော်အတွက် ကိုယ်စားလှယ်များ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးပြည်သူ့ကောင်စီ၊ မြို့နယ်ပြည်သူ့ကောင်စီ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စုပြည်သူ့ကောင်စီ အသီးသီးအတွက် ကိုယ်စားလှယ်များကို ရွေးကောက်ပွဲများကျင်းပ၍ ရွေးချယ်တင်မြှောက်သည်။ တစ်ပါတီတည်းဖြစ်သည့်အတွက် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ပါတီနှင့် မြို့နယ်ပါတီယူနစ်များ၏ ဦးဆောင်မှုဖြင့် ကိုယ်စားလှယ်များကို ရွေးချယ်တင်မြှောက်သည်။ ယှဉ်ပြိုင်အရွေးခံသည့်ကိုယ်စားလှယ်များမရှိခဲ့ပါ။ မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်အားလုံး၏ ထက်ဝက်ကျော်က လာရောက်မဲပေးလျှင် ရွေးချယ်တင်မြှောက်ပွဲ အထမြောက်သည်။ လာရောက်မဲပေးသူအားလုံး၏ ထက်ဝက်ကျော်က ထောက်ခံဆန္ဒမဲပေးလျှင် ရွေးချယ်တင်မြှောက်ခြင်း အထမြောက်သည်။ ငွေစာရင်းများတင်သွင်းရန် ပျက်ကွက်ခြင်းနှင့် စပ်လျဉ်း၍ အရည်အချင်းပျက်ယွင်းသူအဖြစ် သတ်မှတ်သည့်ပြဋ္ဌာန်းချက်များ မတွေ့ရှိရပါ။

**၁၉၉၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ**

ပြည်သူ့လွှတ်တော်တစ်ရပ်တည်းအတွက် ရွေးကောက်တင်မြှောက်ပွဲကျင်းပသည်။ ရွေးကောက်ပွဲတွင် မဲဆွယ်စည်းရုံးစဉ်ကာလ ငွေကျပ်ခုနစ်သောင်းငါးထောင်ထိကို သုံးစွဲခွင့်ရှိသည်။ ရွေးကောက်ပွဲကျင်းပပြီးနောက် ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်၏အမည် ကြေညာသည့်နေ့မှစ၍ ၇၅ရက်အတွင်း ကုန်ကျစရိတ်ငွေစာရင်းကို ပုံစံ(၁၈)ဖြင့် မြို့နယ်စုကော်မရှင်အဖွဲ့ခွဲသို့ တင်ပြရသည်။ မြို့နယ်စုကော်မရှင်အဖွဲ့ခွဲက စိစစ်မှုများပြုလုပ်သည်။ သက်ဆိုင်ရာစာရင်းရုံးမှ ငွေစာရင်းအရာရှိများ၏ အကူအညီများရယူ၍ စစ်ဆေးသည်။ မိမိတို့၏တွေ့ရှိချက်များ၊ သဘောထားများ၊ သုံးသပ်ချက်များကို ရေးသား၍ အမှုတွဲနှင့်အတူ ရွေးကောက်ပွဲကော်မရှင် သို့တင်ပြသည်။ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်လောင်းအား အရည်အချင်းပျက်ယွင်းသူဟုတ် မဟုတ် စစ်ဆေးကြားနာ၍ ဆုံးဖြတ်ပေးပါရန် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိုင်ငံတော်တရားသူကြီးချုပ်ထံ အမှုတွဲများပေးပို့သည်။ နိုင်ငံတော်တရားသူကြီးချုပ်က ယင်းငွေစာရင်းမှုခင်းများကို စစ်ဆေးရန် သုံးဦးပါဝင်သော ခုံအဖွဲ့ကို ဖွဲ့စည်း၍ စစ်ဆေးကြားနာမှုပြုစေသည်။ ယင်းခုံအဖွဲ့က စစ်ဆေးကြားနာပြီး ငွေစာရင်းတင်သွင်းရန် ပျက်ကွက်သူ သို့မဟုတ် မမှန်မကန်ငွေစာရင်းများကို တင်သွင်းသူတို့အား အရည်အချင်းပျက်ယွင်းသူ ဟုတ်မဟုတ် ဆုံးဖြတ်ရသည်။ ယင်းသို့ ဆုံးဖြတ်ပြီးလျှင် အမှုတွဲကို ဆုံးဖြတ်ချက်နှင့်အတူ ရွေးကောက်ပွဲကော်မရှင်သို့ တိုက်ရိုက်ပြန်လည်ပေးပို့သည်။ ဆုံးဖြတ်ချက် မိတ္တူတစ်စောင်ကို နိုင်ငံတော်တရားသူကြီးချုပ်ထံတင်ပြသည်။

နိုင်ငံတော်တရားသူကြီးချုပ်က ဖွဲ့စည်းပေးသည့် ခုံရုံး၏ဆုံးဖြတ်ချက်နှင့် အမှုတွဲကို ရရှိသည့်အခါ ခုံရုံး၏ဆုံးဖြတ်ချက်အတိုင်း အတည်ပြုသင့်မသင့် ရွေးကောက်ပွဲကော်မရှင်က စိစစ်၍ဆုံးဖြတ်သည်။ ခုံရုံး၏ဆုံးဖြတ်ချက်အတိုင်း အရည်အချင်းပျက်ယွင်းသူဖြစ်ကြောင်း ရွေးကောက်ပွဲကော်မရှင်က ဆုံးဖြတ်လျှင် ခုံရုံး၏ဆုံးဖြတ်ချက်ကို နိုင်ငံတော်ပြန်တမ်းတွင် ဖော်ပြကြေညာပေးသည်။ ယင်းသို့ အရည်အချင်းပျက်ယွင်းသူဖြစ်ကြောင်း ခုံရုံးက ဆုံးဖြတ်ပြီး နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းကြေညာခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ်သည် ကြေညာသည့်နေ့မှ ၁၀ နှစ်အတွင်း ပြုလုပ်သည့် ရွေးကောက်ပွဲများတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိပါ။ အရည်အချင်းပျက်ယွင်းသူအဖြစ် သတ်မှတ်ကြေညာခြင်းခံရသူအဖြစ် ရောက်ရှိသွားသည်။ ခုံအဖွဲ့၏ ဆုံးဖြတ်ချက်အပေါ် အယူခံမှု သို့မဟုတ် ပြင်ဆင်မှု တင်သွင်းရန် အခွင့်အရေးပေးမထားပါ။ အဘယ့်ကြောင့်ဆိုသော် ခုံအဖွဲ့၏ ဆုံးဖြတ်ချက်နှင့် အစီရင်ခံစာအပေါ် ရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး အရည်အချင်းပျက်ယွင်းသူ ဟုတ်မဟုတ် ထပ်မံဆုံးဖြတ်ခွင့်ပေးထားခြင်းကြောင့်ဖြစ်သည်။

**၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အထွေထွေရွေးကောက်ပွဲ**

ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ရွေးကောက်တင်မြှောက်သည်။ ရွေးကောက်ပွဲများကို တစ်နေ့တည်းတွင် တစ်ပြိုင်နက်တည်း ကျင်းပသည်။ ရွေးကောက်ပွဲကာလ မဲဆွယ်စည်းရုံးခြင်းအတွက် ကိုယ်စားလှယ်လောင်းတစ်ဦးလျှင် ငွေကျပ်သိန်းတစ်ရာအထိ သုံးစွဲခွင့်ရှိသည်။ ၂၀၁၀ အထွေထွေရွေးကောက်ပွဲကျင်းပစဉ်က ရွေးကောက်ပွဲအပြီး ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ် အမည်ကြေညာသည့်နေ့မှစ၍ ၄၅ ရက်အတွင်း ကုန်ကျစရိတ်ငွေစာရင်းကို တင်သွင်းရသည်။ ယခုအချိန်တွင် ရက်ပေါင်း ၃၀ အတွင်း ပုံစံ (၂၀) ဖြင့် တင်သွင်းရမည်ဟု သက်ဆိုင်ရာ ရွေးကောက်ပွဲနည်းဥပဒေများကို ပြင်ဆင်ထားသည်။ ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများထံ တင်ပြရသည်။ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက စိစစ်ကြရသည်။ အရည်အချင်းပျက်ယွင်းသူအဖြစ် သတ်မှတ်သင့်ကြောင်းတွေ့ရှိလျှင် ထိုသူများအား အရည်အချင်းပျက်ယွင်းသူအဖြစ် သတ်မှတ်သင့်ကြောင်းထောက်ခံ၍ အမှုတွဲများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြရသည်။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ကော်မရှင်အဖွဲ့ဝင်တစ်ဦးအား ဥက္ကဋ္ဌနှင့် ကျန်အဖွဲ့ဝင်နှစ်ဦးအား အဖွဲ့ဝင်အဖြစ်ပါဝင်သောခုံအဖွဲ့ သို့မဟုတ် ကော်မရှင်အဖွဲ့ဝင်တစ်ဦးက ဥက္ကဋ္ဌနှင့် ဥပဒေကျွမ်းကျင်သောပြင်ပမှ ပုဂ္ဂိုလ်နှစ်ဦးအား အဖွဲ့ဝင်အဖြစ်ပါဝင်သော ခုံအဖွဲ့များကို ဖွဲ့စည်းပေးသည်။ ယင်းခုံအဖွဲ့များက လိုအပ်သည်များကို စစ်ဆေးကြားနာပြီး အရည်အချင်းပျက်ယွင်းသူများ ဟုတ် မဟုတ် အဆုံးအဖြတ်ပေးရသည်။ ယင်းဆုံးဖြတ်ချက်ကို အမှုတွဲနှင့်အတူ ကော်မရှင်သို့ တင်ပြအစီရင်ခံရသည်။ ယင်းအစီရင်ခံစာအပေါ် မူတည်၍ အရည်အချင်းပျက်ယွင်းသူအဖြစ်သတ်မှတ်ရန် သင့်မသင့် ကော်မရှင်က အဆုံးအဖြတ်ပေးရသည်။ ကော်မရှင်က အရည်အချင်းပျက်ယွင်းသူအဖြစ် မသတ်မှတ်သင့်ကြောင်း တွေ့ရှိလျှင် ခုံအဖွဲ့၏ဆုံးဖြတ်ချက်ကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းကြေညာခြင်းမပြုပါ။ အရည်အချင်းပျက်ယွင်းသူအဖြစ် သတ်မှတ်သင့်ကြောင်း ဆုံးဖြတ်လျှင် ခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကို ကော်မရှင်က နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းကြေညာသည်။ ယင်းသို့ အရည်အချင်းပျက်ယွင်းသူဖြစ်ကြောင်း ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ခြင်းခံရပြီးနောက် ကော်မရှင်က နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းကြေညာခြင်းခံရသူသည် လက်ရှိလွှတ်တော်သက်တမ်းအတွင်း ကျင်းပသည့် ရွေးကောက်ပွဲများတွင် မည်သည့်လွှတ်တော်တွင်မျှ ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင် အရွေးခံခွင့်မရှိတော့ပါ။ အရည်အချင်းပျက်ယွင်းသူအဖြစ် သတ်မှတ်ကြေညာခံထားရသူအဖြစ် ရောက်ရှိသွားသည်။ ခုံရုံးအဖွဲ့၏ဆုံးဖြတ်ချက်အပေါ် အယူခံမှု သို့မဟုတ် ပြင်ဆင်မှု တင်သွင်းခွင့်မရှိပါ။ အဘယ်ကြောင့်ဆိုသော် ခုံအဖွဲ့၏ဆုံးဖြတ်ချက်နှင့် အစီရင်ခံစာအပေါ် မူတည်၍ကော်မရှင်က အရည်အချင်းပျက်ယွင်းသူအဖြစ်သတ်မှတ်ရန်သင့် မသင့် ဆုံးဖြတ်ခွင့်ရှိနေသောကြောင့် ဖြစ်သည်။ ***စာမျက်နှာ၁၀ ကော်လံ ၁***

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ကော်မတီ(၃)ခုဖွဲ့စည်းခြင်းနှင့် ကော်မတီများ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို လွှတ်တော်သို့တင်ပြ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ **(ယာပုံ)**ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် ပညာရေးမြှင့်တင်မှုကော်မတီ ဖွဲ့စည်းရေးတို့နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ အသိပေးတင်ပြကြသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပညာရေးမြှင့်တင်မှုကော်မတီ စသည့် ကော်မတီ(၃)ခု၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို လွှတ်တော်သို့ တင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီကို ဥက္ကဋ္ဌအဖြစ် လှိုင်သာယာမဲဆန္ဒနယ်မှ ဒေါက်တာသန်းမြင့်နှင့် အတွင်းရေးမှူးအဖြစ် ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်တို့အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ကော်မတီကို ဥက္ကဋ္ဌအဖြစ် ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်းနှင့် အတွင်းရေးမှူးအဖြစ် အင်းစိန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဦးတို့ အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် လည်းကောင်း၊ ပညာရေးမြှင့်တင်မှု ကော်မတီကို ဥက္ကဋ္ဌအဖြစ် ကျောက်ဆည်မဲဆန္ဒနယ်မှ ဒေါက်တာတင်အောင်နှင့် အတွင်းရေးမှူးအဖြစ် တွန်းဇံမဲဆန္ဒနယ်မှ ဦးခမ်ခန့်ထန်တို့ အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် လည်းကောင်း တာဝန်ပေးအပ်ဖွဲ့စည်းရန်လျာထားကြောင်း လွှတ်တော်သို့ အသိပေးကြေညာသည်။



ယနေ့အစည်းအဝေးကို နံနက်ပိုင်းတွင် ရပ်နားလိုက်ပြီး အစည်းအဝေး အဋ္ဌမနေ့ကို ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# တိုင်းရင်းသားရေးရာကော်မတီ၊ တောင်သူလယ်သမားရေးရာကော်မတီနှင့် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီများ ဖွဲ့စည်းဆောင်ရွက်



ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၄)မှ ဒေါက်တာဝင်းမြတ်အေး။



ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဦးကျော်ထွေး။

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင်ကျင်းပရာ **တိုင်းရင်းသားရေးရာကော်မတီ၊ တောင်သူလယ်သမားရေးရာ ကော်မတီနှင့် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီ**(၃)ရပ် ဖွဲ့စည်းခြင်း၊ **ပညာရေးမြှင့်တင်မှုကော်မတီ၊ ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီနှင့် နိုင်ငံသားများ၏ မူလအခွင့်အရေး ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ** (၃)ရပ် ဖွဲ့စည်းရေးတို့နှင့်စပ်လျဉ်း၍ ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက တိုင်းရင်းသား ရေးရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကို လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌအဖြစ် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်ရှီလာနန်တောင်(ခ) အမ်နန်တောင်နှင့် အတွင်းရေးမှူးအဖြစ် ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဦးခွန်သိန်းဖေ အပါအဝင်အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းခြင်းကို လည်းကောင်း လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **တောင်သူလယ်သမားရေးရာ ကော်မတီ**၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကိုလည်းကောင်း၊ ကော်မတီ ဥက္ကဋ္ဌအဖြစ် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဘမျိုးသိန်းနှင့် အတွင်းရေးမှူးအဖြစ် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုးဝင်းအပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းခြင်းကို လည်းကောင်း လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။ ***စာမျက်နှာ ၉ သို့***

အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီ အဖွဲ့ဝင်များစာရင်း (၁၈ - ၂ -၂၀၁၆)

| စဉ် | မဲဆန္ဒနယ် | အမည် | တာဝန် |
|---|---|---|---|
| ၁။ | ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) | ဒေါ်ရှီလာနန်တောင်(ခ) အမ်နန်တောင် | ဥက္ကဋ္ဌ |
| ၂။ | ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) | ဦးစောစိန်ထွန်း | အဖွဲ့ဝင် |
| ၃။ | ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) | ဦးစောဘီစံသိန်းမြင့် | ။ |
| ၄။ | ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) | ဦးငွန်ပေး | ။ |
| ၅။ | ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) | ဦးဇခုန်တိန့်ယိန်း | ။ |
| ၆။ | တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) | ဒေါက်တာခင်မောင်ဝင်း | ။ |
| ၇။ | စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) | ဦးလှဦး | ။ |
| ၈။ | မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) | ဦးခင်ဝင်း | ။ |
| ၉။ | မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) | ဒေါ်သီရိရတနာ | ။ |
| ၁၀။ | ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) | ဦးမောင်ကျော်ဇံ | ။ |
| ၁၁။ | ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) | ဦးစိုင်းစံအောင် | ။ |
| ၁၂။ | ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) | ဒေါ်မမလေး | ။ |
| ၁၃။ | မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) | ဦးနိုင်သီဟ | ။ |
| ၁၄။ | တပ်မတော်သား ကိုယ်စားလှယ် | ဗိုလ်မှူးချုပ် ကျော်ကျော်စိုး | ။ |
| ၁၅။ | ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) | ဦးခွန်သိန်းဖေ | အတွင်းရေးမှူး |

အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီ အဖွဲ့ဝင်များစာရင်း (၁၈ - ၂ -၂၀၁၆)

| စဉ် | မဲဆန္ဒနယ် | အမည် | တာဝန် |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) | ဦးဘမျိုးသိန်း | ဥက္ကဋ္ဌ |
| ၂။ | ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) | ဦးနော်နဂျာတန် | အဖွဲ့ဝင် |
| ၃။ | ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) | ဦးဘော်ရယ်စိုးဝေ | ။ |
| ၄။ | ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) | ဒေါ်နော်ဆာမူထူး | ။ |
| ၅။ | တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) | ဦးသက်နိုင်စိုး | ။ |
| ၆။ | မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) | ဦးကျော်ဆွေ | ။ |
| ၇။ | မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) | ဦးစိုးအောင် | ။ |
| ၈။ | ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) | ဦးတက်ထွန်းအောင် | ။ |
| ၉။ | ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) | ဦးစိုင်းလုံစံခတ် | ။ |
| ၁၀။ | မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) | ဦးခင်ဇော်ဦး | ။ |
| ၁၁။ | စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) | ဦးအောင်မျိုး | ။ |
| ၁၂။ | မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) | ဦးလင်းတင်ငွေ | ။ |
| ၁၃။ | ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) | မန်းတိုးရွှေ | ။ |
| ၁၄။ | တပ်မတော်သား ကိုယ်စားလှယ် | ဗိုလ်မှူးကြီး လှဝင်းအောင် | ။ |
| ၁၅။ | ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) | ဦးစိုးဝင်း | အတွင်းရေးမှူး |

အမျိုးသားလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာကော်မတီ အဖွဲ့ဝင်များစာရင်း (၁၈ - ၂ -၂၀၁၆)

| စဉ် | မဲဆန္ဒနယ် | အမည် | တာဝန် |
|---|---|---|---|
| ၁။ | ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇) | ဒေါက်တာမြသောင်း | ဥက္ကဋ္ဌ |
| ၂။ | ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) | ဦးကျော်သန်း | အဖွဲ့ဝင် |
| ၃။ | ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) | ဦးစောယှားဖောင်အွာ | ။ |
| ၄။ | ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) | ဒေါက်တာတင်တင်ဝင်း | ။ |
| ၅။ | ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) | ဦးကျော်ကျော်ဝင်း | ။ |
| ၆။ | ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) | ဒေါ်မေသန်းနွဲ့ | ။ |
| ၇။ | ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) | ဦးကျော်နိုင် | ။ |
| ၈။ | မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) | ဦးအေးမင်းဟန် | ။ |
| ၉။ | ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) | ဒေါက်တာဝင်းမြင့်ချစ် | ။ |
| ၁၀။ | တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) | ဦးတင်ဝေ | ။ |
| ၁၁။ | မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) | ဦးဝင်းမောင် | ။ |
| ၁၂။ | မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) | ဦးမောင်မောင်ဆွေ | ။ |
| ၁၃။ | ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) | ဦးညီစိန် | ။ |
| ၁၄။ | တပ်မတော်သား ကိုယ်စားလှယ် | ဗိုလ်မှူးကြီး မြင့်ဆွေ | ။ |
| ၁၅။ | ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) | ဒေါ်နော်လှလှစိုး | အတွင်းရေးမှူး |

❖ *ရှေ့ဖုံးမှ*

**ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်**

ကျွန်တော်တို့ ဆွေးနွေးပွဲ နှစ်ရက်လုပ်ပါတယ်။ ပထမတစ်ရက်ကတော့ စီးပွားရေးနဲ့ဆိုင်တဲ့ အကြောင်းအရာ ဖြစ်ပါတယ်။ အဓိကအားဖြင့် ပထမနေ့မှာ သတင်းအချက်အလက်နည်းပညာနဲ့ ဒီဂျစ်တယ်နည်းပညာတွေကိုသုံးပြီး စီးပွားရေးလုပ်ငန်းတွေကို တိုးတက်အောင် ဘယ်လိုလုပ်မလဲ၊ စီးပွားရေးလုပ်ငန်းတွေမှာ တီထွင်ဆန်းသစ်တဲ့ အကြံဉာဏ်တွေကို ဘယ်လိုအသုံးချမလဲဆိုတာကို အဓိကထား ဆွေးနွေးပါတယ်။

အမေရိကန်နိုင်ငံ အနေနဲ့ကတော့ အဲဒီဟာမျိုးတွေကို အာဆီယံနိုင်ငံအတွင်းမှာ ဦးစားပေးဖော်ထုတ်ပေးနိုင်ဖို့အတွက် စီမံကိန်းသုံးခုကို အဆိုပြုပါတယ်။ ဒါတွေအားလုံး လက်ခံလိုက်ပါတယ်။ ဒုတိယနေ့မှာ လုံခြုံရေးနဲ့ပတ်သက်တဲ့၊ အဓိကအားဖြင့် တောင်တရုတ်ပင်လယ်နဲ့ ပတ်သက်တဲ့ကိစ္စတွေ ဆွေးနွေးတယ်။ ပြီးရင် နိုင်ငံဖြတ်ကျော် မှုခင်းတွေ၊ ရောဂါကိစ္စတွေ၊ တရားမဝင်လူကုန်ကူးမှုကိစ္စတွေ ဆွေးနွေးတယ်။ နှစ်ရက်လုံးမှာတော့ အာဆီယံနဲ့ အမေရိကန်အကြားမှာ မဟာဗျူဟာ ဆွေးနွေးပွဲအဆင့်ကို ရောက်သွားတာဖြစ်ပါတယ်။ ဒါကြောင့် အများကြီး အကျိုးရှိပါတယ်။

## နည်းပညာ အပြန်အလှန်လဲလှယ်သလို ကြိုးစားသူ၊ တော်သူ၊ စွန့်ထွင်ဦးစီးနိုင်သူ၊ နောက်တစ်ခါ တီထွင်နိုင်သူတွေအနေနဲ့ကတော့ အာဆီယံဈေးကွက်တွင်သာမက အမေရိကန်ဈေးကွက်ကိုပါ လာပြီးတော့ ဆောင်ရွက်နိုင်ဖို့အတွက် အခွင့်အလမ်းတွေရှိလာ

နောက် ပေါ်ပေါက်လာမယ့် အစိုးရတာဝန်ယူရင်လည်း နိုင်ငံရဲ့ တည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဆက်လက်လုပ်ကိုင်ရမှာ ဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုနဲ့ ပတ်သက်ရင် အမေရိကန်နိုင်ငံက စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် အခြေအနေကောင်းတွေဖန်တီးပေးမယ့် စီမံကိန်းတွေမှာ ဆက်ပြီးတော့ လုပ်ဆောင်ခြင်းအားဖြင့် ပိုပြီးတော့ အကျိုးရှိမှာ ဖြစ်ပါတယ်။

ဒုတိယနေ့မှာ ဒုတိယသမ္မတက ဘာကိုဆွေးနွေးခဲ့လဲဆိုတော့ အမေရိကန်နိုင်ငံအနေနဲ့ ဒီလိုစီးပွားရေး အခွင့်အလမ်းကောင်းတွေ ပေးတယ်ဆိုတာ အာဆီယံနိုင်ငံ ၁၀ နိုင်ငံထဲက ကိုးနိုင်ငံကပဲ ဒီလိုအခွင့်အရေးမျိုးကို အပြည့်အဝခံစားရတယ်။ မြန်မာနိုင်ငံက လူငယ်စီးပွားရေးသမားတွေ၊ အသေးစားနဲ့ အလတ်စား လူငယ်စီးပွားရေးသမားတွေအနေနဲ့ အဆိုပြုတဲ့ဟာတွေကို အပြည့်အဝ မခံစားနိုင်သေးဘူး။ ပြီးတော့ ကျန်တဲ့ အာဆီယံနိုင်ငံ ကိုးနိုင်ငံက စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ ပြိုင်ဆိုင်နိုင်စွမ်းလည်း မရှိသေးဘူး။ အဲဒါ ဘာကြောင့်လဲဆိုရင် အမေရိကန်နိုင်ငံရဲ့ ပိတ်ဆို့အရေးယူထားမှုတွေက ကျန်နေသေးတယ်။

အဲဒါကြောင့် ကျွန်တော်တို့နိုင်ငံက ဘာကိုတောင်းဆိုသလဲဆိုတော့ ဒီလိုမျိုး အဆိုပြုတဲ့အချိန်မှာပဲ မြန်မာနိုင်ငံမှာလည်း နိုင်ငံရေးအရ တိုးတက်မှုတွေ အများကြီးရှိနေပြီ။ ဒါကြောင့် ကျန်တဲ့ဟာတွေ ရုပ်သိမ်းပေးပါလို့ ပြောခဲ့တယ်။ အမေရိကန်ဘက်ကလည်း မြန်မာနိုင်ငံရဲ့ ဖြစ်ပေါ်တိုးတက်မှုတွေကိုကြည့်ပြီးတော့ စဉ်းစားဆောင်ရွက်မယ်လို့ ပြောပါတယ်။

Action Plan စီးပွားရေးကတော့ သုံးခုပြောခဲ့ပြီးပါပြီ။ ပင်လယ်ရေကြောင်း လုံခြုံရေးနဲ့ ပတ်သက်လို့ သူတို့စီမံချက်တစ်ခု လုပ်ထားတာရှိတယ်။ ပြီးတော့ နိုင်ငံဖြတ်ကျော်မှုခင်းတွေ အခုဖြစ်နေတဲ့ ဗိုင်းရပ်စ်ကိစ္စဆိုရင် အာရှကိုကူးစက်မလားဆိုပြီး ဝိုင်းပြီးကူညီပေးမယ်ဆိုတာမျိုး ပြောတယ်။ အဓိက ဆွေးနွေးတာကတော့ လူကုန်ကူးမှုပေ့ါ။ လူကုန်ကူးမှုနဲ့ပတ်သက်လို့ ဒေသအတွင်းနိုင်ငံတွေရော ကျန်တဲ့လူတွေပါ ပေါင်းပြီးလုပ်ဖို့ရှိတယ်။ ပြီးတော့ အကြမ်းဖက် အိုက်အက်စ်(IS)လို အဖွဲ့မျိုးတွေ အာရှမှာ အခြေမချနိုင်အောင် ဘယ်လိုသတင်းအချက် ဖလှယ်မယ်ဆိုတာကို လုပ်ခဲ့တယ်။

ပထမတစ်ခုကတော့ ကျွန်တော်တို့က အာဆီယံနိုင်ငံထဲမှာ ဖွံ့ဖြိုးမှု တစ်နိုင်ငံနဲ့ တစ်နိုင်ငံမတူတဲ့အတွက်ကြောင့် မြန်မာ၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ် ဒါတွေတော့ နောက်မှာကျန်နေခဲ့တယ်။ အချို့ကိစ္စတွေကိုတော့ နောက်မှအချိန်ယူပြီး ဖြည့်ဆည်းရမှာတွေရှိတယ်။ အမေရိကန်ကတော့ မြန်မာနိုင်ငံ တစ်နိုင်ငံတည်းကို ပြောတာမဟုတ်ပါဘူး။

အာဆီယံနိုင်ငံတွေ အားလုံးမှာ ယှဉ်ပြိုင်နိုင်စွမ်း၊ တီထွင်နိုင်စွမ်းတွေ ရှိအောင် သူတို့က နည်းပညာအရ အကူအညီပေးမယ်။ ငွေတွေချေးတာ မဟုတ်ဘူး။ သင်တန်းတွေ အလုပ်ရုံဆွေးနွေးပွဲတွေ အတွေ့အကြုံဖလှယ်ပြီး ဒါမျိုးတွေနဲ့ ကူညီသွားမှာ ဖြစ်ပါတယ်။ ဒီခရီးစဉ်ကတော့ အာဆီယံနဲ့ အမေရိကန်အကြားမှာ ဆက်ဆံရေးကို တစ်ဆင့်မြှင့်လိုက်တဲ့ အစည်းအဝေးဖြစ်ပါတယ်။ ဒါကြောင့် အာဆီယံအကျိုးရှိရင် မြန်မာနိုင်ငံလည်း အကျိုးရှိမှာ ဖြစ်ပါတယ်။

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်**

ထိပ်သီးအစည်းအဝေးနဲ့ ပတ်သက်လို့ကတော့ အဓိက တီထွင်ဆန်းသစ်မှုနဲ့ စွန့်ဦးတီထွင်မှုကိစ္စကို အဓိကထား ဆွေးနွေးတာဖြစ်ပါတယ်။ ဆွေးနွေးတဲ့အထဲမှာ အဓိကအားဖြင့်တော့ ငါးချက် ဆွေးနွေးပါတယ်။ နံပါတ်(၁)အချက်က သိပ္ပံပညာရှင်တွေနဲ့ သုတေသနပညာရှင်တွေ အာဆီယံနဲ့ အမေရိကန်ကြားမှာ ဘယ်လိုသွားလာ ပြောင်းရွှေ့ဆောင်ရွက်ကြမလဲဆိုတဲ့ကိစ္စ၊ နံပါတ် (၂) အချက်က စွန့်ထွင်ဦးစီးသူတွေနဲ့ ပတ်သက်လို့ စွန့်ထွင်ဦးစီးမှုကို မြှင့်တင်တဲ့အခါမှာ အမျိုးသမီးနဲ့ လူငယ်တွေရဲ့ကဏ္ဍ၊ အာဆီယံမှာရှိတဲ့ လူငယ်တွေရဲ့ စွန့်ထွင်ဦးစီးမှုတွေကို ဘယ်လိုအားပေးမလဲ၊ ဘယ်လိုနေရာပေးမလဲ၊ နောက်နံပါတ်(၃)အနေနဲ့ ထိရောက်တဲ့ပတ်ဝန်းကျင်ထိန်းသိမ်းမှုစနစ် နည်းပညာပြောင်းလဲမှုနဲ့ စီးပွားရေးလုပ်ငန်းတွေ ဖြစ်ထွန်းလာဖို့ တက္ကသိုလ်တွေ၊ သုတေသနအဖွဲ့အစည်းတွေကြား၊ ပုဂ္ဂလိကကဏ္ဍကြားမှာ ဘယ်လိုပေါင်းစပ်ကြမလဲ၊ ပြီးတော့ နံပါတ်(၄)အချက်က အသေးစားနဲ့ အလတ်စား Micro လို့ခေါ်တဲ့ အသေးစားစက်မှုလုပ်ငန်းတွေ ဘယ်လိုဖွံ့ဖြိုးအောင်လုပ်ကြမလဲ၊ နောက်နံပါတ်(၅)ကတော့ အာဆီယံရဲ့သိပ္ပံနည်းပညာ ဆန်းသစ်တီထွင်မှုတွေအတွက် အခွင့်အလမ်းပါ။ အဲ့ဒီ အခွင့်အလမ်းတွေကို ခေါင်းဆောင်တွေက ဆွေးနွေးကြတာဖြစ်ပါတယ်။

ဒီလို ဆွေးနွေးတဲ့အခါမှာ အမေရိကန်နိုင်ငံက စွန့်ထွင်ဦးစီးမှုရဲ့ တကယ့် ဗဟိုချက်တစ်ခုဖြစ်တယ်။ အသစ်အဆန်းတွေ တီထွင်တဲ့နေရာဖြစ်တယ်။ အထူးသဖြင့် ကယ်လီဖိုးနီးယားပြည်နယ်ကြီးမှာ Silicon Valley ရှိတယ်။ နောက်တစ်ခါ ဆန်ဖရန်စစ္စကိုမှာ IBM ၊ CISCO System၊ Microsoft တို့ အားလုံး ရှိတဲ့နေရာပေ့ါ။ တစ်ဖက်မှာလည်း Hollywood တို့ရှိမှာပေ့ါ။ အဲ့ဒီလို ရှိတဲ့နေရာတွေဖြစ်တဲ့အတွက် တီထွင်မှုတွေနဲ့ပတ်သက်လို့ ဘယ်လိုအားပေးမလဲ၊ တီထွင်မှုတွေကို ဘယ်လိုနေရာပေးမလဲဆိုတာကို အဓိကဆွေးနွေးကြတာဖြစ်တယ်။

ဒီလို ဆွေးနွေးတဲ့အခါမှာတော့ နိုင်ငံခေါင်းဆောင်တွေ အနေနဲ့ကကိုယ့်နိုင်ငံမှာရှိတဲ့ အတွေ့အကြုံတွေကို ဖလှယ်ကြတာဖြစ်သလို အထူးသဖြင့်တော့ IBM၊ CISCO System ၊ Microsoft က CEO သုံးယောက်ကနေပြီး သူတို့ရဲ့ အသစ်အဆန်းတီထွင်ထားမှုတွေနဲ့ အာဆီယံနိုင်ငံများနဲ့ အမေရိကန်နိုင်ငံတွေမှာ ရှိတဲ့ လူတွေကြားထဲမှာ ဒီအသစ်အဆန်းတီထွင်မှုတွေ၊ နည်းပညာအသစ်တွေကို ဘယ်လိုသုံးစွဲခြင်းအားဖြင့် ကျေးလက်နဲ့ မြို့ပြမှာရှိတဲ့ လူတွေရဲ့ မညီမျှမှုတွေကို ပိုပြီးညီမျှလာအောင်၊ အခွင့်အရေးတွေ ပိုကောင်းလာအောင်၊ အာဆီယံနိုင်ငံတွေက အထူးသဖြင့်တော့ လယ်ယာကို အခြေခံတဲ့နိုင်ငံရှိသလို သိပ္ပံနဲ့နည်းပညာကို အခြေခံသွားပြီဖြစ်တဲ့ စင်ကာပူ၊ မလေးရှားနိုင်ငံတို့ ရှိတယ်။

ထိုနည်းတူစွာပဲ ကျွန်းတွေထောင်ချီပြီးတော့ရှိတဲ့ အင်ဒိုနီးရှား၊ ပြီးတော့ ဖိလစ်ပိုင် အဲ့ဒီလိုနိုင်ငံတွေကြတော့ ကျွန်းတွေနဲ့ သူတို့ရဲ့မြို့တော်ရှိတဲ့ နေရာကြီးနဲ့ အကွာအဝေးပေ့ါ။ အဲဒီလို ကွာနေတဲ့နေရာတွေမှာ ကျေးလက်နဲ့ မြို့ပြ သို့မဟုတ်ရင်တော့ ဗဟိုနဲ့ ဝန်းကျင်ကွာခြားမှု ဘယ်လိုရှိလဲပေ့ါ။

မြန်မာနိုင်ငံမှာလည်း မြို့တွေက တိုးတက်နေသလို ကျေးလက်တွေမှာလည်း ဒီအတိုင်း တိုးတက်လာအောင် ဘယ်လိုလုပ်ကြမလဲ။ ဒါတွေအပေါ်မှာ ခုနကပြောတဲ့ နည်းပညာဖြစ်တဲ့ အထူးသဖြင့် ICT နည်းပညာကို ဘယ်လိုသုံးကြမလဲ။ ICT နည်းပညာတွေကနေ ဘယ်လိုအထောက်အကူပေးမလဲ။ ဥပမာအားဖြင့် စိုက်ပျိုးရေးဆို စိုက်ပျိုးရေးနည်းပညာတွေ၊ ရာသီဥတုဖောက်ပြန်တော့မယ်ဆို ရာသီဥတုဖောက်ပြန်တာကို ကျေးလက်အစွန်အဖျားမှာ လုပ်နေတဲ့လူတွေ ဘယ်လိုအသိပေးမလဲ၊ အဲဒီလို အသိပေးခြင်းအားဖြင့်၊ ကြိုသိနိုင်ခြင်းဖြင့် ကာကွယ်နိုင်တာဆို ကာကွယ်နိုင်တယ်။ နည်းပညာအသစ်ဆိုလည်း ပျံ့ပျံ့နှံ့နှံ့သုံးနိုင်တယ်။ တစ်ဖက်က တီထွင်မှုကလည်း ရှိရမယ်၊ တစ်ဖက်က တီထွင်တဲ့သူတွေကိုလည်း သူတို့တီထွင်နိုင်အောင် နေရာရှိရမယ်၊ သူတို့ရဲ့တီထွင်မှုကိုလည်း ရောင်းချနိုင်တဲ့ ဈေးကွက်ရှိရမယ်၊ အဲ့ဒီအရာတွေကို အဓိကအားဖြင့် ဆွေးနွေးပါတယ်။

ဆွေးနွေးတဲ့ အရာကတော့ တော်တော်ကြီး နည်းပညာဆန်ပါတယ်။ နည်းပညာဆန်တာရှိသလို အခွင့်အလမ်းနဲ့ အခွင့်အရေး ဈေးကွက်ရလာအောင် ဘယ်လိုလုပ်ပေးမလဲ၊ ဒါကို ဆွေးနွေးတာဖြစ်ပါတယ်။

အထူးသဖြင့်တော့ အာဆီယံနဲ့ အမေရိကန်နိုင်ငံတို့အနေနဲ့ မဟာဗျူဟာဆက်ဆံရေးကို တိုးမြှင့်တည်ထောင်လိုက်ပြီ။ ဒါကြောင့်မို့လို့ အာဆီယံမှာရှိတဲ့ AEC ဖြစ်လာတဲ့အခါ AEC ရဲ့ သဘောတရားမှာကိုက စွန့်ထွင်ဦးစီးသူတွေ၊ နည်းပညာတွေ၊ တက္ကသိုလ်တွေချင်း ပေါင်းစည်းရမယ်။ သုတေသနဌာနတွေချင်း ပေါင်းစည်းရမယ်၊ နောက်တစ်ခါ ကျွမ်းကျင်သူတွေဆိုရင် ကျွမ်းကျင်တဲ့သူ ပရော်ဖက်ရှင်နယ်တွေ အာဆီယံကြားမှာ ကူးသန်းသွားလာနိုင်သလို အခုကတော့ အမေရိကန်ဘက်ထိအောင်လည်း ကူးသန်းသွားလာနိုင်ဖို့အတွက် တံခါးဖွင့်ပေးမယ်ပေ့ါ။

တကယ်တော့ နည်းပညာအပြန်အလှန်လဲလှယ်သလို ကြိုးစားသူ၊ တော်သူ၊ စွန့်ထွင်ဦးစီးနိုင်သူ၊ နောက်တစ်ခါ တီထွင်နိုင်သူတွေအနေနဲ့ကတော့ အာဆီယံဈေးကွက်တွင်သာမက အမေရိကန်ဈေးကွက်ကိုပါ လာပြီးတော့ ဆောင်ရွက်နိုင်ဖို့အတွက် အခွင့်အလမ်းတွေ ရှိလာပါတယ်။

အရင်တုန်းကတော့ နည်းပညာရဖို့အတွက်ဆိုရင် အဆင့်ဆင့်ယူရတာပေ့ါလေ။ အခုကျတော့ သူတို့ပြောတာကတော့ နည်းပညာတွေကတော့ နည်းပညာအသစ်ကို တစ်ခါတည်းယူသုံးလိုက်၊ ဒီအဆင့်ဆင့်သွားနေတဲ့ဟာလေးကို ကျော်လိုက်ဖို့ ဖားခုန်ခုန်ပြီးတော့ ကျော်လို့ရတယ်။ ဒီအတွက်လည်း အခုနောက်ပိုင်း နည်းပညာတိုးတက်မှုနဲ့ စွန့်ထွင်ဦးစီးမှု တိုးတက်မှုအရ ဖားခုန်ခုန်ရမှာကို မစိုးရိမ်ပါနဲ့၊ ဖွံ့ဖြိုးဆဲနိုင်ငံတွေအနေနဲ့ ဖွံ့ဖြိုးပြီးနိုင်ငံကို အမီလိုက်ဖို့အတွက် နည်းလမ်းရနိုင်တဲ့ အခြေအနေတစ်ခုကို ဖွင့်ပေးပါ့မယ်ပေ့ါ။ အရင်တုန်းကတော့ သူတို့နည်းပညာတွေပေးဖို့အတွက်ကို အဆင့်ဆင့် အကာအကွယ်တွေရှိတာပေ့ါ၊ အသစ်တွေ့တဲ့သူကလည်း ချက်ချင်းမပေးလိုဘူး။

အခုကတော့ ICT တိုးတက်လာမှုတွေ၊ နောက်တစ်ခါ ခုနကပြောတဲ့ Information Technology တိုးတက်လာတွေနဲ့ နောက်ဆုံးဆွေးနွေးသွားတာကတော့ iCloud ဆိုတာကို ဆွေးနွေးသွားတယ်။ iCloud ပေါ်မှာ နည်းပညာတွေကို တင်ထားလို့ရတယ်။ သတင်းအချက်အလက်တွေကို ဖလှယ်တဲ့အခါမှာ iCloud ပေါ်ကို သုံးပြီးတော့ ဖလှယ်ခြင်းအားဖြင့်လည်း ကမ္ဘာနဲ့အဝန်း ကျေးလက်နဲ့ မြို့ပြမကျန် မြန်မာနိုင်ငံမှာဆိုလည်း ကျေးလက်ကလူတွေက iCloud ကို သုံးတတ်လာမယ်။ နည်းပညာတွေ၊ သတင်းအချက်အလက်တွေ၊ သတိပေးချက်တွေပေ့ါ။ မိုးရွာတော့မယ်၊ ရေကြီးတော့မယ်၊ မုန်တိုင်းလာတော့မယ် အစရှိသဖြင့် အဲ့ဒီလိုအရာတွေကို iCloud က ယူကြည့်လိုက်ရင် သိနေပြီ။

ကျေးလက် ဘယ်လောက်ပဲ ခေါင်ခေါင် ကြိုတင်ပြင်ဆင်ချိန်ရသလို နည်းပညာကို ကြိုတင်ယူပြီးတော့ အခြေအနေရလာတဲ့အတွက် အသေးစား၊ အလတ်စား၊ အငယ်စား စီးပွားရေးလုပ်ငန်းတွေ မကဘူး၊ ကျေးလက်မြို့ပြပါမကျန် တိုးတက်လာတဲ့ Technology ကို အခုလို ဖွင့်ပြီးတော့ ပေးပြီးတော့ သုံးခွင့်ရမယ်ဆိုရင် နိုင်ငံငယ်တွေအတွက် အခွင့်အလမ်းပိုပြီးတော့ ရလာမှာ ဖြစ်ပါတယ်။

**ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်**

အာဆီယံ-အမေရိကန် ထိပ်သီးအစည်းအဝေးကို ဖေဖော်ဝါရီ ၁၅ ရက်နဲ့ ၁၆ ရက်နေ့မှာ ပြုလုပ်ခဲ့တာဖြစ်ပါတယ်။ ဒီအစည်းအဝေးကတော့ အာဆီယံနဲ့ အမေရိကန်ရဲ့ ဆွေးနွေးဖက်နိုင်ငံအဆင့်ကနေ မဟာဗျူဟာအဆင့် ဆွေးနွေးဖက်အဖြစ် တိုးမြှင့်ခဲ့တဲ့ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်က ကွာလာလမ်ပူ မလေးရှားမှာလုပ်ခဲ့တဲ့ အာဆီယံ-အမေရိကန် ထိပ်သီးအစည်းအဝေးကနေ ဆုံးဖြတ်ခဲ့တဲ့ မဟာဗျူဟာမြောက်အဆင့် မိတ်ဖက်ဆွေးနွေးဖက်တွေအဖြစ်နဲ့ တိုးမြှင့်ပြီးတဲ့နောက်ပိုင်းမှာ အမေရိကန်ပြည်ထောင်စုမှာ ပထမဦးဆုံး ကျင်းပခဲ့တဲ့အစည်းအဝေး ဖြစ်ပါတယ်။

ဒီအစည်းအဝေး ကျင်းပတဲ့ ပုံစံကလည်းပဲ သီးသန့်အစည်းအဝေးဖြစ်ပါတယ်။ သီးသန့်အစည်းအဝေးဖြစ်တဲ့အတွက် ဒီထဲမှာ ခေါင်းဆောင်တွေက အမေရိကန်သမ္မတ မစ္စတာ အိုဘားမားအပါအဝင် အာဆီယံဒေသအဖွဲ့ဝင် ၁၀ နိုင်ငံက သမ္မတနဲ့ ဝန်ကြီးချုပ်တွေ မြန်မာနိုင်ငံဆိုရင် နိုင်ငံတော်သမ္မတ ကိုယ်စားဒုတိယသမ္မတ ဦးညဏ်ထွန်းက ဦးဆောင်ပြီးတော့ ပွင့်ပွင့်လင်းလင်းရင်းရင်းနှီးနှီး ဆွေးနွေးကြတာ ဖြစ်ပါတယ်။

သီးသန့် ဆွေးနွေးပွဲတွေရဲ့ သဘောအရတော့ လွတ်လွတ်လပ်လပ်နဲ့ ပွင့်ပွင့်လင်းလင်း တကယ့်အရေးကြီးတဲ့ မဟာဗျူဟာဆိုင်ရာ ကိစ္စရပ်တွေကို ဆွေးနွေးကြတာ ဖြစ်ပါတယ်။ ဆွေးနွေးတဲ့ပုံစံကိုက တံခါးပိတ်ဆွေးနွေးပွဲ ပုံစံလုပ်တယ်။ ဒါနဲ့ပတ်သက်ပြီး အစည်းအဝေးရဲ့ အတွင်းမှာ ဆွေးနွေးတဲ့ကိစ္စရပ်တွေကို အသေးစိတ် ထုတ်ပြန်ကြေညာလေ့ မရှိဘူး။

သို့သော်လည်း အစည်းအဝေးရဲ့ ရလဒ်ကိုတော့ ပူးတွဲကြေညာချက်အနေနဲ့ ကြေညာတာရှိပါတယ်။ ဒါကြောင့်မို့ ပြီးခဲ့တဲ့နေ့ကဆိုရင် ဆန်းနီးလန်း ကြေညာချက်ဆိုပြီး ထုတ်ပြန်ခဲ့ပါတယ်။

ဒီထုတ်ပြန်ကြေညာတဲ့အထဲမှာ ရှေ့မှာ အာဆီယံနဲ့ အမေရိကန် ထိပ်သီးခေါင်းဆောင်တွေ အနေနဲ့ ဘယ်လို ဆက်လက်ပြီးတော့ ပူးပေါင်းဆောင်ရွက်သွားမလဲ။ ဒေသနှစ်ခုရဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို ဘယ်လိုမြှင့်တင်သွားမလဲဆိုပြီး ဒါတွေကို ဆွေးနွေးခဲ့ကြတာ ဖြစ်ပါတယ်။

အဲဒီတော့ အစည်းအဝေးရဲ့ ပထမနေ့မှာဆိုရင် ဒေသနှစ်ခုရဲ့ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတွေကို အဓိကထားပြီး ဆွေးနွေးခဲ့ပါတယ်။ အဲဒီအထဲမှာလည်း တီထွင်ကြံဆမှုတွေနဲ့ စွန့်ဦးတီထွင်မှုတွေကို ဦးစားပေးပြီးတဲ့အခါမှာ ဒေသနှစ်ခုရဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ တိုးမြှင့်သွားဖို့ပါ။ ဥပမာအားဖြင့် အခုလို IT တိုးတက်နေတဲ့အခါမှာ Data Base တွေကနေ လွတ်လွတ်လပ်လပ်၊ မြန်မြန်ဆန်ဆန်နဲ့ စီးပွားရေးပိုင်းမှာ အခြေခံပြီးတော့ ဒီလို ပူးပေါင်းဆောင်ရွက်မှုတွေကို ဆောင်ရွက်သွားကြဖို့၊ တိုးတက်မြင့်မားလာတဲ့ IT ပညာတွေကို စီးပွားရေးကဏ္ဍမှာလည်းပဲ အသုံးပြုပြီးတော့ လွယ်လွယ်ကူကူ လျင်လျင်မြန်မြန်နဲ့ ဒေသတွင်းမှာ ကူးလူးဆက်ဆံသွားဖို့ အဲဒီကိစ္စတွေကို

*စာမျက်နှာ ၉ ကော်လံ ၁ သို့*

**ဒီအစည်းအဝေးက အာဆီယံနဲ့ အမေရိကန် မဟာဗျူဟာအဆင့် မိတ်ဖက်ဆက်ဆံရေးကို တိုးမြှင့်လိုက်တဲ့အတွက် ထူးခြားတဲ့အစည်းအဝေးလည်းဖြစ်သလို ထူးခြားတဲ့ရလဒ်တွေလည်း စောစောကပြောခဲ့တဲ့ ကမ္ဘာ့အနှံ့အပြား အာရှ-ပစိဖိတ်ဒေသတွေမှာ ဖြစ်ပေါ်နေတဲ့ကိစ္စရပ်တွေကို နှံ့နှံ့စပ်စပ်နဲ့ နိုင်ငံတွေရဲ့ ခေါင်းဆောင်တွေကိုယ်တိုင် မူဝါဒတွေ ဘယ်လိုချမှတ်မလဲဆိုတာ ဆွေးနွေးခဲ့တာဖြစ်**


ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်


ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်


ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်

# ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုနှင့် တာဝန်လွှဲပြောင်းမှုချောချောမွေ့မွေ့ဖြစ်စေရေး တာဝန်ရှိသူများက ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည့် အချိန်ကာလတွင် အပြုသဘောမဆောင်သည့် ရေးသားဖော်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်သူလူထုအနေဖြင့် သတိပြုဆင်ခြင်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုလွှတ်တော်ရုံး**
**ထုတ်ပြန်ကြေညာချက်အမှတ် (၂/၂၀၁၆)**
**၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်**
**(၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)**

**လွှတ်တော်ဆိုင်ရာလုပ်ငန်းများ ရှင်းလင်းဆွေးနွေးခြင်းအစီအစဉ်နှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ခြင်း**

၁။ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအား လွှတ်တော်ဆိုင်ရာလုပ်ငန်းများ ရှင်းလင်းဆွေးနွေးခြင်းအစီအစဉ် (Induction Programme) ကို လွှတ်တော်ရုံးအသီးသီးနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၊ နိုင်ငံတကာပါလီမန်များအဖွဲ့ (Inter Parliamentary Union – IPU) နှင့် အခြားမိတ်ဖက်အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် အကူအညီပေးရေးအစီအစဉ်အရ ၁၅-၂-၂၀၁၆ ရက်မှ စတင်၍ ၁၉-၂-၂၀၁၆ ရက်အထိ နေပြည်တော်၊ လွှတ်တော်ဝင်းအတွင်း၌ ကျင်းပပြုလုပ်လျက်ရှိပါသည်။ ဤအစီအစဉ်ကို ပထမအကြိမ်လွှတ်တော် သက်တမ်းကာလကတည်းကပင် လွှတ်တော်ဆိုင်ရာလုပ်ငန်းများအတွက် ပူးပေါင်းအကူအညီပေးဆောင်ရွက်လျက်ရှိသည့် UNDP ၊ IPU တို့နှင့် ဆွေးနွေးစီစဉ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

၂။ UNDP နှင့် မိတ်ဖက်အဖွဲ့အစည်းများသည် ဥပဒေပြုလွှတ်တော်များကိုသာမက အုပ်ချုပ်ရေးဆိုင်ရာဌာန အဖွဲ့အစည်းများ၊ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများအပါအဝင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းနယ်ပယ် အသီးသီးတွင်လည်း အကူအညီပေး ပူးပေါင်းဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်းများဖြစ်ပါသည်။

၃။ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံတကာလွှတ်တော် ကိုယ်စားလှယ်များ၏ လွှတ်တော်လုပ်ငန်းဆိုင်ရာအတွေ့အကြုံများကို တစ်နေရာတည်း၌ အချိန်တိုအတွင်း လေ့လာသိရှိခွင့်၊ ပါဝင်ဆွေးနွေးခွင့်ရရှိပြီး လွှတ်တော်၏ အဓိကလုပ်ငန်းတာဝန်ဖြစ်သည့် ဥပဒေပြုခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် အပြန်အလှန်ထိန်းကျောင်းခြင်းတို့ကို ဖွဲ့စည်းပုံအခြေခံ ဥပဒေ၊ လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ပြုလုပ်ခြင်း ဖြစ်ပါသည်။

၄။ ဤအစီအစဉ်တွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၄၆၅ ဦး တက်ရောက်ပါဝင်ဆွေးနွေးလျက်ရှိပြီး တည်ဆဲလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်သော ရှင်းလင်းဆွေးနွေးမှုများ ဖြစ်စေရန် လွှတ်တော်ရုံးအသီးသီးမှ ဘာသာရပ်ဆိုင်ရာ အရာထမ်းများကလည်း ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိပါသည်။

၅။ သို့ရာတွင် လူမှုကွန်ရက်အချို့၌ အထက်ပါအစီအစဉ်ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ နိုင်ငံတော်နှင့် ဥပဒေပြုလွှတ်တော်များ၏ ဂုဏ်သိက္ခာ၊ နိုင်ငံတကာဆက်ဆံရေးနှင့် UNDP ၊ IPU အပါအဝင် မိတ်ဖက်အဖွဲ့အစည်းများ၏ ပူးပေါင်းကူညီပံ့ပိုးမှုများကို ထိခိုက်စေသောအချက်များ၊ ပြည်သူများ အထင်အမြင်လွဲမှားစေနိုင်သည့် ထင်မြင်ယူဆချက်များကို ရေးသားဖော်ပြလျက်ရှိကြောင်း သိရှိရပါသည်။

၆။ နိုင်ငံတော်၏ သိမ်မွေ့ညင်သာသော ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုနှင့် တာဝန်လွှဲပြောင်းမှု ချောချောမွေ့မွေ့ ဖြစ်စေရေးအတွက် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် အလေးထားကြိုးပမ်းလုပ်ဆောင်လျက်ရှိသည့် အချိန်ကာလတွင် မလိုလားအပ်သော အပြုသဘောမဆောင်သည့် ရေးသားဖော်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်သူလူထုအနေဖြင့် သတိပြုဆင်ခြင်နိုင်ပါရန် ထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုလွှတ်တော်**

*အမျိုးသားလွှတ်တော်မှ*

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **အမျိုးသမီးနှင့်ကလေးသူငယ် အခွင့်အရေးဆိုင်ရာကော်မတီ**၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကို လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌအဖြစ် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇) မှ ဒေါက်တာမြသောင်းနှင့် အတွင်းရေးမှူးအဖြစ် ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ် (၁၀)မှ ဒေါ်နော်လှလှစိုး အပါအဝင်အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းခြင်းကို လည်းကောင်း လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့ပြင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **ပညာရေးမြှင့်တင်မှုကော်မတီ**ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာဝင်းမြတ်အေးက ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **ပညာရေးမြှင့်တင်မှုကော်မတီ**ကို ကော်မတီဥက္ကဋ္ဌအဖြစ် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာဝင်းမြတ်အေးနှင့် အတွင်းရေးမှူးအဖြစ် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ် အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်သွားရန် လျာထားကြောင်း လွှတ်တော်သို့ အသိပေးကြေညာသည်။

ထို့အတူ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီ**ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဦးကျော်ထွေးက ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီ**ကို ကော်မတီဥက္ကဋ္ဌအဖြစ် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေးနှင့် အတွင်းရေးမှူးအဖြစ် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဇော်မင်းလတ် (ခ) ဦးကိုလတ် အပါအဝင်အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်သွားရန် လျာထားကြောင်း လွှတ်တော်သို့ အသိပေး ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ** ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာငွေးကြွယ်က ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ**ကို ကော်မတီဥက္ကဋ္ဌအဖြစ် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာငွေးကြွယ်နှင့် အတွင်းရေးမှူးအဖြစ် ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ် (၁၂)မှ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက်အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်သွားရန်လျာထားကြောင်း လွှတ်တော်သို့ အသိပေးကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့ကို နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ရပ်နားလိုက်ပြီး ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ဖေဖော်ဝါရီ ၁၉ ရက်တွင် ဆက်လက်ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**

*စာမျက်နှာ ၈ မှ*

အလေးထားပြီး ဆွေးနွေးခဲ့တာဖြစ်ပါတယ်။

အဲဒီနေ့ ညပိုင်းမှာတော့ အလုပ်သဘောညစာစားပွဲ လုပ်ပါတယ်။ ညစာစားပွဲမှာတော့ မဟာဗျူဟာအရ အရေးကြီးတဲ့ ဒေသတွင်း တည်ငြိမ်ရေး၊ လုံခြုံရေးနဲ့ ပတ်သက်တဲ့ ကိစ္စတွေ၊ အထူးသဖြင့်တော့ အာရှ-ပစိဖိတ်ဒေသမှာ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ လုံခြုံရေး၊ သာယာဝပြောရေး ဒီလိုကိစ္စတွေနဲ့ အဓိကပတ်သက်နေတဲ့ ဒေသတွင်း ပြဿနာတွေ၊ ဥပမာအားဖြင့် တောင်တရုတ်ပင်လယ်ကိစ္စ၊ ကိုရီးယားကျွန်းဆွယ် ငြိမ်းချမ်းရေးရရှိဖို့ကိစ္စတွေ၊ အဏုမြူလက်နက်တွေကင်းမဲ့ဖို့ကိစ္စတွေ ဒီလိုကိစ္စမျိုးတွေကို ဆွေးနွေးခဲ့ကြတာဖြစ်ပါတယ်။

ပထမနေ့မှာတော့ ဒေသတွင်းနဲ့ နိုင်ငံတကာမှာ ရင်ဆိုင်နေရတဲ့ လူမှောင်ခိုကူးတဲ့ လူကုန်ကူးခံရတဲ့ ကိစ္စတွေ တိုက်ဖျက်ဖို့၊ ရာသီဥတုပြောင်းလဲမှုနဲ့ ကမ္ဘာကြီးပူနွေးလာမှုအတွက်ကို ဘယ်လိုလုပ်မလဲ၊ နောက်ကမ္ဘာမှာ ပြန့်ပွားနေတဲ့ ဘေးရောဂါတွေ။ အခုဆိုရင် ဇီကာဆိုပြီးတော့ ပေါ်လာတယ်၊ အရင်နှစ်တွေကဆိုမားစ်တို့ ပေါ်လာတယ်။ ဒီလို နိုင်ငံတွေကို ဖြတ်ကျော်ပြီးတော့ ကူးစက်နိုင်တဲ့ ဒီလိုရောဂါဆိုးကြီးတွေကို ဘယ်လိုကာကွယ်မလဲ၊ ဘယ်လိုတားဆီးကြမလဲ၊ အဲ့ဒီလို ကိစ္စရပ်တွေ အပါအဝင် ဒေသတွင်းမှာ ဖြစ်နေတဲ့ လူကုန်ကူးမှုကို ဘယ်လိုတိုက်ဖျက်မလဲ၊ လူမှောင်ခိုတွေ ဘယ်လိုဆက်လက်ပြီးတော့ နိုင်ငံတကာနဲ့ ဒေသတွင်းနိုင်ငံတွေ ဘယ်လိုပေါင်းပြီးတော့ တိုက်ဖျက်သွားမလဲ။

နောက်တစ်ခုကတော့ တစ်ကမ္ဘာလုံးမှာ ခြိမ်းခြောက်နေတဲ့ အကြမ်းဖက်မှု ကိစ္စတွေအနေနဲ့လည်း အစွန်းရောက်တဲ့ အတွေးအခေါ်တွေ ရှိနေတဲ့ သူတွေကနေပြီးတော့ ဒီအကြမ်းဖက်မှုတွေ ကျယ်ကျယ်ပြန့်ပြန့်လုပ်တဲ့အတွက် နယ်ပယ်မရှိတော့ဘူး။ ဒေသအားလုံးမှာ အစွန်းရောက်တွေရဲ့ တိုက်ခိုက်မှုတွေ၊ အကြမ်းဖက်မှုတွေကြုံခဲ့ရတယ်။ ဒီလိုကြုံနေရတဲ့ အကြမ်းဖက်မှုတွေကို ဘယ်လိုတိုက်ဖျက်သွားမလဲ၊ အခြေခံကျကျ ဘယ်လိုဖြေရှင်းသွားမလဲ၊ ဒါတွေကို ပွင့်ပွင့်လင်းလင်းနဲ့ ရင်းရင်းနှီးနှီး ဆွေးနွေးကြတာဖြစ်ပါတယ်။

ဒီဆွေးနွေးပွဲကနေပြီးတော့ ထုတ်ပြန်ကြေညာလိုက်တဲ့ ကြေညာချက်ကလည်းပဲ ဒါရှေ့ဆက်လက်ပြီးတော့ အာဆီယံနဲ့ အမေရိကန်ရဲ့ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုတွေကို ဒီကြေညာချက်က ချမှတ်ထားတဲ့ မူဝါဒတွေကို ဆက်လက်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ကြဖို့ ခေါင်းဆောင်တွေ အားလုံးကနေပြီးတော့ ဆုံးဖြတ်ခဲ့ပါတယ်။

ဒါကြောင့်မို့ ဒီအစည်းအဝေးက အာဆီယံနဲ့ အမေရိကန် မဟာဗျူဟာအဆင့် မိတ်ဖက်ဆက်ဆံရေးကို တိုးမြှင့်လိုက်တဲ့အတွက် ထူးခြားတဲ့ အစည်းအဝေးလည်း ဖြစ်သလို ထူးခြားတဲ့ရလဒ်တွေလည်း စောစောကပြောခဲ့တဲ့ ကမ္ဘာ့အနှံ့အပြား အာရှ-ပစိဖိတ်ဒေသတွေမှာ ဖြစ်ပေါ်နေတဲ့ ကိစ္စရပ်တွေကို နှံ့နှံ့စပ်စပ်နဲ့ နိုင်ငံတွေရဲ့ ခေါင်းဆောင်တွေကိုယ်တိုင် မူဝါဒတွေ ဘယ်လိုချမှတ်မလဲဆိုတာ ဆွေးနွေးခဲ့တာဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒါဟာ အောင်မြင်တဲ့ အစည်းအဝေးတစ်ခု ဖြစ်ပါတယ်။

ကျေးဇူးတင်ပါတယ်ခင်ဗျား။ ။

## နမ့်ဆန်ပြည်သူများအား ထောက်ပံ့ငွေနှင့်ပစ္စည်းများ လှူဒါန်းလျက်ရှိ

**သီပေါ ဖေဖော်ဝါရီ ၁၈**

ရှမ်းပြည်နယ်မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့၌ မီးဘေးသင့်ပြည်သူများအား စေတနာရှင် အလှူရှင်၊ အနယ်နယ်အရပ်ရပ်မှ လူမှုကူညီရေးအသင်းများက လာရောက်လှူဒါန်းကြသော ထောက်ပံ့ပစ္စည်းနှင့်ငွေကြေးများကို မီးဘေးသင့်ပြည်သူများထံ စဉ်ဆက်မပြတ် ပေးအပ်လှူဒါန်းလျက်ရှိရာ ဖေဖော်ဝါရီ ၁၈ ရက်တွင်လည်း လှူဒါန်းသူများ များပြားလျက်ရှိသည်ကို တွေ့ရသည်။

သီပေါမြို့နယ် တိုင်းရင်းသားပြည်သူ စေတနာရှင်များအနေဖြင့် ဖေဖော်ဝါရီ ၈ ရက်က ဆန်၊ ဆီ၊ ဆေး၊ ဆား၊ ဆေးဝါးမှအစ လူသုံးကုန်ပစ္စည်းနှင့် အလှူငွေများ လှူဒါန်းခဲ့ပြီး ယနေ့ ဒုတိယအကြိမ်မြောက် မီးဘေးသင့်အိမ်ထောင်စုများ ပြန်လည်ထူထောင်ရေးလုပ်ငန်းအတွက် ငွေကျပ် ၂၀၉ သိန်းကို အလှူရှင်များကိုယ်စား မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်က ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသဦးစီးဥက္ကဋ္ဌ ဦးမောင်ကျော်နှင့် မြို့မိမြို့ဖ ဦးစိုးမောင်တို့ထံသို့ ပေးအပ်လှူဒါန်းခဲ့သည်။ **(အောက်ပုံ)**

နမ့်ဆန်မြို့ မီးဘေးသင့်ပြည်သူများ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးစခန်းသို့ စေတနာရှင် အလှူရှင်များထံမှ ယနေ့အထိ လှူဒါန်းရရှိငွေမှာ ငွေကျပ်သိန်းပေါင်း ၉၅၀၀ ကျော်နှင့် မီးဘေးသင့်ပြည်သူများထံသို့ တစ်ဦးချင်း သွားရောက်လှူဒါန်းမှုမှာ ငွေကျပ်သိန်းပေါင်း ၁၀၀၀၀ ကျော်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**



❍ *ကျောဖုံးမှ*

အထောက်အကူပြုကော်မတီအဖွဲ့ဝင် ဦးနော်ဆန့်၊ ပဋိပက္ခညှိနှိုင်းရေးအဖွဲ့မှ ဦးအင်ဆွဲစိန်ဂီ၊ ဦးလဆိုင်း၊ ဘဇံချောက်ကျေးရွာ ကျောက်မျက်ကုမ္ပဏီ ၁၂ ခုမှ တာဝန်ရှိသူများနှင့် ကချင်လူမှုကွန်ရက်အဖွဲ့ ကျေးရွာနေပြည်သူများတွေ့ဆုံကာ မြေစာပစ်လမ်း ပိတ်ဆို့တားဆီးထားသည့် ကိစ္စနှင့် ပတ်သက်၍ တတိယအကြိမ် ညှိနှိုင်းခဲ့ကြခြင်းဖြစ်သည်။

ထိုသို့ညှိနှိုင်းခဲ့ရာ ဝှေခါချောင်း အကျယ် ၁၀ ပေ၊ အောက်ခြေ ပေ ၄၀ နှင့် အနက် ၁၅ ပေကို အခြားဧရိယာများ မထိခိုက်စေရေး၊ မူလချောင်းနယ်နိမိတ်အတိုင်း တူးဖော်ဆယ်ယူပြီး စုပေါင်းမြေစာပုံသို့ သယ်ထုတ်ပေးရန်နှင့် ဝှေခါချောင်း ကမ်းနားတစ်လျှောက် မြေသားပေါင်များ ပြုလုပ် ဆောင်ရွက်ပေးရေးတို့ကို ညှိနှိုင်းခဲ့ကြောင်း သိရသည်။

ထို့အပြင် ရွာဟောင်း စုပေါင်းမြေစာပုံ သုံးနေရာ မြေစာလျှော့ခြင်းဆောင်ရွက်ရာတွင် လှေကားထစ်များကို အမြင့် ပေ ၂၀၊ လျှောစောက် ၄၅ ဒီဂရီ တိမ်းစောင်းကာ အကျယ် ပေ ၅၀ ခန့် လှေကားထစ်များ ပြုလုပ်၍ မြေစာပုံအောက်ခြေတွင် အလွှန်ခိုင်ခံ့သော သံကူကွန်ကရစ် ကျောက်ရိုးစီပေးခြင်းကို ကျွမ်းကျင်ပညာရှင်များဖြင့် ညှိနှိုင်းဆောင်ရွက်ပေးရန်နှင့် တောင်းဆိုညှိနှိုင်းထားသည့် လုပ်ငန်းများကို တိကျစွာဆောင်ရွက်ပေးရေးအတွက် ကျေးရွာသူ ကျေးရွာသားများ ပါဝင်သည့် လုပ်ငန်းကြီးကြပ်မှုကော်မတီ ဖွဲ့စည်းပေးရန်တို့ကို ညှိနှိုင်းအောင်မြင်ခဲ့ခြင်းဖြစ်သည်။

လုပ်ငန်းစဉ်များ အမြန်ဆုံးစတင်မည်ဖြစ်ပြီး လုပ်ငန်းများကို နံနက် ၆ နာရီမှ ညနေ ၃ နာရီအထိ အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ကာ ကုမ္ပဏီမှ မြေသယ်ယာဉ်များကို ညနေ ၃ နာရီမှ ည ၁၂ နာရီအထိကို ၄င်းတို့ပိုင်လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရန်အတွက် ညှိနှိုင်းသဘောတူခဲ့ကြောင်း သိရသည်။

# ရွှေတောင်စားဘုရား၌ အလေးချိန် ၁၉ တန်ရှိ ခေါင်းလောင်းတော်ကြီး ဖွင့်လှစ်မည်



**ထားဝယ် ဖေဖော်ဝါရီ ၁၈**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၏ ကျက်သရေဆောင် သမိုင်းဝင် ရွှေတောင်စား ဘုရားကြီး၌ အလေးချိန် ၁၉ တန်ခန့်(၁၁၇၇၇ ဒသမ ၄၀ ပိဿာ)ရှိ မဟာဝိဇယ ကြေးခေါင်းလောင်းတော်ကြီးကိုသွန်းလုပ်ထားပြီး ဖြစ်ကာ ၂၀၁၆ ခုနှစ် နှစ်ဝက်အတွင်း၌ စည်ကားစွာ ဖွင့်လှစ်သွားရန်ရှိကြောင်း သိရသည်။

မဟာဝိဇယ ကြေးခေါင်းလောင်းတော်ကြီးအတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေနှင့် ကြေးသတ္တုများကို သီးသန့်ပေးအပ်လှူဒါန်းခဲ့ကြပြီး လုပ်အားခ ကုန်ကျစရိတ်မှာကျပ်သိန်းပေါင်း ၁၄၀၀ ကျော်ခန့် ကုန်ကျခဲ့ကြောင်း၊ ဖွင့်ပွဲကို တိုင်းဒေသကြီးအစိုးအရအဖွဲ့ဝင်များ ဦးဆောင်မှုဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း ဂေါပကရုံးမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

သမိုင်းဝင် ရွှေတောင်စားဘုရားကြီး စာကြည့်တိုက် (E-Library)ကိုလည်း ဖွင့်လှစ်သွားမည်ဖြစ်ရာ စာကြည့်တိုက်နှင့်အတူ ခေါင်းလောင်းတော်ကြီးကို ပါဖွင့်လှစ်မည်ဖြစ်ကြောင်း၊ ဘုရားကြီးစာကြည့်တိုက် အသင်းဝင်များကိုလည်း ဖိတ်ခေါ်သွားမည်ဖြစ်ပြီး ပြည်တွင်းပြည်ပမှ ဧည့်သည်များ၊ စာတမ်းပြုစုကြမည့် ကျောင်းသား ကျောင်းသူများ၊ စီးပွားရေးသမားများနှင့် ရဟန်းရှင်လူပြည်သူများအတွက် လိုအပ်သော ဓမ္မစာပေများနှင့် စိတ်ဓာတ်အာဟာရစာပေများကို ထားရှိရန် စီစဉ်ထားကြောင်းနှင့် ဘုရားကြီးအကြောင်းကို အွန်လိုင်းမှ လေ့လာဖတ်ရှုနိုင်ရန် www.shwetaungsarr.com အမည်ဖြင့် ဝက်ဘ်ဆိုက်တစ်ခုကိုလည်း တင်ထားပြီးဖြစ်ကြောင်း၊ အဆိုပါဝက်ဘ်ဆိုက်တွင် ထားဝယ်မြို့နယ်အတွင်းရှိ ထင်ရှားသော သမိုင်းဝင်ရှင်ကိုးရှင်အပါအဝင် သာသနိကအဆောက်အအုံများအကြောင်းကိုလည်း လေ့လာသိရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

# ရခိုင်ရိုးရာရထားဆွဲပွဲတော် စစ်တွေမြို့ဝက်ပါကွင်း၌ ကျင်းပမည်

**စစ်တွေ ဖေဖော်ဝါရီ ၁၈**

အဌမအကြိမ်မြောက် စစ်တွေမြို့လုံးကျွတ် ရခိုင်ရိုးရာရထားဆွဲပွဲတော်ကြီးကို စစ်တွေမြို့ ဝက်ပါကွင်း၌ ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၃ ရက်အထိ ငါးညတိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ရထားဆွဲပွဲတော်ကြီးတွင် မြို့ပေါ်ရပ်ကွက်အသီးသီးမှ ပြည်သူများက မိမိတို့ရပ်ကွက်အလိုက် ခြိမ့်ခြိမ့်သဲ ပါဝင်ဆင်နွှဲ၍ ရထားဆွဲကြမည်ဖြစ်ကြောင်း သိရသည်။ ရခိုင်ရိုးရာရထားဆွဲပွဲသည် တစ်ဖက်နှင့် တစ်ဖက်ကြိုးဖြင့် အပြိုင်ဆွဲရသော အားပြိုင်ပွဲဖြစ်ပြီး တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် ပျော်ရွှင်ကြည်နူးဖွယ်သံချပ်များ ထိုးကြလေ့ရှိကြောင်းနှင့် ရထားဆွဲပွဲမကျင်းပမီ ဆရာတော်သံဃာတော်များအား ပင့်ဖိတ်၍ အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ကြလေ့ရှိကြောင်း သိရသည်။



ရခိုင်ရိုးရာ ရထားဆွဲပွဲကို ရခိုင်တိုင်းရင်းသားများ၏ သီးသန့်ရိုးရာပွဲတော်တစ်ခုအဖြစ် နှစ်စဉ်တပို့တွဲလတွင် ကျင်းပကြပြီး ရခိုင်သား၊ ရခိုင်သူတို့သည် ရထားဆွဲပွဲကျင်းပရခြင်းကြောင့် ဥတုရာသီမျှတခြင်း၊ လယ်ယာသီးနှံအထွက်တိုး ပေါများခြင်း၊ တိုင်းပြည်နိုင်ငံအေးချမ်းသာယာခြင်းတို့ဖြစ်စေသည်ဟု ရှေးခေတ်ကပင် ယုံကြည်မှုဖြင့် ရထားဆွဲပွဲကို အလေးထား၍ ပါဝင်ဆင်နွှဲပြီး ရထားဆွဲကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

■

## သတင်းတိုများ

### နမ့်ဆန်မီးဘေးသင့်ပြည်သူများအတွက် အလှူငွေများလှူဒါန်း

နမ့်ဆန်မြို့ မီးဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးအတွက် ဖူလီလိုက်ကုမ္ပဏီမိသားစု (ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်မြို့)မှ ထောက်ပံ့လှူဒါန်းငွေပေးအပ်ပွဲကို လားရှိုးမြို့ ပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ဖေဖော်ဝါရီ ၁၈ ရက်က ကျင်းပခဲ့ရာ ဖူလီလိုက်ကုမ္ပဏီ ဥက္ကဋ္ဌ ဦးစိန်မြင့်က နမ့်ဆန်မြို့မှ မီးဘေးသင့်ပြည်သူများ၏ဘဝ ပြန်လည်ထူထောင်ရေးအတွက် လှူဒါန်းခြင်းဖြစ်ကြောင်းပြောကြားပြီး အလှူ ငွေကျပ်သိန်း ၁၀၀ ကို လားရှိုးမြို့ ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး ဦးစိန်အုပ်နှင့် လားရှိုးခရိုင် အုပ်ချုပ်ရေးမှူး ဦးမြတ်မိုးတို့ထံ ပေးအပ်လှူဒါန်းခဲ့သည်။

**ဟန်ဌေး(လားရှိုး)**

### နွေရာသီကာလအတွင်း ရေစနစ်တကျသုံးစွဲရေး ပညာပေးဆွေးနွေး

ပူပြင်းခြောက်သွေ့သော အယ်နီညိုရာသီဥတုဒဏ် ရိုက်ခတ်မှုဖြစ်ပေါ်လာပါက လူတိရစ္ဆာန်များအတွက် သောက်သုံးရေနှင့် စိုက်ပျိုးရေပြတ်လပ်သွားနိုင်သဖြင့် စိုက်ပျိုးရေနှင့် သောက်သုံးရေများကို စနစ်တကျသိုလှောင်သုံးစွဲနိုင်ရေးနှင့် စိုက်ပျိုးသင့်သော သီးနှံအမျိုးအစားများအကြောင်း ရှင်းလင်းအသိပေး ဆွေးနွေးပွဲကို ညောင်ဦးမြို့နယ် ငါ့သရောက်မြစ်ရေတင် စိုက်ပျိုးပညာပေးရေးစခန်း၌ ဖေဖော်ဝါရီ ၁၇ ရက်က ကျင်းပခဲ့သည်။ ဆွေးနွေးပွဲတွင် ညောင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်ခင်ဌေးရီနှင့် ဝန်ထမ်းများက ကန်တောကျေးရွာနှင့် အုန္နချောင်းကျေးရွာမှ တောင်သူများအား စုပေါင်းပျိုးထောင်ခြင်းဖြင့် စိုက်ပျိုးရေစနစ်တကျသုံးစွဲရန်၊ ရေကော်မတီများ၏ ကြီးကြပ်မှုဖြင့်ရေခွဲတာသုံးစွဲရန်၊ ရေလိုအပ်မှုနည်းသောသက်တမ်းတိုစပါးမျိုးများ ပြောင်းလဲစိုက်ပျိုးရန်၊ နွေသီးနှံပဲတီစိမ်းမျိုးများစိုက်ပျိုးပါက ရောဂါဒဏ်ခံနိုင်ရည်ရှိသော ရေဆင်း (၁၄)၊ ရေဆင်း (၁၁)မျိုးများကို ရွေးချယ်၍ စိုက်ပျိုးနည်းစနစ်မှန်ကန်စွာ စိုက်ပျိုးရန်တို့ကို အသိပညာပေးဆွေးနွေးခဲ့ပြီး တောင်သူများက သိလိုသည်များကိုမေးမြန်းကာ မြို့နယ်ဦးစီးမှူးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

*စာမျက်နှာ ၆ မှ*

၂၀၁၀ အထွေထွေရွေးကောက်ပွဲတွင် လွှတ်တော်သုံးရပ်စလုံးအတွက် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံသူ လွှတ်တော်ကိုယ်စားလှယ်လောင်း ၃၀၅၅ ဦးရှိသည်။ ငွေစာရင်းတင်သွင်းရန် ပျက်ကွက်ခြင်း၊ ငွေစာရင်းကို မှန်ကန်စွာ မတင်သွင်းခြင်းတို့ကြောင့် အရည်အချင်းပျက်ယွင်းသူအဖြစ် ကြေညာခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၁၃ ဦး ရှိခဲ့သည်။

၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် လစ်လပ်လွှတ်တော်ကိုယ်စားလှယ်နေရာများအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၅၇ ဦး ဝင်ရောက်ယှဉ်ပြိုင်အရွေးခံခဲ့သည်။ အရည်အချင်းပျက်ယွင်းသူအဖြစ် ကြေညာခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်လောင်းမရှိပါ။ အနိုင်ရကိုယ်စားလှယ်၊ ရှုံးနိမ့်ကိုယ်စားလှယ်အားလုံး ရွေးကောက်ပွဲကုန်ကျစရိတ် ငွေစာရင်းတင်သွင်းကြသည်ကို တွေ့ရသည်။

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီးတွင် လွှတ်တော်သုံးရပ်စလုံးအတွက် ဝင်ရောက်ယှဉ်ပြိုင်သူ လွှတ်တော်ကိုယ်စားလှယ်လောင်း စုစုပေါင်း ၆၀၃၈ ဦးရှိသည်။ ငွေစာရင်းတင်သွင်းရန်ပျက်ကွက်သူပေါင်း ၁၇၅ ဦးရှိသည်။

ငွေစာရင်းတင်သွင်းရန် ပျက်ကွက်သူများက ခုံအဖွဲ့သို့ လာရောက်၍ ထုချေဖြေရှင်းကြရာတွင် အကြောင်းပြချက်များ အမျိုးမျိုးတင်ပြကြသည်ကို အောက်ပါအတိုင်း လေ့လာသိရှိရသည်-

(က) ရွေးကောက်ပွဲတွင် ကုန်ကျစရိတ်ငွေများ သုံးစွဲခဲ့ရခြင်းမရှိကြောင်း၊
(ခ) မိခင်ကျန်းမာရေးမကောင်းသဖြင့် အခြားဝေးကွာသောနေရာတစ်ခုတွင် သွားရောက်ဆေးဝါးကုသမှုခံယူနေရကြောင်း၊
(ဂ) မိမိကိုယ်တိုင် ကျန်းမာရေးအခြေအနေအရ ပြည်ပနိုင်ငံတစ်ခုတွင် သွားရောက် ဆေးဝါးကုသမှုခံယူနေရကြောင်း၊
(ဃ) ငွေစာရင်းကိုတင်သွင်းရာတွင် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲက မပြည့်စုံဟုပြောကာ ပြန်ပေးသဖြင့် ပြည့်စုံစွာပြုစုနေရကြောင်း၊
(င) ရွေးကောက်ပွဲများတွင် နောင်လည်းဘယ်တော့မှ ဝင်ရောက်ယှဉ်ပြိုင်မည်မဟုတ်သဖြင့် မတင်သွင်းခဲ့ကြောင်း၊
(စ) ရွေးကောက်ပွဲများတွင် နောင်အချိန်များ၌ ဝင်ရောက်ယှဉ်ပြိုင်မည်မဟုတ်တော့သော်လည်း မိမိ၏ဂုဏ်သိက္ခာ၊ အကျင့်စာရိတ္တကို မထိခိုက်စေလိုသောကြောင့် သတ်မှတ်ရက်ထက်နောက်ကျပြီး ငွေစာရင်းတင်သွင်းရခြင်းကို ခွင့်ပြုပေးသင့်ကြောင်း၊
(ဆ) မိသားစုကိစ္စများဖြင့် ခရီးလွန်နေကြကြောင်း၊
(ဇ) သက်ဆိုင်ရာ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများထံ တင်ပြရမည့်အစား မြို့နယ်ကော်မရှင်အဖွဲ့များသို့ နားလည်မှုလွဲမှားစွာဖြင့် တင်ပြမိကြောင်း၊
(ဈ) လွှတ်တော်ကိုယ်စားလှယ်လောင်းကိုယ်တိုင်၏ မင်္ဂလာကိစ္စ ဆောင်ရွက်နေရကြောင်း၊
(ည) သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက အကြောင်းကြားခြင်းမရှိသဖြင့် တင်သွင်းရန်ပျက်ကွက်ခဲ့ကြောင်း၊

ခုံအဖွဲ့များအနေဖြင့် ယင်းသို့အကြောင်းပြချက်များ၊ ထုချေချက်များအပေါ် စစ်ဆေးကြားနာပြီး လက်ခံထိုက်မထိုက်၊ ခွင့်ပြုထိုက်မထိုက်ကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆုံးအဖြတ်ပေးသွားမည်သာ ဖြစ်ပေသည်။

ခုံအဖွဲ့များက စစ်ဆေးကြားနာနေသည်ကို မပျက်မကွက်လာရောက်လေ့လာသူတစ်ဦးက ရွေးကောက်ပွဲကာလပြီးဆုံးပြီးနောက် ငွေစာရင်းတင်သွင်းရန် ပျက်ကွက်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းအရေအတွက်သည် များပြားလွန်းနေကြောင်း၊ ဤသည်မှာ မဖြစ်သင့်ဟု ထင်မြင်ကြောင်း၊ တင်သွင်းရမည့်ကာလ ရက်ပေါင်း ၃၀ သတ်မှတ်ထားခြင်းသည် သင့်လျော်လုံလောက်မှုရှိကြောင်း၊ ငွေစာရင်းတင်သွင်းရန် သတ်မှတ်ထားသောပုံစံမှာလည်း ဖြည့်သွင်းရန် အခက်အခဲမရှိကြောင်း၊ မိမိကိုယ်ကို အရည်အချင်းပျက်ယွင်းသူအဖြစ်သတ်မှတ်ခြင်းခံရမည်ကို မစိုးရိမ်ကြဘူးလား၊ မကြောက်ကြဘူးလား၊ မသိကြလို့လား၊ ပညာပေးမှုနည်းပါးနေလို့လား၊ သက်ဆိုင်ရာပါတီများက ကြီးကြပ်မှုအားနည်းနေကြလို့လား စသည်ဖြင့် သူ၏သဘောထားမှတ်ချက်များကို တသီကြီးပြောပါတော့သည်။ မိမိကလည်း ဤကဲ့သို့စိတ်ဝင်စားစွာ လာရောက်နားထောင်လေ့လာသည်ကို ဝမ်းသာကြောင်း၊ ကျေးဇူးတင်ကြောင်း၊ ကြိုဆိုကြောင်း၊ နောင်လာမည့်ရွေးကောက်ပွဲများတွင် ဤကဲ့သို့ ငွေစာရင်းတင်သွင်းရန်ပျက်ကွက်မှုများ မဖြစ်ပေါ်စေရေး၊ ဖြစ်ပေါ်မှုလျော့ပါးသွားစေရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြတာပေါ့ဟု ပြန်လည်ပြောကြားမိခဲ့သည်။

ရွေးကောက်ပွဲကာလအတွင်း ပါဝင်ယှဉ်ပြိုင်အရွေးခံကြသော လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အသုံးစရိတ်ငွေစာရင်းများကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ တိကျမှန်ကန်စွာ လိုက်နာဆောင်ရွက်သွားကြခြင်းဖြင့် အစဉ်အလာကောင်းတစ်ရပ်ကို ပြုစုပျိုးထောင်သွားကြပါစို့။

**ကိုးကားချက်များ**

၁။ ၁၉၄၈ ခုနှစ်၊ ပါလီမန်ရွေးကောက်ပွဲ အက်ဥပဒေနှင့် နည်းဥပဒေများ၊
၂။ ၁၉၇၆ ခုနှစ်၊ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့လွှတ်တော်ကောင်စီ အဆင့်ဆင့်ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေများ၊
၃။ ၁၉၈၈-၁၉၈၉ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်းသည့် ဥပဒေ၊ နည်းဥပဒေများ၊
၄။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြဋ္ဌာန်းခဲ့သည့် လွှတ်တော်အသီးသီး၏ ရွေးကောက်ပွဲဥပဒေများနှင့် နည်းဥပဒေများ၊
၅။ ခေတ်အဆက်ဆက်ဆုံးဖြတ်ခဲ့သည့် ရွေးကောက်ပွဲကုန်ကျစရိတ်မှုခင်းများ။

# မြို့တွင်းဓားထောက်လုယက်သူများ ဖော်ထုတ်နိုင်ပြီ

**ပုသိမ် ဖေဖော်ဝါရီ ၁၈**

ပုသိမ်မြို့တွင်း ညအချိန်မတော် ဆိုင်ကယ်ဖြင့်လှည့်လည်၍ ဓားထောက် လုယက်မှုများဖြစ်ပွားနေကြောင်းသတင်းအရ ပုသိမ်မြို့နယ်ရဲတပ်ဖွဲ့ဝင်များက လှည့်ကင်းဖြင့် စုံစမ်းစစ်ဆေးစဉ် ဖေဖော်ဝါရီ ၁၇ ရက် ည ၈ နာရီက တက္ကသိုလ်ကျောင်းသားသုံးဦးကို ဓားထောက်၍ လက်ကိုင်ဖုန်း လုယူသွားသည်ကို ကြားသိရသည်။



မြကျွန်းသာ မြို့သစ်အဝိုင်း၌ ပုသိမ်တက္ကသိုလ် ဘူမိဗေဒပထမနှစ်ကျောင်းသား ကိုအာကာ၊ ကိုသက်ပိုင်ဆွေနှင့် နိုးနိုးဖူးမောင်တို့ စကားပြောနေကြစဉ် လူငယ်သုံးဦး ဆိုင်ကယ်နှစ်စီးနှင့်အတူ ရောက်ရှိလာကြပြီး ကျောင်းသားသုံးဦးအား လည်ပင်းကို ဓားထောက်၍ လက်ကိုင်ဖုန်းသုံးလုံး လုယူသွားခြင်းဖြစ်သည်။

ပုသိမ်မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ် ဇော်မင်းထွန်းနှင့် နယ်ထိန်းရဲတပ်အဖွဲ့ဝင်များက လိုက်လံစုံစမ်းရှာဖွေကြရာ ည ၁၁ နာရီတွင် ရာမညရပ်ကွက်နေ မင်းထက်အောင်၊ ရန်ကိုကိုတို့ကို လည်းကောင်း၊ ဗိုလ်ဗဒေးမှ ထက်မြတ်အောင်ကိုလည်းကောင်း ၎င်းတို့ လုယက်ခဲ့သောလက်ကိုင်ဖုန်းငါးလုံး၊ အသုံးပြုခဲ့သော ဓားသုံးချောင်းနှင့် ၎င်းတို့ လှည့်လည်အသုံးပြုသော ဆိုင်ကယ်နှစ်စီးနှင့်အတူ သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်စုံစမ်းစစ်ဆေးချက်အရ မြကျွန်းသာအဝိုင်း၌လုယက်ခဲ့ပြီးနောက် ကန်ပတ်လမ်းသို့ ဝင်ရောက်ကာ အတွဲတစ်တွဲကို ဓားထောက်၍ လက်ကိုင်ဖုန်းတစ်လုံးကို လုယက်ခဲ့ကြောင်း၊ ဖေဖော်ဝါရီ ၁၆ ရက် ညကလည်း ပြစ်မှုကျူးလွန်သူ မင်းထက်အောင်နှင့် ရန်ကိုကိုတို့နှစ်ဦးသည် အမှတ်(၃)နယ်မြေ စကားဝါလမ်း၌ လမ်းလျှောက်လာသူတစ်ဦးထံမှ လက်ကိုင်ဖုန်းတစ်လုံး၊ ကင်မလင်းကျွန်းအထည်ချုပ်စက်ရုံအနီးလမ်းလျှောက်လာသူတစ်ဦးထံမှလည်း လက်ကိုင်ဖုန်းတစ်လုံးကိုပါ ဓားထောက်လုယူခဲ့ကြောင်း ထပ်မံသိရသည်။

ဖုန်းပိုင်ရှင်တို့ကိုစုံစမ်း၍ တယ်လီဖုန်းများကိုပြန်လည်ပေးအပ်ရန် စီစဉ်ထားရှိပြီး ယင်းအမှုနှင့် ပတ်သက်၍ ပုသိမ်မြို့မရဲစခန်းက စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကန်ပတ်လမ်းထဲကအတွဲတွေ ခံရတာများပါတယ်။ အိမ်ကလူကြီးတွေသိမှာစိုးလို့ မတိုင်ရဲဘဲလျှို့ဝှက်ထားခဲ့ရာက လုယက်မှုကျူးလွန်သူတွေ အတင့်ရဲလာကြောင်း၊ ပြည်သူတွေကလည်း ရဲတပ်ဖွဲ့ဝင်တွေကို ပွင့်လင်းစွာကူညီကြရန် လိုအပ်ပါကြောင်း"ဟု ခေတ္တစခန်းမှူး ရဲအုပ်ဝင်းဗိုလ်က ပြောသည်။

**ပုသိမ်လှကြည်**

# ညောင်လေးပင်မြို့၌ အရက်မူးပြီး မိမိနေအိမ်မီးရှို့သူအား ဖမ်းဆီး

**ညောင်လေးပင် ဖေဖော်ဝါရီ ၁၈**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြို့မ(၄)ရပ်ကွက် ဂျုံးဖြူလမ်းရှိ နေအိမ်တစ်လုံး၌ ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ညောင်လေးပင်မြို့ မြို့မ(၄)ရပ်ကွက် ဂျုံးဖြူလမ်းရှိ သန်းလွင်(၄၃ နှစ်) နေထိုင်သော (၃×၄)ပင် တောင်ထန်းမိုး၊ ဝါးထရံကာနေအိမ်၌ မီးလောင်နေကြောင်း သတင်းအရ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ရဲကျော်စွာ ဖြူဝင်းနှင့်အဖွဲ့တို့စစ်ဆေးခဲ့ရာ အိမ်ပိုင်ရှင် သန်းလွင်မှာ အရက်မူးပြီး နေအိမ်တံစက်မြိတ်အား မီးရှို့ခဲ့ကြောင်း၊ အဆိုပါမီးကို ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် နေအိမ်ခေါင်မိုး ငါးပေ ပတ်လည်ခန့်သာ အနည်းငယ်လောင်ကျွမ်းခဲ့မှုကြောင့် ရပ်ကွက်နေပြည်သူများ မီးဘေးအန္တရာယ်မှ ကင်းဝေးခဲ့ရသည်။

သို့ဖြစ်၍ အရက်မူးပြီး မိမိနေအိမ်ကို မီးရှို့သူ သန်းလွင်အား ညောင်လေးပင်မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# အရှိန်မထိန်းနိုင်သဖြင့် ကုန်မျိုးစုံတင်ယာဉ်ကြီးတိမ်းမှောက်

**ဘားအံ ဖေဖော်ဝါရီ ၁၈**

ကရင်ပြည်နယ် ဘားအံမြို့နယ် မြိုင်ကလေးကျေးရွာ ညောင်ပင်သာကွေ့အနီး ဘားအံ-သထုံကားလမ်းမဘေးသို့ ၁၂ ဘီးကုန်တင်ယာဉ်တစ်စီး ဖေဖော်ဝါရီ ၁၆ ရက် မွန်းလွဲ ၂ နာရီက တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။ **(ယာပုံ)**

ရန်ကုန်မြို့မှ ဘားအံမြို့သို့ ကုန်ပစ္စည်းမျိုးစုံနှင့်ဆေးပစ္စည်းမျိုးစုံတို့ကို တင်ဆောင်လာသောယာဉ်မောင်း ကျော်ကြီး(၂၄ နှစ်)ခနောက်ဖြူမြို့နေသူ မောင်းနှင်၍ အောင်မျိုးဦး(၃၅ နှစ်) မုံရွာမြို့နေသူ လိုက်ပါလာသည့် 9D/----၁၂ ဘီးယာဉ်သည် ညောင်ပင်သာကွေ့အနီး မိုင်တိုင်အမှတ် (၁/၆) နှင့် (၁/၇)အကြားအရောက် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက်လယ်ကွင်းထဲသို့ ထိုးကျတိမ်းမှောက်သွားခဲ့ကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှုကြောင့် တစ်ဦးတစ်ယောက်မျှထိခိုက်ဒဏ်ရာရမှုမရှိသော်လည်း ယာဉ်ဦးခေါင်းပိုင်းပျက်စီး၍ ဝဲဘက်မီးလုံးကွဲ၊ ရှေ့လေကာမှန်ပြုတ်ထွက်ကွဲကြေ၊ ဝဲနောက်ကြည့်မှန်နှင့်ဝဲဘက်ခြမ်းကိုယ်ထည်ကျိုးပဲ့ပျက်စီးခဲ့ကာ တင်ဆောင်လာသည့် ကုန်ပစ္စည်းမျိုးစုံအချို့လည်း ပျက်စီးဆုံးရှုံးခဲ့သဖြင့် ယာဉ်မောင်းအား ဘားအံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။


**ထွန်းထွန်းထွေး(ဘားအံ)**



# ဘိန်းဖြူများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

မူးယစ်တပ်ဖွဲ့စု(၂)မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၆ ရက်က ဝိုင်းမော်မြို့ ရပ်ကွက်(၆) ရှုရီဇိုင်ဝါး စားသောက်ဆိုင်၌ မူးယစ်ဆေးဝါး အရောင်းအဝယ်ပွဲစား မခင်ခင်သက်ကို စောင့်ကြည့်စဉ် ၎င်းအနီးသို့ ဆိုင်ကယ်ဖြင့်ရောက်ရှိလာသော ရုံးဖနှင့် အိုက်ခန်းတို့အား ရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၂၂ ခွက် (ဘိန်းဖြူ ဝဒသမ ၃၃၆)ကီလိုနှင့်လက်ကိုင်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိ၍၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**






# ဓာတုဗေဒပစ္စည်းစီမံခန့်ခွဲမှုနှင့် ဓာတုဗေဒပစ္စည်းများအား အမျိုးအစား အဆင့်အတန်းခွဲခြားခြင်းနှင့်တံဆိပ်ကပ်ရာတွင် တစ်ကမ္ဘာလုံး ညီညွတ်စေသည့်စနစ်

*(ယမန်နေ့မှအဆက်)*

(၇)



အာမေဋိတ်အမှတ်အသား(Exclamation Pictogram)

ဤသင်္ကေတသည် ပါးစပ်မှမျိုချမိခြင်း (Oral) ကြောင့်ဖြစ်စေ၊ အရေပြားမှစုပ်ယူခြင်း (Demal) ကြောင့်ဖြစ်စေ၊ နှာခေါင်းမှရှူသွင်းမိခြင်း (Inhalation) ကြောင့်ဖြစ်စေ ဓာတုပစ္စည်းများ ကိုယ်ခန္ဓာတွင်းသို့ နည်းတစ်မျိုးမျိုးဖြင့် ရောက်ရှိလာသည့်အခါတွင် ကျန်းမာရေးဆိုင်ရာ သက်ရောက်မှုများ၊ တုံ့ပြန်မှုများ၊ အဆိပ်သင့်မှုများ ချက်ချင်းခံစားရခြင်း **(Acute Toxicity)**ဖြစ်ပြီး သေသည်အထိ ဘေးအန္တရာယ်ဖြစ်စေသော ဓာတုပစ္စည်းများကို ဖော်ပြသည့်အခါတွင်သုံးပါသည်။ အသက်စိုးရိမ်ဖွယ်ရာ အဆင့်ရှိသော ဘေးအန္တရာယ်ဖြစ်ပေါ်စေသည့် ဓာတုပစ္စည်းများအတွက် သတိပေးသည့်တံဆိပ်ဖြစ်သည်။ ယင်းဓာတုပစ္စည်းများသည် မျက်စိနာကျင်စေခြင်း၊ မျက်စိပြင်းထန်စွာပျက်စီးခြင်း၊ ယားယံခြင်း **(Serious Eye Dmage/ Eye Irritation)**၊ အရေပြားလောင်စားခြင်း၊ ယားယံခြင်း **(Skin Corrosion/ Irritation)**၊ အရေပြားနီမြန်းစေခြင်း၊ Sensitizer ဟုခေါ်သည့် ဓာတ်ပြုမှုအရှိန်ကိုမြင့်တင်ပေးသည့် ဓာတုပစ္စည်းများနှင့် ထိတွေ့ပြီးပါက အခြားဓာတ်ပြုနိုင်သည့် ဓာတုပစ္စည်း အနည်းငယ်မျှထိတွေ့ရုံမျှနှင့် အကြီးအကျယ်ဓာတ်ပြုမှုဖြစ်ပြီး အသက်ရှူလမ်းကြောင်းနှင့် အရေပြားကို ပြင်းထန်စွာ ထိခိုက်မှုဖြစ်ပေါ်စေပြီး **(Respiratory or Skin Sensitization)** အရေပြားဓာတ်ပြုမှုမြန်ခြင်းကို ဖော်ပြရာတွင်လည်းကောင်း၊ ဓာတုပစ္စည်းနှင့် တစ်ကြိမ်ထိတွေ့ခြင်းဖြင့် ခန္ဓာကိုယ်အစိတ်အပိုင်းများကို ထိခိုက်စေခြင်း **[Specific Target Organ System (STOT) (Single Exposure)]**၊ ဓာတုပစ္စည်းများ အကြိမ်ကြိမ်ထိတွေ့ခြင်းဖြင့် ခန္ဓာကိုယ်အစိတ်အပိုင်းများ ထိခိုက်စေခြင်း **[Specific Target Organ System (STOT) (Repeated Exposure)]** တို့၏ အန္တရာယ်သတိပေးရာတွင်လည်းကောင်း၊ မူးယစ်ဆေးဝါးသုံးစွဲသကဲ့သို့ မူးယစ်စေခြင်းအစရှိသည့် ကျန်းမာရေးဆိုင်ရာ ထိခိုက်မှုများကို သတိပေး **(Warning)** ဖော်ပြရာတွင် ဤပုံကို အသုံးပြုနိုင်ပါသည်။ သို့ရာတွင် အထက်ပါ ဓာတုပစ္စည်းတစ်မျိုးအတွက် Hazard Sign ပြသည့်အခါတွင် အန္တရာယ်ပိုကြီးသည့် Danger သတိပေးထားသည့် ရုပ်ပုံများနှင့် နှိုင်းယှဉ်လျှင် Warning ပုံကို ထပ်မံဖော်ပြရန်မလိုအပ်ပါ။

(၈)

ဤသင်္ကေတ အနီရောင်ပေါင်ကွပ်ထဲတွင် အဖြူရောင်အောက်ခံ၌ အမည်းရောင်ဖြင့် လူကိုယ်တစ်ပိုင်းပုံသည် အရာများစွာကို ဆိုလိုပါသည်။ အသက်ရှူလမ်းကြောင်းနှင့် အရေပြားထိတွေ့ ဓာတ်ပြုမှုလွယ်ခြင်း **(Respiratory or Skin Sensitization)**၊ Tetratogens ဟုခေါ်သည့် ဓာတုပစ္စည်းတစ်မျိုးကြောင့် ကိုယ်ဝန်ဆောင်တို့၏ သန္ဓေသားဘဝမှာပင် သေဆုံးတတ်ပြီး မွေးဖွားလာသောအခါတွင်လည်း ခြေလက်အင်္ဂါပါမလာခြင်း၊ သန္ဓေပြောင်းခြင်း၊ မျိုးရိုးဗီဇဆိုင်ရာချို့ယွင်းချက်များ ဖြစ်ပေါ်စေခြင်း၊ မျိုးရိုးဗီဇများပြောင်းလဲခြင်း **(Germ Cell Mutagenicity)**၊ ကင်ဆာဆဲလ်များဖြစ်ပေါ်ခြင်း **(Carcinogenicity)** မျိုးပွားမှုစွမ်းအားအဆိပ်သင့်ခြင်း **(Reproductive Toxicity)**၊ ဓာတုပစ္စည်းနှင့် တစ်ကြိမ်ထိတွေ့ခြင်းဖြင့် ခန္ဓာကိုယ်အစိတ်အပိုင်းများကို ထိခိုက်စေခြင်း **[Specific Target Organ System(STOT) (Single Exposure)]**၊ ဓာတုပစ္စည်းများ အကြိမ်ကြိမ်ထိတွေ့ခြင်းဖြင့် ခန္ဓာကိုယ်အစိတ်အပိုင်းများ ထိခိုက်စေခြင်း **[Specific Target Organ System (STOT) (Repeated Exposure)]**၊ ဓာတ်မတည့်သည့် တုံ့ပြန်မှုများ **(Allergy)** ဖြစ်ပေါ်စေခြင်း အစရှိသော ဓာတုပစ္စည်းများကို ဖော်ပြသည့်အခါတွင် အသုံးပြုပါသည်။



**ကျန်းမာရေးအန္တရာယ်ပုံ (Health Hazard Pictogram)**

## ပတ်ဝန်းကျင်ဆိုင်ရာဘေးအန္တရာယ် (Environmental Hazard)

(၉)



**ငါးသေနှင့် သစ်ခြောက်ပင် (Fish & Dead Tree)**

ဤခြောက်သွေ့နေသော သစ်ပင်နှင့် ကုန်းပေါ်တွင် ရောက်နေသော ငါးသေပုံသည် ရေနေသတ္တဝါများနှင့် သစ်ပင်များကို ကျရောက်စေသည့် အန္တရာယ်ကို ဖော်ပြရာတွင် အသုံးပြုပါသည်။ ရေနေသတ္တဝါများနှင့် သစ်ပင်များကို အန္တရာယ် **(Aquatic Hazard)** ကျရောက်ရာတွင် နှာခေါင်းမှရှူသွင်း (Inhalation) မိပါက ချက်ချင်းအဆိပ်သင့်ခြင်း **(Acute Toxicity)** နှင့် မျိုချမိပါက သို့မဟုတ် အရေပြားနှင့် ထိတွေ့မိပါက ကြာရှည်အဆိပ်သင့်ခြင်း **(Chronic Toxicity)** တို့ဖြစ်စေပါသည်။ ရေရှည်တွင် ကြာရှည်သက်ရောက်မှုများ (Chronic Toxicity) ကြောင့် ပတ်ဝန်းကျင်ဂေဟစနစ်ကို အဆိပ်သင့်ပျက်စီးစေခြင်း **(Disruption of the Ecosystem)** ဖြစ်စေပါသည်။

ဒေါက်တာ လပြည့်ခင်

### ဓာတုပစ္စည်းများအား အန္တရာယ်သတိပေး (Labeling) တံဆိပ်ကပ်ရာတွင် ပါဝင်ရမည့် (၇)ချက်

GHS စနစ်အရ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအား အန္တရာယ်အတန်းအစားခွဲခြားခြင်း **(Classification)** နှင့် အန္တရာယ်သတိပေးအမှတ်အသားတံဆိပ်ကပ် **(Labeling)** ရာတွင် အဓိကပါဝင်ရမည့်အချက်(၇)ချက်ကို ဖော်ပြလိုပါသည်။ နောက်ပိုင်းတွင် ဖော်ပြထားသော ဥပမာများဖြင့် တွဲဖက်လေ့လာနိုင်ပါသည်။

(၁) ထုတ်ကုန်အမျိုးအမည် (Product Identifier)
(၂) ရုပ်ပုံအမှတ်အသားတံဆိပ် (Hazard Program)
(၃) အချက်ပြစကားလုံး (Signal word)
(၄) အန္တရာယ်ရှိနိုင်မှု (Hazard Statement)
(၅) ကြိုတင်ကာကွယ်ရန်နည်းလမ်း (Precautionary Statement)
(၆) ပေးသွင်းသူ၏ အချက်အလက်ဖော်ပြချက် (Supplier Information)
(၇) ထပ်ဆောင်း သတင်းအချက်အလက် (Supplemental Information)

အန္တရာယ်သတိပေး မှတ်တမ်းလွှာတစ်ခုတွင် ထိုအချက်များ ပြည့်စုံစွာပါဝင်ရပါမည်။

### အန္တရာယ်ကင်းရှင်းမှုအဆင့် မှတ်တမ်းလွှာ (Safety Data Sheet) (၁၆)ချက်

ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ ပြည်တွင်းပြည်ပသို့ တင်ပို့ရောင်းချခြင်းများ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာလုပ်ငန်းများတွင် နိုင်ငံတကာကျင့်သုံးသောစနစ် (Globally Harmonized System-GHS) အရ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ၏ အန္တရာယ်သတိပေးအမှတ်အသားကပ်ခြင်းပြုလုပ်ရာတွင် အန္တရာယ်ကင်းရှင်းမှုအဆင့် မှတ်တမ်းလွှာ **(Safety Data Sheet)** ၌ ပါဝင်ရမည့် အချက်(၁၆)ချက်ကို လည်းတင်ပြလိုပါသည်။

(၁) အမျိုးအမည် (Identification)
(၂) ဘေးအန္တရာယ်ဖော်ပြချက် (Hazard Identification)
(၃) ပါဝင်သောပစ္စည်းများ (Compositional Information on Ingredient)
(၄) ရှေးဦးသူနာပြုဆောင်ရွက်ရန်လုပ်ငန်းစဉ်များ (First-Aid Measures)
(၅) မီးငြိမ်းသတ်ရန်နည်းလမ်းများ (Fire-Fighting Measures)
(၆) မတော်တဆဖြစ်လျှင်ဆောင်ရွက်ရန် နည်းလမ်းများ (Acidental Release Measures)
(၇) ကိုင်တွယ်ပုံနှင့်သိမ်းဆည်းနည်းစနစ် (Handling and Storage)
(၈) ထိတွေ့မှုမရှိစေရန် ထိန်းချုပ်ခြင်းနှင့်ကာကွယ်ခြင်း (Exposure on Tools / Personal Protection)
(၉) ရုပ်ဂုဏ်သတ္တိနှင့်ဓာတ်ဂုဏ်သတ္တိများ (Physical and Chemical Properties)
(၁၀) တည်ငြိမ်မှုနှင့်ဓာတ်ပြုနိုင်မှု (Stability and Reactivity)
(၁၁) အဆိပ်အတောက်ဖြစ်ခြင်းနှင့် သတင်းအချက်အလက် (Toxicological Information)
(၁၂) ဂေဟစနစ်ဆိုင်ရာသတင်းအချက်အလက် (Ecological Information)
(၁၃) စွန့်ပစ်မှုဆိုင်ရာ အကြံပေးချက် (Disposal Consideration)
(၁၄) သယ်ယူပို့ဆောင်ရေးဆိုင်ရာ သတင်းအချက်အလက် (Transport Information)
(၁၅) စည်းမျဉ်းစည်းကမ်းဆိုင်ရာသတင်းအချက်အလက် (Regulating Information)
(၁၆) အခြားသတင်းအချက်အလက် (Other Information)

ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ၏ အန္တရာယ်ကင်းရှင်းမှုအဆင့် သတ်မှတ်ရာတွင် အထက်ပါအချက်(၁၆)ချက် ပြည့်စုံစွာပါရှိပါမည်။ ဆက်လက်ပြီး GHS ပြုလုပ်ထားသည့် ဓာတုပစ္စည်းအချို့၏ ဥပမာများကို စာဖတ်သူများလေ့လာနိုင်ရန် မြန်မာဘာသာသို့ ပြန်ဆို၍ ဖော်ပြထားပါသည်။ နောက်ပိုင်းတွင် ဂျပန်နိုင်ငံ၏ အကူအညီဖြင့် ဆောင်ရွက်နေသော ASEAN Chemicals Safety Database (ACSD) Website တွင် ထည့်သွင်းလွှင့်တင်သွားမည်ဖြစ်သဖြင့် သက်ဆိုင်သူများ အလွယ်တကူ ရှာဖွေကြည့်ရှုနိုင်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။



# သည်းခြေကျောက်တည်ခြင်း

**ပါမောက္ခခင်မောင်ဝင်း(အသည်း)**

**အပိုင်း (၁၂)**

(ကျွန်တော်ကိုယ်တိုင် စင်ကာပူနိုင်ငံ အထွေထွေဆေးရုံကြီးမှာ သည်းခြေအိတ်ကို အပေါက်လေးဖောက်ပြီးထုတ်ခဲ့တုန်းက အောင်အောင်မြင်မြင် ခွဲစိတ်ပြီးတဲ့နောက် မေ့ဆေးပြေလာပြီး ကျွန်တော့်အခန်းထဲကို ပြန်ရောက်လာတဲ့အကြောင်း ပြောနေပါတယ်။)

**ခွဲပြီးနောက်တစ်နေ့ လျှောက်လည်**

ကျွန်တော့်သည်းခြေအိတ်ထဲမှာ ကျောက်တည်တာကို အပေါက်လေးဖောက်ပြီး သည်းခြေအိတ်ထုတ်တယ်။ ညနေမှာပဲ ဆန်ပြုတ်စားတယ်။ ည ၁၀ နာရီမှာအိပ်ပြီး နောက်တစ်နေ့မှာ ခွဲစိတ်ပါရဂူ ပီယားချောင်းက ဆင်းလို့ရပြီပြောလိုက်တာနဲ့ ပစ္စည်းအားလုံးသိမ်းပြီး ဆေးရုံမှာ ငွေရှင်း၊ ဆေးရုံကနေ ပျော်ပျော်ကြီးဆင်းခဲ့ပါတယ်။ ဆင်းခါနီးမှာ တာဝန်ကျဆရာမတစ်ယောက်က လာပြီးတော့ ကျွန်တော့်ဗိုက်က အပေါက်လေးသုံးပေါက်ကို ရေလုံတဲ့ water proof ပလာစတာနဲ့ ကပ်ထားတာ၊ ရေချိုးလို့ရပါတယ်၊ တကယ်လို့ ပလာစတာနည်းနည်းကွာတယ်ဆိုရင် နောက်ပလာစတာနဲ့ လဲလို့ရပါတယ်ဆိုပြီး အပြည့်အစုံ ညွှန်ကြားသွားပါတယ်။

ကျွန်တော် ဆေးရုံဆင်းတော့ အဲဒီတုန်းက National Cancer Centre (NCC) အမျိုးသားကင်ဆာဌာန ကင်ဆာလူနာတွေ သက်သာအောင်လုပ်ပေးတဲ့ဌာန palliative medicine မှာ အလုပ်လုပ်ရတဲ့ သမီးကြီး ဒေါက်တာမင်းမင်းဝင်းက ကျွန်တော့်ကို သူ့ရဲ့ Mazda6 ကားအနီအသစ်စက်စက်လေးနဲ့ လာကြိုပါတယ်။ ပြီးတော့ သမီးတွေအတွက် ဝယ်ပေးထားတဲ့ Tanglin Tower Condo ကို ခေါ်သွားပြီး အဲဒီမှာ ခဏနားကြပါတယ်။ အဲဒီအိမ်မှာ သမီးတွေ ချက်ပြုတ်ထားတဲ့ မြန်မာထမင်းဟင်း ဖွယ်ဖွယ်ရာရာကို အားရပါးရစားလိုက်ပါတယ်။ တကယ်တမ်းစဉ်းစားကြည့်မယ်ဆိုရင် သည်းခြေအိတ်တစ်ခုလုံးထုတ်ထားတဲ့ လူနာဟာ နောက်တစ်နေ့မှာ စားချင်ရာစား၊ full diet တွေကို စားနေတဲ့အဖြစ်ဟာ မယုံနိုင်စရာပါ။ မုန့်လာဥအချဉ်ဟင်း၊ ငါးကြင်းဆီပြန်၊ ငါးပိရည်အတို့အမြုပ်၊ ကြက်သားကာလသားချက်တွေနဲ့ စားရတာ တော်တော်ကိုအရသာရှိပါတယ်။ မြန်မာအစားအစာတွေကို သိပ်ကြိုက်တဲ့ ကျွန်တော်ဟာ မြန်မာထမင်းဟင်း မစားရတာ တစ်ရက်လောက်ရှိသွားတာနဲ့ မြန်မာစာတွေကို တမ်းတနေတဲ့သူဆိုတော့ စိတ်တိုင်းကျစားပစ်လိုက်ပါတယ်။

ပြီးတော့မှ ဟိုပြောဒီပြော စကားတွေပြောပြီး သမီးတွေနှိပ်ပေးတာကို အနှိပ်ခံရင်း တရေးတမော အိပ်ပျော်သွားပါတယ်။ ကျွန်တော်တို့ တစ်မိသားစုလုံးဟာ အနှိပ်ခံရတာကို သိပ်ကြိုက်တဲ့သူတွေပါပဲ။ အဲတော့ ဆိုဖာဆက်တီပေါ်မှာထိုင်ပြီး သမီးတွေ ညီမတွေ ခြေသလုံးကိုနှိပ်ပေးတာကို ဇိမ်ခံရင်းနဲ့ ကျွန်တော်အိပ်ပျော်သွားတာပါ။ ခဏနေတော့မှ ကျွန်တော့်ဇနီးက 'ထထ ခုတင်ပေါ်မှာ သေချာလေး သွားအိပ်' ဆိုတော့မှ ခုတင်ပေါ်သွားအိပ်လိုက်တာ နိုးတော့ ညနေ ၅နာရီ ထိုးခါနီးဖြစ်နေပါပြီ။ အဲတော့မှ ရေချိုး အဝတ်အစားလဲပြီး ဧည့်ခန်းထွက်လာတော့ သမီးတွေက 'အဖေကြီးလာ သမီးတို့ ဈေးလျှောက်ကြည့်ရအောင်'လို့ပြောပါတယ်။ ကျွန်တော်က 'ဟဲ့ အဖေကြီး မနေ့ကမှ ခွဲထားတာ သွားလို့ဖြစ်ပ့ါမလား'လို့ပြောတော့ သမီးတွေက 'အဖေကြီးကလည်း ခွဲစိတ်ပြီးလို့ အဖေကြီး အခု ထမင်းတွေတောင် စားချင်သလိုစားနေပြီး လျှောက်လည်လို့ ဘာမှမဖြစ်ပါဘူး' လို့ ပြောပါတယ်။ ဒါနဲ့ ကျွန်တော်လည်း လမ်းလျှောက်ကြည့်တော့ ခွဲစိတ်အပေါက်ဖောက်ထားတဲ့ နေရာလေးတွေမှာ နည်းနည်းလေးတင်းပြီး နာသလိုလေး ခံစားရပေမယ်လို့ လမ်းလျှောက်လို့တော့ ရနိုင်မယ်ထင်တာနဲ့ 'သွားကြမယ်လေ အဖေကြီးလည်း စင်ကာပူက Starbuck Coffee သောက်ချင်နေတာနဲ့ အတော်ပဲ' ဆိုပြီး ကျွန်တော်တို့ မိသားစုကားလေးနဲ့ ဈေးဆိုင်တန်းတွေ လျှောက်ကြည့်ဖို့ ထွက်ခဲ့ပါတယ်။

ဆိုင်တွေကိုရောက်တော့ ကျွန်တော် လမ်းဖြည်းဖြည်းချင်း စမ်းလျှောက်ကြည့်တဲ့အခါ ဘာမှသိပ်မနာတာနဲ့ ဖြည်းဖြည်းချင်း လမ်းလျှောက်ပြီး ဆိုင်တွေကို ဟိုမော့ဒီမော့နဲ့ တညနေလုံး ဈေးတန်းလမ်းလျှောက် လုပ်လိုက်မိပါတော့တယ်။ နောက်ဆုံးရောက်တော့မှ Starbuck Coffee ဆိုင်မှာထိုင်ပြီး ကျွန်တော်အကြိုက်ဆုံး နွားနို့နဲ့ ဖျော်ထားတဲ့ လက်တေး (Latte coffee) တစ်ခွက်ကို တစ်စိမ့်စိမ့်သောက်မိပါတော့တယ်။ ဒီလိုနဲ့ ခွဲပြီးနောက်တစ်နေ့ လူနာ ကျွန်တော်ဟာ ဈေးလျှောက်လည်ပြီးတော့ အိမ်ပြန်ရောက်တော့မှ ငါလုပ်မိတာ လွန်များသွားသလားဆို တွေးမိပါတယ်။ ဒါပေမယ့်လည်း ကျွန်တော်ဟာ ထူးထူးခြားခြား ဘာမှ နာတယ် အောင့်တယ်ဆိုတာ မခံစားရတော့မှ စိတ်အေးသွားပါတယ်။ အခုခေတ် သည်းခြေအိတ်ထုတ် အပေါက်ဖောက်ခွဲတယ်ဆိုတာဟာ ဘာမှ အလုပ်မပျက်ခွဲပြီး ၂၄ နာရီကြာတဲ့အခါမှာ အတော်အသင့် သွားလာလှုပ်ရှားလို့ရတယ်ဆိုတာ သဘောပေါက်သွားပါတော့တယ်။ အံ့မခန်း ခေတ်သစ်ခွဲစိတ်မှု ဆေးပညာတိုးတက်မှုတွေပါ။

ဒီလိုနဲ့ နောက်တစ်ရက်မှာလည်း အဲဒီလိုပဲ အိမ်မှာ စားချင်တာတွေစား သွားချင်ရာကိုသွားနေပြီး နောက်တစ်နေ့ ရန်ကုန်ကိုပြန်ဖို့ ပြင်ကြဆင်ကြရပါတယ်။

**ရန်ကုန်ပြန်ရောက်ပြီ**

ကျွန်တော်ဟာ အဲဒီတုန်းက ရန်ကုန်ဆေးရုံကြီး အသည်းဌာနမှာ ပါမောက္ခ၊ ဌာနမှူးတာဝန်နဲ့ အစိုးရတာဝန်ထမ်းဆောင်နေတုန်းပါ။ ဗီယက်နမ်ကို အစည်းအဝေးသွားတက်ရင်းနဲ့ အပြန်မှာ စင်ကာပူ ခဏဝင်ပြီး ဒီလိုသည်းခြေအိတ်ကို အပေါက်လေးဖောက်ပြီး ခွဲရတာဆိုတော့ ခွဲပြီးတာနဲ့ ရန်ကုန်ပြန်ဖို့ စီစဉ်ရတော့တာပေ့ါ။

ကျွန်တော် ဒီလိုခွဲမယ်ဆိုတာကို ဘယ်သူ့မှပြောမထားတာဆိုတော့ ရန်ကုန်အပြန်မှာ ပုံမပျက်လေး ဖြည်းဖြည်းသက်သာ လမ်းလျှောက်ပြီး လေယာဉ်ပေါ်က ဆင်းခဲ့ပါတယ်။ ကျွန်တော် ဗီယက်နမ်သွားတုန်းက ပါမောက္ခဒေါ်သန်းသန်းဆွေ၊ ဒေါက်တာ ဦးဝင်းနိုင် (အဲဒီတုန်းက အသည်းအထူးကု ဆရာဝန်ကြီး)တို့နဲ့ အတူတူသွားကြတာပါ။ အပြန်ရောက်တော့ သူတို့ကို 'ပြန်နှင့်ကြပါ၊ ကျွန်တော် စင်ကာပူက သမီးတွေဆီ ဗန်ကောက်ကနေ စင်ကာပူကို ခဏသွားပြီး လည်လိုက်ဦးမယ်' လို့ပြောပြီး စင်ကာပူရောက်တော့ အခုလိုအပေါက်ဖောက်ပြီး သည်းခြေအိတ်ကို ခွဲလိုက်တာပါ။ အခုလို အောင်အောင်မြင်မြင် သည်းခြေအိတ်ကို ဖောက်ထုတ်လိုက်တာကို သူတို့ လုံးဝမသိကြပါဘူး။

ဒီလိုနဲ့ခွဲစိတ်ပြီး မြန်မာပြည်ပြန်ရောက်တော့ ဘယ်သူ့ကိုမှ ခွဲတဲ့အကြောင်းကို မပြောဖြစ်ပါဘူး။ ကျွန်တော့်ကို စောင့်ရှောက်ကြည့်ပေးနေတဲ့ မြန်မာပြည်က ခွဲစိတ်ပါမောက္ခ ဦးထွန်းဦးတို့ကိုလည်း ဘာမှမပြောဘဲ ကျွန်တော့် အလုပ်တာဝန်တွေကို ပြန်ပြီးလုပ်နေပါတော့တယ်။

ဒီလို ကျွန်တော့်ရဲ့ ကိုယ်တွေ့ သည်းခြေကျောက်တည်တာကို စင်ကာပူအထွေထွေဆေးရုံကြီးမှာ အပေါက်လေးဖောက်ပြီးခွဲခဲ့တာကို ဘာလို့ရေးရတာလဲဆိုတော့ ကျွန်တော့်ရဲ့ စာဖတ်ပရိသတ်ကို သည်းခြေအိတ်ကျောက်တည်တာဟာ ဘာမှစိုးရိမ်စရာမရှိဘဲ လုပ်သင့်တာတွေကို လုပ်သင့်တဲ့အချိန်မှာ လုပ်ကြပါဆိုတာကို ပြောချင်လို့ပါ။ တကယ်လို့ ခွဲသင့်တဲ့အချိန်မှာ မခွဲဘဲနဲ့ သည်းခြေအိတ်ထဲမှာ ကျောက်တွေကို ထားမယ်ဆိုရင် ဘေးထွက်ဆိုးကျိုးတွေ ထွက်လာနိုင်လို့ ခုလိုကုသလို့ရတယ်ဆိုတာ ပြောပြတာပါ။ အပေါက်လေးဖောက်ပြီး ခွဲတယ်ဆိုတာ လုံးဝကို စိတ်ချရတဲ့ ခွဲစိတ်နည်းတစ်ခုပါ။ ဒီနေ့ ကမ္ဘာပေါ်မှာ လူနာသန်း ၄၀ လောက်ခွဲပြီးပါပြီ။ ဘယ်လို ဘေးထွက်ဆိုးကျိုးမှ မရှိပါဘူး ဆိုတာကို ဒီနေရာကနေ ကိုယ်တွေ့အာမခံပြောပြလိုက်ပါရစေ။

**ဆက်လက်ဖော်ပြပါမည်။**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံအား ကြိုဆိုထောက်ခံ

**ဟားခါး ဖေဖော်ဝါရီ ၁၈**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ကြိုဆိုထောက်ခံပွဲကို ချင်းပြည်နယ် ဟားခါးမြို့၌မြို့ပေါ်ရှိ ရပ်ကွက်ခြောက်ခုမှ ဒေသခံပြည်သူအင်အား ၁၂၀၀ ကျော်ပါဝင်၍ ဖေဖော်ဝါရီ ၁၆ ရက်က ကျင်းပခဲ့သည်။



ရပ်ကွက်ခြောက်ခုမှ ပြည်သူများက ဟားခါး ပြည်တော်သာရပ်ကွက် စုရပ်မှ စစ်ကြောင်းခြောက်ကြောင်းဖြင့် "ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံအား ဂုဏ်ပြုထောက်ခံပါသည်၊ ပြည်ထောင်စုငြိမ်းချမ်းမှု ခိုင်မာစေရေး၊ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေး၊ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေး" စသည့် ဆိုင်းဘုတ်များကိုင်ဆောင်၍ အခမ်းအနား ကျင်းပမည့် ဝမ္မသူးမောင်အားကစားကွင်းသို့ ချီတက်ခဲ့ကြသည်။ **(ဝဲပုံ)**

အခမ်းအနားတွင် သဘာပတိအဖြစ် ဦးလျန်အုပ်ကဆောင်ရွက်ပြီး အမှာစကားပြောကြားကာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံအား ကြိုဆိုထောက်ခံသည့်အဆိုကို ဟားခါးမြို့ မြို့မိမြို့ဖ ဦးထန်ကျုံးက တင်သွင်းပြီး မင်းတပ်မြို့ မြို့မိမြို့ဖ ဦးမောင်းလိန်းက ထောက်ခံဆွေးနွေးကာ တက်ရောက်သော ပြည်သူလူထုကလည်း ငြိမ်းချမ်းရေးညီလာခံအား ထောက်ခံကြိုဆိုကြောင်း ဆန္ဒပြုခဲ့ကြသည်။

**(ပြည်နယ်ပြန်/ဆက်)**

# စာသင်ကျောင်းဆောင်သစ် တည်ဆောက်ပြီးစီး

**ကသာ ဖေဖော်ဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့နယ်၌ ဆင်းရဲနွမ်းပါးနှင့် မိဘမဲ့ကလေးငယ်များအား ပညာရေးအခမဲ့သင်ကြားပေးမည့် လူဦးရေ ၁၀၀ဆံ့ ကျောင်းဆောင်သစ်ကို တည်ဆောက်ပြီးစီးနေပြီဖြစ်၍ လာမည့်ပညာသင်နှစ်မှ စတင်ကာသင်ကြားပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျောင်းဆောင်သစ်ကိုနယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၁၃၄ သန်းဖြင့် အောင်မြင်အေးချမ်းသာကုမ္ပဏီက တည်ဆောက်ခဲ့ပြီး အလျားပေ ၉၀၊ အနံ ၃၆ ပေ၊ အမြင့် ၁၂ ရှိ အာရ်စီတစ်ထပ်အဆောက်အအုံဖြစ်ကာ ရေချိုးခန်း၊ ၅၀ ကေဗွီထရန်စဖော်မာ၊ အရှည်တစ်မိုင် ဓာတ်အားလိုင်း၊ အရှည်ပေ ၁၅၀၀ လုံခြုံရေးမီးလိုင်း၊ ကျောင်းအတွင်း ကျောက်ချောလမ်းများလည်း ပါဝင်ကြောင်း သိရသည်။

အဆိုပါကျောင်းတွင် မိသားစုစားဝတ်နေရေးအခက်အခဲကြောင့် ကျောင်းဆက်မတက်နိုင်သည့်ကလေးငယ်များနှင့်မိဘမဲ့ကလေးငယ်များအား နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနက စတုတ္ထတန်းမှ ဘွဲ့ရသည်အထိ အခမဲ့ပညာသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ငွေအိုး (ကသာ)**

# နွေရာသီအတွင်း ရေပြတ်လပ်မှုမရှိစေရေးဆွေးနွေး

**ညောင်ဦး ဖေဖော်ဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်အတွင်းရှိ ကျေးရွာများ၌ နွေရာသီကာလတွင် သောက်သုံးရေရှားပါးပြတ်လပ်မှုမရှိစေရေးအတွက် စိုက်ပျိုးရေနှင့် သောက်သုံးရေကို အလေအလွင့်မရှိ အကျိုးရှိစွာအသုံးပြုနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၁၆ ရက်ကပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေနှင့် သောက်သုံးရေကို အလေအလွင့်မရှိ အကျိုးရှိစွာအသုံးချနိုင်ရေးကြီးကြပ်ရေးအဖွဲ့၏ ညောင်ဦးခရိုင်တာဝန်ခံ ဦးမျိုးနိုင်အောင်နှင့် ညောင်ဦးခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ထူးမောင်တို့က အယ်လ်နီညိုရိုက်ခတ်မှုဒဏ်ကြောင့်ဖြစ်ပေါ်လာနိုင်သော ရင်ဆိုင်ကြုံတွေ့ရမည့်စိန်ခေါ်မှုများနှင့် ဖြေရှင်းနိုင်ရေးအတွက် ကြိုတင်စီမံဆောင်ရွက်ထားရန်၊ စိုက်ပျိုးရေနှင့် သောက်သုံးရေရှားပါးပြတ်လပ်မှုမရှိစေရေးနှင့် ရေကို အလေအလွင့်မရှိအကျိုးရှိစွာအသုံးချနိုင်ရေး၊ ညောင်ဦးခရိုင်အတွင်း သဘာဝရေအရင်းအမြစ်များ ပျက်စီးမှုမရှိစေရေးတို့ကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက ကျေးရွာများ၌လက်ရှိရေသုံးစွဲနေမှု၊ ရေတွင်း၊ ရေကန်နှင့်ရေတင်စက်များ၏ လက်ရှိဆောင်ရွက်နိုင်မှုအခြေအနေများ၊ လိုအပ်နေသည့်အခက်အခဲများကို ရှင်းလင်းပြောကြားပြီး ဖြေရှင်းနိုင်မည့်နည်းလမ်းများကိုညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

**ရဲသူရအောင် (ညောင်ဦး)**

# ဟားခါးမြို့ရှိ သဘာဝဘေးသင့်ပြည်သူများအား ဆန်အိတ်များ လှူဒါန်း

**ဟားခါး ဖေဖော်ဝါရီ ၁၈**

ချင်းပြည်နယ် ဟားခါးမြို့နယ်ရှိ သဘာဝဘေးသင့်ပြည်သူများအတွက် Myanmar Peace Centre နှင့် နီပွန်ဖောင်ဒေးရှင်းမှ ဆန်အိတ်များ ပေးအပ်လှူဒါန်းပွဲကို ဟားခါးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ဗိုလ်ကြွမ်ဘိခ်ခန်းမ၌ ဖေဖော်ဝါရီ ၁၅ ရက် ညနေပိုင်းက ကျင်းပသည်။

လှူဒါန်းပွဲတွင် ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက အမှာစကားပြောကြားပြီး Myanmar Peace Centre နှင့် နီပွန်ဖောင်ဒေးရှင်းမှအမှုဆောင်ညွှန်ကြားရေးမှူး ဦးကျော်စိုးလှိုင်က ဆန်အိတ်များ ပေးအပ်လှူဒါန်းခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ Myanmar Peace Centre နှင့် နီပွန်ဖောင်ဒေးရှင်း အမှုဆောင်ညွှန်ကြားရေးမှူးနှင့်အဖွဲ့က ဆန်အိတ်များကို သဘာဝဘေးသင့်ပြည်သူများကိုယ်စား တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့သည်။

ဆန်အိတ်များ ထောက်ပံ့လှူဒါန်းရာတွင် ဟားခါးမြို့နယ်ရှိ သဘာဝဘေးသင့်ပြည်သူများအတွက်ဆန်အိတ် ၁၀၀၀ နှင့် ချင်းအမျိုးသားတပ်ဦး(CNF) နယ်မြေအတွင်းရှိ သဘာဝဘေးသင့် ပြည်သူများအတွက်ဆန်အိတ် ၂၂၅၀ စုစုပေါင်း ဆန်အိတ် ၃၂၅၀ ကိုထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။



**(ပြည်နယ်ပြန်/ဆက်)**

# ခက်ခဲပေမယ့် နိုင်ပွဲဆက်ဦးမယ့် ဘာစီလိုနာရဲ့ လာလီဂါပွဲစဉ်(၂၅)

မိုးမြင့်လင်းလက်

**စပိန်လာလီဂါပွဲစဉ်(၂၅)ကို ဖေဖော်ဝါရီ ၂၀ရက်နဲ့ ၂၁ ရက်တွေမှာ ဆက်လက်ယှဉ်ပြိုင်ကစားမှာဖြစ်တာမို့ အသင်းကြီးတွေ သတိထားရမယ့်ပွဲစဉ်တွေဖြစ်နေပါတယ်။ ဒီပွဲစဉ်မှာ ဘာစီလိုနာတို့က အဝေးကွင်းမှာကစားရမှာဖြစ်သလို အားထည့်ရမယ့်ပွဲလည်းဖြစ်နေပါတယ်။ ဒါ့အပြင် တန်းဆင်းဇုန်အတွင်းက အသင်းတွေရဲ့ ရုန်းထအားကလည်း ပြင်းထန်လာမှာဖြစ်တာကြောင့် ပွဲစဉ်တိုင်း အပြိုင်အဆိုင်နဲ့ ပရိသတ်အကြိုက်ပွဲတွေအဖြစ် အသုံးတော်ခံဦးမှာဖြစ်ပါတယ်။**



### လက်စ်ပယ်မက်နှင့် ဘာစီလိုနာ

လောလောဆယ်မှာ ခြေစွမ်းကောင်းတွေ ပြန်လည်ဖော်ထုတ်နိုင်ဖို့ ကြိုးစားနေတဲ့ လက်စ်ပယ်မက်အသင်းဟာ အိမ်ကွင်းမှာ အခုပွဲကစားရမှာမို့ ဘာစီလိုနာကို အမှတ်ပြည့်မပေးဖို့ အားထုတ်လာပါလိမ့်မယ်။ လက်စ်ပယ်မက်နဲ့ ဘာစီလိုနာတို့ နောက်ဆုံးသုံးပွဲကစားခဲ့တဲ့ရလဒ်တွေကိုကြည့်ရင် သရေနှစ်ပွဲဖြစ်ထားပြီး ဘာစီလိုနာက တစ်ပွဲသာနိုင်ထားပါတယ်။ လက်စ်ပယ်မက်နဲ့ဆုံတိုင်း ဘာစီလိုနာတို့ ကစားရခက်ခဲတတ်တာမို့ အခုပွဲ သတိထားမှုရပါလိမ့်မယ်။ ဘာစီလိုနာကွင်းမှာ ကစားရင်တောင် ချေပဂိုးရအောင် ပြန်သွင်းနိုင်တဲ့ လက်စ်ပယ်မက်တို့က အခုပွဲမှာ အနိမ့်ဆုံးတစ်မှတ်ရအောင် ကြိုးစားပါလိမ့်မယ်။ ဘာစီလိုနာတို့ကတော့ ကမ္ဘာ့အကောင်းဆုံးတိုက်စစ်အတွဲနဲ့ ပွဲထုတ်လာမှာဖြစ်ပြီး ဂိုးပြတ်သွင်းအနိုင်ယူရေးအတွက်ပဲ အာရုံစိုက်ကစားပါလိမ့်မယ်။ ပွဲတိုင်းအနိုင်ရရှိရေး ပစ်မှတ်ထားနေတဲ့ ဘာစီလိုနာရဲ့တိုက်စစ်ကို အိမ်ကွင်းဆိုပေမယ့် လက်စ်ပယ်မက်တို့ ထိန်းချုပ်ရခက်ခဲပါလိမ့်မယ်။ လက်စ်ပယ်မက်ရဲ့ကစားအားကို သဘောကျပေမယ့် ဘာစီလိုနာရဲ့ခြေစွမ်းကိုပဲ ယုံကြည်မှုပိုများနေတာတော့ အမှန်ပါပဲ။

### ဆယ်လ်တာဗီဂိုနှင့် အီဘာ

ဒီနှစ်သင်းရဲ့ နောက်ဆုံးသုံးပွဲကစားခဲ့တဲ့ရလဒ်ကိုကြည့်ရင် တစ်ကြိမ်စီနိုင်ပြီး သရေပွဲဖြစ်ထားတာတွေ့ရပါတယ်။ ဒီနှစ်လာလီဂါမှာ တိုက်စစ်မှူးတွေ ဂိုးအများဆုံးသွင်းယူထားတဲ့ အသင်းတွေထဲမှာ ဆယ်လ်တာဗီဂိုတို့က ၂၈ ဂိုးနဲ့ တတိယနေရာမှာရှိနေသလို အီဘာတို့ကလည်း ၂၅ ဂိုးနဲ့ ဆဋ္ဌမနေရာမှာရှိနေတာမို့ တိုက်စစ်အားပြိုင်ကြမယ့်ပွဲပါပဲ။ လောလောဆယ်မှာတော့ အီဘာရဲ့ ခြေစွမ်းက ပုံစံကောင်းရရှိနေပြီး ပြိုင်ဘက်ကို အနိုင်ယူနိုင်စွမ်းရှိနေတာမို့ အိမ်ရှင်တို့ မျှော်လင့်ချက်မဲ့သွားနိုင်တဲ့ အနေအထားပါပဲ။

### ဘက်တစ်နှင့် ဂီဂွျန်

ဂီဂွျန်နဲ့ဆုံတိုင်း ဘက်တစ်တို့ နိုင်ပွဲရတာများပါတယ်။ ဘက်တစ်ရဲ့အားသာချက်က တစ်သင်းလုံးအတက်အဆင်းကစားနိုင်ပြီး တစ်ဦးချင်းထိုးဖောက်မှုကလည်း ထိရောက်မှုရှိပါတယ်။ ဂီဂွျန်တို့လည်း ခြေစွမ်းပြန်ကောင်းလာတဲ့အချိန်ဖြစ်တာမို့ ဒီပွဲဟာ အကြိတ်အနယ်ရှိလာမယ့်ပွဲပါပဲ။ ဒီနှစ်သင်းရဲ့ လာလီဂါသမိုင်းမှာ ဆုံတွေ့ခဲ့မှုတွေကိုပြန်ကြည့်ရင် ဘက်တစ်က ၂၁ ပွဲနိုင်ပြီး ဂီဂွျန်တို့က ၁၇ ပွဲနိုင်ကာ သရေ ကိုးပွဲဖြစ်ထားတာမို့ အခုပွဲမှာ အိမ်ရှင် ဘက်တစ်တို့ အမှတ်ပြည့်ရရှိရေး အားစိုက်ကစားပါလိမ့်မယ်။ အကြိုက်က အိမ်ရှင်ဖြစ်ပါတယ်။

### အက်စ်ပန်ညိုနှင့် ဒီပို့တီဗို

ဒီနှစ်သင်းရဲ့ခြေစွမ်းကွာဟမှုမရှိတာမို့ အပြန်အလှန်ထိုးဖောက်မှုတွေနဲ့ မြိုင်မြိုင်ဆိုင်ဆိုင်ရှိမယ့် ပွဲတစ်ပွဲပါပဲ။ အက်စ်ပန်ညိုတို့က အိမ်ကွင်းမှာဆိုရင် ခြေစွမ်းကောင်းမွန်တတ်ပြီး အထူးသဖြင့် ဒီပို့တီဗိုနဲ့ကစားတိုင်း အသာစီးရတာများပါတယ်။ အက်စ်ပန်ညိုနဲ့ ဒီပို့တီဗိုတို့ အက်စ်ပန်ညိုကွင်းမှာ ကစားခဲ့တဲ့ ၄၉ ပွဲရလဒ်တွေကိုကြည့်ရင် အိမ်ရှင်တို့ ၄၁ ပွဲ အနိုင်ရခဲ့တာမို့ အစဉ်အလာအရ အက်စ်ပန်ညိုတို့ပဲ မှတ်တမ်းကောင်းကို ဆက်လက်ရေးထိုးပါလိမ့်မယ်။

### လီဗန်တေးနှင့် ဂီတာဖေး

တန်းဆင်းဇုန်ထဲရောက်နေတဲ့ လီဗန်တေးတို့လည်း ဒီပွဲမှာ ပြန်လည်ရုန်းထဖို့ အားထုတ်ပါလိမ့်မယ်။ ရှုံးပွဲတွေဆက်တိုက်ကြုံတွေ့နေရတဲ့ ဂီတာဖေးတို့ ဒီပွဲမှာ တစ်မှတ်ရဖို့တောင် ခက်ခဲမယ့်အနေအထားပါပဲ။ တိုက်စစ်မှူးတွေရဲ့ အဆုံးသတ်မှုတွေ အားနည်းနေဆဲဖြစ်တဲ့ အိမ်ရှင်ဟာ ဒီပွဲတစ်မှတ်ရရင်ကျေနပ်စရာရလဒ်လို့ မှတ်ယူရမယ့်ပွဲပါပဲ။ ။



## ချယ်လ်ဆီး ချန်ပီယံလိဂ်ကွာတားတက်ဖို့ ၅၀ ရာခိုင်နှုန်းရှိနေတယ်ဆိုတဲ့ ဟစ်ဒင့်

ချန်ပီယံလိဂ် ၁၆ သင်းပြိုင်ပွဲ ပထမအကျော့မှာ ချယ်လ်ဆီးက ပြင်သစ်လီဂူး-၁ ကလပ် ပီအက်စ်ဂျီအိမ်ကွင်းမှာ နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်သွားပြီးတဲ့နောက် ချယ်လ်ဆီးအနေနဲ့ ချန်ပီယံလိဂ်ကွာတားတက်ဖို့ ၅၀ ရာခိုင်နှုန်းရှိနေတယ်လို့ နည်းပြ ဟစ်ဒင့်က ပြောဆိုလိုက်ပါတယ်။ ပီအက်စ်ဂျီအတွက် ဇလက်တန်အီဗရာဟီမိုဗစ်က အဖွင့်ဂိုးသွင်းယူခဲ့ပြီး မီခေးလ်အိုဘီက ချေပခဲ့သော်လည်း ကာဗာနီရဲ့အနိုင်ဂိုးကြောင့် ဟစ်ဒင့်ရဲ့ ချယ်လ်ဆီးက ပထမအကျော့မှာ နှစ်ဂိုးတစ်ဂိုးနဲ့ အိမ်ပြန်ခဲ့ရပါတယ်။ ဒါပေမယ့်လည်း ဒုတိယအကျော့အဖြစ် လာမယ့် မတ် ၉ ရက်မှာ စတမ်းဖို့ဒ်ဘရစ်မှာ ကစားဖို့ရှိပါတယ်။ အဝေးကွင်းမှာ ဒီလောက်နဲ့ရှုံးခဲ့တာဟာ ကံကောင်းတာပါ။ တစ်နည်းဆိုရင်တော့ အိမ်ကွင်းအတွက် အခွင့်အရေးရှိနေတာပါလို့ ဟစ်ဒင့်က ဆိုပါတယ်။ ပြင်သစ်ချန်ပီယံ ပီအက်စ်ဂျီနဲ့ ချယ်လ်ဆီးအသင်းတို့ဟာ ယခုနှစ်အတွင်း ချန်ပီယံလိဂ်မှာ တတိယအကြိမ်ဆုံတွေ့မှုဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်ကတော့ ပီအက်စ်ဂျီက ယခုအဆင့်မှာ အနိုင်ရခဲ့တာဖြစ်ပါတယ်။

## လီဗာပူးမှာ အဓိကဦးဆောင်ကစားသမားဖြစ်လာမယ့် မတ်တစ်

လီဗာပူးအသင်းအနေနဲ့ ရှော်လ်ကေး နောက်တန်းကစားသမား ဂျိုးလ်မတ်တစ်ကို အလွတ်ပြောင်းရွှေ့မှုနဲ့ ခေါ်ယူနိုင်ခဲ့ခြင်းဟာ လီဗာပူးအတွက် ဒေါ်လာသန်းပေါင်းများစွာကုန်ကျမှုကို သက်သာစေခဲ့ကြောင်း နည်းပြ ဂျာဂျင်ကလော့က အခိုင်အမာပြောဆိုခဲ့ပါတယ်။ လီဗာပူးက ဒီနှစ်နွေရာသီမှာ ရှော်လ်ကေး နောက်တန်းကစားသမား မတ်တစ်ကို အလွတ်ပြောင်းရွှေ့မှုနဲ့စာချုပ်ဖို့ရှိနေပါတယ်။ ကင်မရွန်းနောက်တန်းကစားသမား မတ်တစ်ဟာ လာမယ့်နွေရာသီမှာ အန်ဖီးလ်သို့ ပြောင်းရွှေ့လာတော့မှာဖြစ်ပါတယ်။ နည်းပြ ဂျာဂျင်ကလော့အနေနဲ့ ပြီးခဲ့တဲ့ဒီဇင်ဘာလကတည်းက မတ်တစ်ကိုခေါ်ယူဖို့ ကြိုးစားခဲ့ပေမယ့် အောင်မြင်မှုမရခဲ့ပါဘူး။ အသက် ၂၄ နှစ်အရွယ်သာရှိသေးတဲ့ မတ်တစ်ဟာ ပရီမီယာလိဂ်မှာ လီဗာပူးအတွက် အကောင်းဆုံးကစားပေးဖို့ရှိနေပါတယ်။ မတ်တစ်ဟာ ဇန်နဝါရီလအတွင်းက ဆားဘီးယားကစားသမား မာကိုဂရူဂျစ်ကို ခေါ်ယူပြီးတဲ့နောက် ဂျာဂျင်ကလော့လက်ထက်မှာခေါ်ယူတဲ့ ဒုတိယမြောက်ကစားသမားဖြစ်လာခဲ့ပါတယ်။ မတ်တစ်ဟာ လီဗာပူးအသင်းမှာ အဓိကဦးဆောင်ကစားသမားဖြစ်လာဖို့ရှိနေတယ်လို့ ဆိုပါတယ်။





## တစ်နှစ် ပေါင် ၁၉ သန်းကျော်နဲ့ ကမ်းလှမ်းမှုကို ငြင်းဆိုခဲ့တဲ့ မန်ယူကစားသမားဟောင်း တီဗက်ဇ်

မန်ယူတိုက်စစ်မှူးဟောင်း ကားလို့စ်တီဗက်ဇ်ဟာ ပြီးခဲ့တဲ့နွေရာသီက အသင်းဟောင်း ဘိုကာဂျူနီယာကို ပြန်ရောက်ခဲ့ပါတယ်။ သူ့ကို တရုတ်ကလပ်ရှန်ဟိုင်း SIPG က တစ်နှစ်ကို ပေါင် ၁၉ ဒသမ ၅ သန်းနဲ့ ခေါ်ယူဖို့ကမ်းလှမ်းခဲ့ပေမယ့် သူက ပယ်ချခဲ့ပါတယ်။ သူ့အနေနဲ့ အာဂျင်တီးနားထိပ်သီးကလပ်ဖြစ်တဲ့ ဘို ကာဂျူနီယာမှာပဲ ဆက်လက်နေဖို့ ဆန္ဒပြင်းပြနေတယ်လို့ ဆိုပါတယ်။ တီဗက်ဇ်ကို တရုတ်ကလပ်က ကမ်းလှမ်းခဲ့ပေမယ့် ညှိနှိုင်းမှုမရခဲ့ဘူးလို့ ဆိုပါတယ်။ အသက် ၃၂ နှစ်အရွယ်ရှိပြီဖြစ်တဲ့ တီဗက်ဇ်ဟာ ခြေစွမ်းပြကစားနေဆဲပါ။ သူဟာ ဇာတိမြို့ဖြစ်တဲ့ ဘိုကာမှာပဲ ဆက်လက်ကစားလိုတဲ့ဆန္ဒကြောင့် တရုတ် အသင်းရဲ့ကမ်းလှမ်းချက်အပေါ် ငြင်းဆိုခဲ့တာလို့ဆိုပါတယ်။ တီဗက်ဇ်ဟာ ဝက်စ်ဟမ်း၊ မန်ယူ၊ မန်စီးတီးတို့မှာ ကစားပြီး ဂျူဗင်တပ်စ်မှာ နှစ်နှစ်ကြာပြီးနောက် နွေရာသီက အာဂျင်တီးနားကလပ် ဘိုကာဂျူနီယာသို့ ပြန်ရောက်ခဲ့တာဖြစ်ပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်။

# ရာသီဥတုအပြောင်းအလဲတွင် ရေကိုအလေအလွင့်မရှိအောင်သုံးစွဲရေး ပညာပေးဆွေးနွေး

**မလှိုင် ဖေဖော်ဝါရီ ၁၈**

အယ်လ်နီညို ရိုက်ခတ်မှုဒဏ်ကြောင့် ရာသီဥတုပြောင်းလဲသည့် အခြေအနေတွင် စိုက်ပျိုးရေနှင့် သောက်သုံးရေများကို အလေအလွင့်မရှိအကျိုးရှိစွာ သုံးစွဲနိုင်ရေး အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို မလှိုင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၁၆ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဌေးဦးက အယ်လ်နီညို ရိုက်ခတ်မှုဒဏ်ကြောင့် ရာသီဥတုပိုမိုပြင်းထန်ပြီး မိုးခေါင်မှုများ၊ ပူပြင်းပြီး မိုးရွာသွန်းမှုနောက်ကျခြင်းများ ကြုံတွေ့လာနိုင်သဖြင့် သောက်သုံးရေ အခက်အခဲမရှိစေရန်နှင့် သီးနှံစိုက်ပျိုးရေးတွင် ရေရရှိမှုနည်းပါးခြင်းကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ မထိခိုက်စေရန်၊ အပူချိန်လွန်ကဲမှုကြောင့်ဖြစ်တတ်သော ရောဂါများ မဖြစ်ပွားစေရန် စသည်ဖြင့် ကြိုတင်ဆောင်ရွက်ထားရမည့် အစီအမံများ၊ ကြိုတင်ကာကွယ်နည်းများကို ပညာပေးဆွေးနွေးခဲ့သည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သိန်းလှိုင်က မလှိုင်မြို့နယ်တွင် သောက်သုံးရေပြတ်လပ်မှုမရှိစေရေးနှင့်ပတ်သက်၍ ဆောင်ရွက်ထားမှုများကို ရှင်းလင်းပြောကြားသည်။

မလှိုင်မြို့နယ်တွင် ဆည်ကန်ပေါင်း ၂၇၉ ခုရှိကာ သောက်သုံးရေအတွက် ရေတွင်းပေါင်း ၁၂၀၅ တွင်းရှိကြောင်း၊ ရေတွင်းအားလုံး၏ ၉၀ ရာခိုင်နှုန်းမှာ ရေချိုထွက်ရှိပြီး ဒေသတွင်းနှင့် အစိုးရမှတူးဖော်ပေးသော ရေတွင်း စုစုပေါင်း ၇၀၀၀ ခန့်ရှိကြောင်း၊ ရာသီဥတုပြင်းထန်ချိန်တွင် သုံးရေအတွက် ရေငန်ကိုအသုံးပြုပြီး ရေချိုကိုသောက်ရေအတွက်သာ စနစ်တကျသုံးစွဲသွားမည်ဆိုပါက ရေပြတ်လပ်မှုမရှိနိုင်ကြောင်း၊ ရေအခက်အခဲဖြစ်ပေါ်နိုင်သည့် ရေငန်ကျေးရွာနှင့် ငါးတစ်ပုံကျေးရွာများအတွက်လည်း ရေဂါလန် ၅၀၀၀ ဆံ့ အုတ်ရေလှောင်ကန်များ တည်ဆောက်ပေးရန် စီစဉ်ထားကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး၏ ပြောကြားချက်အရ သိရသည်။

ထို့နောက် မိတ္ထီလာခရိုင် စိုက်ပျိုးရေးဦးစီးအရာရှိ ဦးတိုးမင်း၊ ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးအရာရှိ ဦးသင်းမင်းလတ်နှင့် မြို့နယ်ဆည်မြောင်း ဦးစီးအရာရှိ ဦးမောင်ကျော်တို့ကလည်း သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကိုပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

**အောင်ဌေး(မလှိုင်)**

# စက်ရုံတည်ဆောက်ရန် ပြည်ပကုမ္ပဏီနှစ်ခု မြေငှားစာချုပ် ချုပ်ဆို

**ပဲခူး ဖေဖော်ဝါရီ ၁၈**

ပဲခူးမြို့ ဥဿာမြို့သစ်စက်မှုဇုန်(ပြည်ပ)တွင် ကားထုတ်လုပ်မည့်စက်ရုံများ တည်ဆောက်ရန်အတွက် ပြည်ပကုမ္ပဏီနှစ်ခုက မြေငှားစာချုပ်များကို ဖေဖော်ဝါရီ ၁၇ ရက်က ချုပ်ဆိုခဲ့ကြောင်း သိရသည်။

Tan Chong Motor(Myanmar) ကုမ္ပဏီလီမိတက်က မြေဧရိယာ ဧက ၅၀ နှင့် APM Auto Components Myanmar ကုမ္ပဏီလီမိတက်က မြေဧက ၃၀ ကိုငှားရမ်းသည့်စာချုပ်ကို ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့စက်ရုံ၊ အလုပ်ရုံများ တည်ထောင်ရေးလုပ်ငန်း ကြီးကြပ်ရေးကော်မတီနှင့် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

စက်ရုံတည်ဆောက်ပြီးစီးပါက အရည်အသွေးကောင်းမွန်ပြီး စျေးနှုန်းလည်းသင့်တင့်သော Nissan ကားများကို ထုတ်လုပ်မည်ဖြစ်ကြောင်း၊ စက်ရုံများတည်ဆောက်ခြင်းကြောင့် အလုပ်အကိုင်နေရာပေါင်း ၃၀၀ ကျော်နှင့် Supplier ၁၀၀ ကျော်၊ Dealer ၁၀၀ ကျော်ကိုလည်း ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း၊ စက်ရုံ၏ ထုတ်လုပ်မှုစွမ်းရည်မှာတစ်နှစ်လျှင် တစ်သောင်းယူနစ်နှင့်အထက် ထုတ်လုပ်မည်ဖြစ်ပြီး Nissan နှင့် Tan Chong ပူးပေါင်း၍ကျွမ်းကျင်မှုသင်တန်းပို့ချမှုများ၊ အသိပညာမျှဝေခြင်းများကိုလည်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ပဲခူးမြို့ ရွှေဝါထွန်းဟိုတယ်၌ကျင်းပခဲ့သည့် မြေငှားစာချုပ်ချုပ်ဆိုသည့်အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်းက လုပ်ငန်းများ လာရောက်လုပ်ဆောင်ခြင်းဖြင့် ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်း ပိုရစေပြီး တိုင်းဒေသကြီးအတွင်း စီးပွားရေးအခွင့်အလမ်းများလည်း ပိုမိုတိုးတက်လာရန်မျှော်လင့်ကြောင်းနှင့် စက်ရုံများအနေဖြင့်လည်း နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ အရည်အသွေးအာမခံချက်ပေးနိုင်သောပစ္စည်းများကို ထုတ်လုပ်ရန်လိုကြောင်း အမှာစကားပြောကြားသည်။ ထို့နောက် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့အတွင်းရေးမှူး ဦးတိုးဝင်းနှင့် Tan Chong Motor နှင့် APM Auto Components Myanmar ကုမ္ပဏီတို့မှ တာဝန်ရှိသူများက မြေငှားစာချုပ်များကို လက်မှတ်ရေးထိုးခဲ့သည်။

**တင်စိုး(ပဲခူး)**

## လစာခေါင်းစဉ်မှ ဝင်ငွေအပေါ် ဝင်ငွေခွန်ကျသင့်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းအသိပေးခြင်း

- ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုခြင်းနှင့် မကျသင့်ခြင်း။ ၂၀၁၆ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေအရ-
  * နှစ်တစ်နှစ်အတွင်း လစာဝင်ငွေ ကျပ် ၄၈သိန်းအထိ ရရှိသူဖြစ်လျှင် ဝင်ငွေခွန်ကင်းလွတ်ခွင့်ရှိပါသည်။
  * ပုဒ်မ ၃၃၊ ပုဒ်မခွဲ(ဃ)အရ ပြည်ပနေနိုင်ငံသား၏ပြည်ပတွင် ရရှိသည့် လစာဝင်ငွေဖြစ်လျှင် ဝင်ငွေခွန် ကင်းလွတ်ခွင့်ရှိပါသည်။
  * လစာဝင်ငွေကျပ် ၄၈သိန်း အထက်ရရှိသူဖြစ်သော်လည်း တစ်နှစ်စုစုပေါင်း ဝင်ငွေမှ အခြေခံ သက်သာခွင့်၊ အတူနေမိဘ၊ အိမ်ထောင်ဖက်၊ သားသမီးသက်သာခွင့် စသည်တို့အား နုတ်ပယ်ပြီး ကျန်ဝင်ငွေသည် ကျပ်သိန်း ၂၀ထက် မကျော်လွန်ပါက ဝင်ငွေခွန် ပေးဆောင်ရန် မလိုပါ။
- ဝင်ငွေတွက်ချက်ခြင်း။ လစာခေါင်းစဉ်မှ ဝင်ငွေတွက်ချက်ရာတွင် နှစ်တစ်နှစ်အတွင်း ရရှိသည့်လစာဝင်ငွေ၊ လစာဝင်ငွေအပြင် ထပ်ဆောင်းရရှိသည့် ကော်မရှင်ကြေး၊ နှစ်စဉ်ကြေး၊ ပညာရှင်ကြေးစသည့် အကျိုးခံစားခွင့်တို့ကိုလည်း စုစုပေါင်းလစာဝင်ငွေ တွက်ချက်ရာတွင် ထည့်သွင်းတွက်ချက်ရမည်။
- သက်သာခွင့်များ။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆အရ ဝင်ငွေနှစ်အတွင်း ရရှိမည့်စုစုပေါင်းလစာဝင်ငွေမှ အောက်ပါသက်သာခွင့်များကို ဝင်ငွေခွန် နည်းဥပဒေနှင့်အညီ နုတ်ပယ်ခွင့် ခွင့်ပြုထားပါသည်-
  * အခြေခံသက်သာခွင့်(စုစုပေါင်း ဝင်ငွေ၏၂၀ရာခိုင်နှုန်း ကျပ်သိန်း ၁၀၀ထက်မပိုစေရ)
  * အတူနေမိဘ(အတူနေသူ မိဘတစ်ဦးလျှင် ကျပ် ၁၀သိန်း)
  * အိမ်ထောင်ဖက်အတွက် သက်သာခွင့်(အိမ်ထောင်ဖက်တစ်ဦးအတွက် ကျပ် ၁၀သိန်း)
  * သားသမီးများအတွက် သက်သာခွင့်(သားသမီးတစ်ဦးလျှင် ကျပ် ငါးသိန်း)
  * ဝန်ထမ်းနှင့်အိမ်ထောင်ဖက်၏အသက်အာမခံအတွက်ပေးရသော ပရီမီယံ၊
  * ဝန်ထမ်းအနေနှင့် လူမှုဖူလုံရေး ရန်ပုံငွေသို့ ထည့်ဝင်စုဆောင်းငွေ၊
- ကျသင့်သည့် အခွန်နှုန်း။ ၁-၄-၂၀၁၆ရက်မှစတင်၍ အကျိုးသက်ရောက်သော ၂၀၁၆ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ အခွန်နှုန်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ စုစုပေါင်းဝင်ငွေမှ အထက်ပါသက်သာခွင့်များနုတ်ပယ်ပြီး ကျန်အခွန်တွက်ချက်ရန်ဝင်ငွေအပေါ် ဖော်ပြပါဝင်ငွေအလွှာလိုက် အခွန်နှုန်းများဖြင့် တွက်ချက်ရမည်-

| စဉ် | ဝင်ငွေအလွှာ | | ငွေပမာဏ | နှုန်း | ကျသင့်အခွန် | အဆင့်ဆင့်ပေါင်း |
|---|---|---|---|---|---|---|
| | မှ | ထိ | | | | |
| ၁ | ၁ | ၂၀၀၀၀၀၀ | ၂၀၀၀၀၀၀ | ၀% | - | - |
| ၂ | ၂၀၀၀၀၀၁ | ၅၀၀၀၀၀၀ | ၃၀၀၀၀၀၀ | ၅% | ၁၅၀၀၀၀ | ၁၅၀၀၀၀ |
| ၃ | ၅၀၀၀၀၀၁ | ၁၀၀၀၀၀၀၀ | ၅၀၀၀၀၀၀ | ၁၀% | ၅၀၀၀၀၀ | ၆၅၀၀၀၀ |
| ၄ | ၁၀၀၀၀၀၀၁ | ၂၀၀၀၀၀၀၀ | ၁၀၀၀၀၀၀၀ | ၁၅% | ၁၅၀၀၀၀၀ | ၂၁၅၀၀၀၀ |
| ၅ | ၂၀၀၀၀၀၀၁ | ၃၀၀၀၀၀၀၀ | ၁၀၀၀၀၀၀၀ | ၂၀% | ၂၀၀၀၀၀၀ | ၄၁၅၀၀၀၀ |
| ၁၂ | ၃၀၀၀၀၀၀၁နှင့်အထက် | | | ၂၅% | | |

- အခွန်တွက်ချက်မှု။ အောက်ပါနမူနာတွက်ချက်မှုများကိုဖော်ပြအပ်ပါသည်-

နမူနာ(၁) လစာဝင်ငွေတစ်လ ကျပ် ၅သိန်းရရှိသူ မိဘနှစ်ပါးနှင့်အတူနေပြီး အိမ်ထောင်ဖက်နှင့် သားသမီးနှစ်ဦးရှိသူ တစ်ဦးဖြစ်ပါက-

လစာဝင်ငွေစုစုပေါင်း တစ်လ ၅၀၀၀၀၀×၁၂လ = ၆၀၀၀၀၀၀

(နုတ်) သက်သာခွင့်များ

အခြေခံသက်သာခွင့် = ၁၂၀၀၀၀၀

(စုစုပေါင်းဝင်ငွေ၏ ၂၀%ဖြင့်)

အတူနေမိဘနှစ်ဦးအတွက် = ၂၀၀၀၀၀၀

အိမ်ထောင်ဖက်အတွက် = ၁၀၀၀၀၀၀

သားသမီးနှစ်ဦးအတွက် = ၁၀၀၀၀၀၀

= ၅၂၀၀၀၀၀

အခွန်စည်းကြပ်ရန်ဝင်ငွေ = ၈၀၀၀၀၀

၁ကျပ်မှ ၂၀၀၀၀၀၀အထိ ပထမ ၈၀၀၀၀၀ အတွက် ၀%ဖြင့် -

တစ်နှစ်အတွက် စုစုပေါင်းကျသင့်အခွန် မကျသင့်

နမူနာ(၂) လစာဝင်ငွေ တစ်လကျပ် ငါးသိန်းရရှိသူ မိဘနှင့်အတူ မနေသည့် လူပျိုတစ်ဦးဖြစ်ပါက-

လစာဝင်ငွေစုစုပေါင်း တစ်လ ၅၀၀၀၀၀×၁၂လ = ၆၀၀၀၀၀၀

(နုတ်) သက်သာခွင့်များ

အခြေခံသက်သာခွင့် = ၁၂၀၀၀၀၀

(စုစုပေါင်းဝင်ငွေ၏ ၂၀%ဖြင့်)

အတူနေမိဘအတွက် = -

အိမ်ထောင်ဖက်အတွက် = -

သားသမီးအတွက် = -

= ၁၂၀၀၀၀၀

အခွန်စည်းကြပ်ရန်ဝင်ငွေ = ၄၈၀၀၀၀၀

၁ ကျပ်မှ ၂၀၀၀၀၀၀အထိ ပထမ ၂၀၀၀၀၀၀အတွက် ၀%ဖြင့်

၂၀၀၀၀၀၁ကျပ်မှ ၄၈၀၀၀၀၀အထိ ကျန် ၂၈၀၀၀၀၀အတွက် ၅%ဖြင့် ၁၄၀၀၀၀

တစ်နှစ်အတွက် စုစုပေါင်းကျသင့်အခွန် ၁၄၀၀၀၀

တစ်လအတွက် နုတ်ယူရမည့်ကျသင့်အခွန် ပျမ်းမျှ ၁၁၆၆၇ကျပ်

- အခွန်နုတ်ယူပေးသွင်းခြင်း။ လစာထုတ်ပေးရန်တာဝန်ရှိသူသည် တစ်နှစ်လုံးအတွက် ရရှိမည့်လစာအပေါ်ကျသင့်မည့် ဝင်ငွေခွန်မှ တစ်လပျမ်းမျှ ကျသင့်အခွန်ကို ဖြတ်တောက်ခုနှိမ်ထားပြီးမှ လစာထုတ်ပေးရန် ဖြစ်ပါသည်။
- လစာနှစ်ချုပ်စာရင်းပေးပို့ခြင်း။ လစာနှစ်ချုပ်စာရင်းကို သက်ဆိုင်ရာ ရုံးအကြီးအကဲက ဝင်ငွေနှစ်ကုန်ဆုံးပြီး သုံးလအတွင်း သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးထံ ပေးပို့ရမည်ဖြစ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

## အိမ်ခြံမြေအစရှိသည့် မရွှေ့ပြောင်းနိုင်သော ပစ္စည်းများ၊ မော်တော်ယာဉ် အစရှိသည့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများ ဝယ်ယူခြင်းတို့အတွက် အသုံးပြုသည့်ငွေကြေးအပေါ် ဝင်ငွေရလမ်းစိစစ်ခြင်း၊ အခွန်ကျသင့်ခြင်းတို့နှင့်ပတ်သက်၍ ရှင်းလင်းအသိပေးခြင်း

* ဝင်ငွေနှစ် တစ်နှစ်အတွင်း ရရှိသည့် ဝင်ငွေအမျိုးအစား အမျိုးမျိုးတို့အတွက် ကျသင့်မည့်အခွန်နှုန်းများကို ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဖြင့် ပြဋ္ဌာန်းပေးပါသည်။
* မိမိရရှိထားသည့် ဝင်ငွေသည် ဝင်ငွေခွန်ကင်းလွတ်ခွင့်ရှိသည့် ဝင်ငွေအမျိုးအစား မဟုတ်လျှင်သော်လည်းကောင်း၊ ကင်းလွတ်ခွင့်ပြုသည့် ဝင်ငွေပမာဏထက် ပိုမိုလျှင်သော်လည်းကောင်းရရှိသည့် ဝင်ငွေအမျိုးအစားအလိုက် ဆိုင်သင့်ရာ အခွန်နှုန်းဖြင့် ဝင်ငွေခွန်ထမ်းဆောင်ရမည်ဖြစ်ပါသည်။ (ဥပမာ-လစာဝင်ငွေ၊ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေ၊ အိမ်ခြံမြေ ငှားရမ်းခ ဝင်ငွေ၊ စီးပွားရေးလုပ်ငန်းမှ ဝင်ငွေ၊ အခြေပစ္စည်းတစ်ရပ်ရပ် ရောင်းချခြင်းမှ မြတ်စွန်းသည့် ဝင်ငွေ)
* စည်းကြပ်သတ်မှတ်သည့် ဝင်ငွေအပေါ် ကျသင့်အခွန် ထမ်းဆောင်ပြီးဖြစ်သည့် ဝင်ငွေသည် ရလမ်းတင်ပြနိုင်သော ဝင်ငွေဖြစ်ပါသည်။ (ဝင်ငွေရလမ်း တင်ပြနိုင်သော ဝင်ငွေ=သတ်မှတ်ဝင်ငွေ- ကျသင့်အခွန်)
* ဝင်ငွေခွန် ထမ်းဆောင်သင့်ပါလျက် ဝင်ငွေခွန်ထမ်းဆောင်ခြင်း မပြုရသေးသည့် ဝင်ငွေသည် စည်းကြပ်မှုမှ လွတ်ကင်းနေသည့် ဝင်ငွေဖြစ်ပါသည်။
* မိမိရရှိသည့် ဝင်ငွေသည် ဝင်ငွေခွန်ကင်းလွတ်ခွင့်ရှိသည့် ဝင်ငွေအမျိုးအစားဖြစ်သဖြင့် လည်းကောင်း၊ ဝင်ငွေခွန်ကင်းလွတ်ခွင့်ရရှိသည့် ဝင်ငွေပမာဏထက် မကျော်လွန်သဖြင့်လည်းကောင်း ဝင်ငွေခွန်ထမ်းဆောင်ခြင်း မပြုရသော်လည်းရရှိသည့် ဝင်ငွေများသည် ရလမ်းတင်ပြနိုင်သည့် ဝင်ငွေများဖြစ်ပါသည်။ (ဥပမာ-ပြည်ပနေ နိုင်ငံသား၏ ပြည်ပတွင်ရရှိသည့်လစာဝင်ငွေ၊ ပြည်တွင်းနေနိုင်ငံသားများ၏ လစာဝင်ငွေများ၊ နိုင်ငံ့ဝန်ထမ်းများ အငြိမ်းစားယူသည့်အခါရရှိသည့် ကရုဏာကြေး၊ အောင်ဘာလေသိန်းထီမှ ထုတ်ယူရရှိသည့်ဆုမဲရငွေ)
* စည်းကြပ်မှုမှ လွတ်ကင်းနေသောဝင်ငွေ ဖြစ်ထွန်းပေါ်ပေါက်သူများအတွက် ကျသင့်ရမည့်အခွန်နှုန်းကို ၂၀၁၆ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၂၄တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်-

| ဝင်ငွေ (ကျပ်) | ဝင်ငွေခွန်နှုန်း |
|---|---|
| ၁ - ၃၀၀၀၀၀၀၀ | ၁၅% |
| ၃၀၀၀၀၀၀၁ - ၁၀၀၀၀၀၀၀၀ | ၂၀% |
| ၁၀၀၀၀၀၀၀၁နှင့်အထက် | ၃၀% |

* အိမ်ခြံမြေအစရှိသည့် မရွှေ့ပြောင်းနိုင်သော ပစ္စည်းများဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ မော်တော်ယာဉ်အစရှိသော ရွှေ့ပြောင်းနိုင်သောပစ္စည်းများဝယ်ယူခြင်းတွင် အသုံးပြုသည့်ငွေကြေးပမာဏအတွက် ဝင်ငွေရလမ်း အတိအကျရှင်းလင်းတင်ပြနိုင်ပါက အခွန်ကျသင့်ခြင်းမရှိပါ။
* တစ်စိတ်တစ်ပိုင်း ဝင်ငွေရလမ်း တင်ပြနိုင်လျှင် စုစုပေါင်းအသုံးပြုခဲ့သည့် ငွေကြေးပမာဏမှ တင်ပြနိုင်သည့် ဝင်ငွေရလမ်းကိုနုတ်ပယ်ပြီး ကျန်ဝင်ငွေရလမ်းမတင်ပြနိုင်သည့် ဝင်ငွေအပေါ်တွင်သာ ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက် ဥပဒေ ပုဒ်မ ၂၄ပါ သတ်မှတ်အခွန်နှုန်းဖြင့် ထမ်းဆောင်ရမည် ဖြစ်ပါသည်။

ဥပမာ (၁)

အိမ်ခြံမြေ ဝယ်ယူခဲ့သည့် ငွေကြေးတန်ဖိုး = ကျပ် ၁၀၀၀၀၀၀၀၀

(နုတ်) ဝင်ငွေရလမ်းတင်ပြနိုင်သည့် ဝင်ငွေပမာဏ = ကျပ် ၁၀၀၀၀၀၀၀၀

စည်းကြပ်မှုမှ လွတ်ကင်းနေသည့် ဝင်ငွေ = မရှိ

ကျသင့်အခွန် = အခွန်မကျသင့်ပါ။

ဥပမာ (၂)

အိမ်ခြံမြေ ဝယ်ယူခဲ့သည့် ငွေကြေးတန်ဖိုး = ကျပ် ၁၀၀၀၀၀၀၀၀

(နုတ်) ဝင်ငွေရလမ်းတင်ပြနိုင်သည့် ဝင်ငွေပမာဏ = ကျပ် ၈၀၀၀၀၀၀၀

စည်းကြပ်မှုမှ လွတ်ကင်းနေသည့် ဝင်ငွေ = ကျပ် ၂၀၀၀၀၀၀၀

ကျသင့်အခွန် = ကျပ် ၂၀၀၀၀၀၀၀× ၁၅%

= ကျပ် ၃၀၀၀၀၀၀


**ပြည်တွင်းအခွန်များဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ကလောမြို့၊ (၉)ရပ်ကွက်၊ အကွက်အမှတ်၈၈၊ မြက်ရဲအင်းအနောက်၊ ဦးပိုင်အမှတ်၂၂၊ မြေကွက် အမှတ်၁၉၊ မြေဧရိယာ၀ဒသမ၂၃၀ဧကရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးပြည့်ဖြိုးသျှံ ၁၃/ကလန(နိုင်)၁၀၉၀၆၃ထံမှ ကျွန်တော်ဦးအောင်မျိုး ၁၂/မရက(နိုင်)၀၃၆၈၄၃က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ထိုမြေကွက်၏ အကျိုးခံစားခွင့် အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော စာချုပ်စာတမ်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးအောင်မျိုး**

**ဖုန်း-၀၉-၅၁၃၃၈၃၇၊ ၀၉-၉၆၂၉၃၄၄၃၃**



## အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ The Global New Light Of Myanmar သတင်းစာတိုက်မှ ထွက်ရှိသော ဘေးထွက်ပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစနစ်တို့၏ အသေးစိတ်အချက်အလက်များကို ၂၂-၂-၂၀၁၆ ရက်မှ ၂၅-၂-၂၀၁၆ ရက်အထိ နေ့စဉ် ၀၉း၃၀နာရီမှ ၁၆း၀၀နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၅-၂-၂၀၁၆ရက် မွန်းတည့် ၁၂း၀၀နာရီမတိုင်မီအတွင်း The Global New Light Of Myanmar သတင်းစာတိုက်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်သို့ လာရောက်ပေးပို့ပါရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အဆိုပါဘေးထွက်ပစ္စည်း အမျိုး၊ အမည်၊ အရေအတွက်နှင့် ပစ္စည်း မျက်မြင်အနေအထား ကြည့်ရှုလိုသူများနှင့်အသေးစိတ်အချက်အလက်များသိရှိလိုပါက The Global New Light Of Myanmar သတင်းစာတိုက်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး ဖုန်း-၀၁-၈၆၀၄၅၃၀၊ ၀၁-၈၆၀၄၅၃၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရေးအဖွဲ့**
**The Global New Light Of Myanmar သတင်းစာတိုက်**
**အမှတ်(၁၅၀)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဘဏ္ဍာရေးဝန်ကြီးဌာန**
**အကောက်ခွန်ဦးစီးဌာန၊ ဇန်းမော်မြို့**

## လေလံကြော်ငြာ

၁။ ဇန်းမော်မြို့နယ် အကောက်ခွန်ဦးစီးဌာနတွင် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသည့် ထုခွဲအဆင့်ရောက် အကောက်ခွန်မဲ့ လယ်ယာသုံး လက်တွန်းထွန်စက်၏ ဆက်စပ်ပစ္စည်း (၁၉)မျိုးနှင့် မုန့်မျိုးစုံ(၆)မျိုးတို့အား အများပြည်သူသို့ ဈေးပြိုင်လေလံစနစ်ဖြင့် မျက်မြင်အခြေအနေအတိုင်း လေလံတင် ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ လေလံတင်ရောင်းချမည့်ရက်စွဲ၊ အချိန်နှင့်နေရာများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **လေလံတင်ရောင်းချမည့်ရက်စွဲ** - ၂၅-၂-၂၀၁၆ ရက် (ကြာသပတေးနေ့)
(ခ) **လေလံတင်ရောင်းချမည့်အချိန်** - နံနက် ၁၀း၀၀ နာရီ
(ဂ) **လေလံတင်ရောင်းချမည့်နေရာ** - ဇန်းမော်မြို့နယ် အကောက်ခွန်ဦးစီးဌာန

၃။ လေလံဆွဲဝယ်ယူလိုသူများသည် လေလံစည်းကမ်းနှင့်ပစ္စည်းစာရင်းများကို ၁၉-၂-၂၀၁၆ ရက်မှ ၂၄-၂-၂၀၁၆ရက်များအတွင်း ဇန်းမော်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

---

**အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန**
**ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန၊ နေပြည်တော်နှင့်ရန်ကုန်ရှိ အသုံးပြုပြီး ရုံးသုံးစက်ပစ္စည်းများ၊ ပရိဘောဂများ၊ မော်တော်ယာဉ်အပိုပစ္စည်းများ၊ တာယာအဟောင်းနှင့် ဘက်ထရီအဟောင်းများအား မျက်မြင်အခြေအနေအတိုင်း ရောင်းချမည်ဖြစ်ပါသည်။

၂။ တင်ဒါပုံစံ၊ စည်းမျဉ်းစည်းကမ်းများကို ရုံးအမှတ် (၃၂)၊ နေပြည်တော်၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာနနှင့်ပစ္စည်းထိန်းဌာနခွဲ၊ သဇင်ရုံလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့တို့တွင် တင်ဒါပုံစံတစ်စောင်လျှင် ကျပ် ၅၀၀၀(ကျပ်ငါးထောင်တိတိ) ဖြင့် ဝယ်ယူနိုင်ပါသည်။

(၃) **တင်ဒါပုံစံ ရောင်းမည့်ရက်** - ၂၂-၂-၂၀၁၆ရက်မှ ၇-၃-၂၀၁၆ရက်အထိ
(၄) **တင်ဒါတင်သွင်းရမည့်နေရာ** - ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်
(၅) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၈-၃-၂၀၁၆ရက် ၁၃း၀၀နာရီ
(၆) **ဆက်သွယ်ရန်ဖုန်း** - ၀၆၇-၄၀၆၀၈၈၊၀၆၇-၄၀၆၃၂၂၊ ၀၁-၆၅၁၀၃၉

**ရောင်းချရေးအဖွဲ့**
**ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန**

---

**စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**

## တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ အမှတ်(၁) ရေနံချက်စက်ရုံ (သန်လျင်) ဂေါက်ကွင်းစားသောက်ဆိုင်လုပ်ငန်းကို ၁-၄-၂၀၁၆ရက်မှ ၃၁-၃-၂၀၁၇ရက်ထိ (ဘဏ္ဍာရေးနှစ်တစ်နှစ်)အတွက် ငှားရမ်းလုပ်ကိုင်ဆောင်ရွက်နိုင်ရန် တင်ဒါစနစ်ဖြင့် ငှားရမ်းမည်ဖြစ်ပါ၍ အဆိုပြုလွှာတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၂-၂-၂၀၁၆ရက်မှ ၄-၃-၂၀၁၆ရက်ထိ (ရုံးချိန်အတွင်း)

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - (က) ဘဏ္ဍာရေးဌာန၊အမှတ်(၁)ရေနံချက်စက်ရုံ (သန်လျင်)
- (ခ) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒ လုပ်ငန်းအမှတ် ၇(က)၊ သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

၄။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်** - ၄-၃-၂၀၁၆ ရက် (သောကြာနေ့)
**အချိန်နှင့်နေရာ** - ၁၂နာရီ၊ သန်လျင်ဂေါက်ကလပ်၊ သန်လျင်မြို့

၅။ **တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့်အချိန်** - ၄-၃-၂၀၁၆ ရက်၊ မွန်းလွဲ ၁ နာရီ

၆။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၁၁၃၄၉၊ ၀၆၇-၄၁၁၁၂၂၊ ၀၉-၅၀၄၁၆၈၁ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**

---

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း၏ စီမံကိန်းဆိုင်ရာ တည်ဆောက်မှုလုပ်ငန်းများအား နိုင်ငံတော်နှင့် ပြည်တွင်းတိုင်းရင်းသား ကုမ္ပဏီတို့ ပူးပေါင်းပါဝင်ဆောင်ရွက်သောစနစ် အခြေခံ၍ အကျိုးတူဆောင်ရွက်သွားလိုပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်/အချိန်** - ၁၈-၂-၂၀၁၆ရက် နံနက် ၉း၃၀နာရီ
**တင်ဒါပုံစံအရောင်းပိတ်မည့်ရက်/အချိန်** - ၂၅-၂-၂၀၁၆ရက် ညနေ ၄း၃၀နာရီ
**တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၁၀-၃-၂၀၁၆ရက် ညနေ ၄း၃၀နာရီ

၃။ တင်ဒါအဆိုပြုလွှာပြန်လည်တင်သွင်းရာတွင် မြန်မာကျပ်ငွေ/အမေရိကန်ဒေါ်လာ နှစ်မျိုးစလုံးဖြင့် အဆိုပြုတင်သွင်းရမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှ စတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် တင်ဒါပုံစံတစ်စောင်လျှင် ကျပ်၅၀၀၀၀ နှုန်းထားဖြင့် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၈၁၀၄၁၈၄၊ ဖက်စ်-၀၆၇-၈၁၀၄၁၈၄**

---

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် အသားထုတ်လုပ်ခွင့်လိုင်စင်များ လျှောက်ထားနိုင်

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနက သတ်မှတ်ထားသော သတ်ရုံနှင့် နေရာများတွင် လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုမည့် အသားထုတ်လုပ်ခွင့်လိုင်စင် (ကျွဲ၊ နွား၊ သိုး၊ ဆိတ်) ရွာသာကြီး၊ (ဝက်)ရွာသာကြီး၊ (ဝက်)ရွာမ၊ (ကျွဲ၊ နွား၊ သိုး၊ ဆိတ်)မွေးမြူရေးနှင့်မွေးမြူရေးထွက်ကုန်ပစ္စည်းထုတ်လုပ်ရေးဇုန်၊ လှိုင်သာယာ၊ (သိုး-ဆိတ်) ရွှေပြည်သာ လိုင်စင်တို့၏ အသားထုတ်လုပ်ခွင့်လိုင်စင်လျှောက်လွှာများကို တစ်စုံလျှင်(၃၀၀၀ိ/-)နှုန်းဖြင့် ၁၉-၂-၂၀၁၆ရက်မှစ၍ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာန(ရုံးချုပ်)၊ (၁၂)ထပ်ရုံး၊သတ္တမထပ်၊(၄၆)လမ်းနှင့် ဗိုလ်မြတ်ထွန်းလမ်းကြား၊ ဗိုလ်တထောင်မြို့နယ်တွင် ဝယ်ယူ၍ ၁-၃-၂၀၁၆ရက် နောက်ဆုံးထား ပြန်လည်တင်ပြ လျှောက်ထားရမည်ဖြစ်ပါသည်။

**ဌာနမှူး**
**တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာန**

---

## ဝန်ထမ်းအလိုရှိသည်

| | | |
|---|---|---|
| (၁) မန်နေဂျာ | ကျား | ၁ ဦး |
| (၂) စားဖိုမှူး | ကျား | ၂ ဦး |
| (၃) လက်ထောက်စားဖိုမှူး | | ၂ ဦး |
| (၄) စာရေးမ | | ၃ ဦး |
| (၅) စားပွဲထိုး | မ | ၁၅ ဦး |
| (၆) ကားပါကင် | ကျား | ၃ ဦး |
| (၇) ဝန်ထမ်းများအတွက် ထမင်းချက် | မ | ၂ ဦး |

အမှတ်စဉ်အားလုံးအတွက် လုပ်ငန်းအတွေ့အကြုံရှိရမည်။ အရည်အချင်းနှင့်ထိုက်တန်သော လစာရမည်။ လူကိုယ်တိုင် လာရောက်လျှောက်ထားရန်။ လမ်း ၈၀၊ ၁၇×၁၈ လမ်းကြား၊ ဟောင်ကောင် Seafood Restaurant ဖုန်း-၀၉-၂၅၆၀၁၁၇၁၂၊ ၀၉-၉၇၃၈၈၀၂၆၉

---

**အယူခံမှုဆိုင်ရန်ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်များထံသို့**

## အကြောင်းကြားစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)**
**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**
**၂၀၁၅ခုနှစ် တရားမအယူခံမှုအမှတ်-၇၂၀**

ဒေါ်မီမီသက်(ခ)ကျမ်းကွမ်းဖန်(ခ)အာဖင့် **နှင့်** ဦးစိန်ဝင်း ပါ-၂
**အယူခံတရားလို** **အယူခံတရားပြိုင်များ**

၂၀၁၅ခုနှစ် စက်တင်ဘာ ၂၄ရက်စွဲပါ ရှမ်းပြည်နယ်တရားလွှတ်တော်၏ တရားကြီးမှုအမှတ် ၆/၂၀၁၅ကို အယူခံမှု။

အယူခံတရားပြိုင်(၁) ဦးစိန်ဝင်း၊ အယူခံတရားပြိုင်(၂) ဒေါ်ခေါင်လီခင်(ခ)ဒေါ်ခင်မိုးမိုး(ခ)အားလီ (အတူနေဇနီးမောင်နှံ)၊ အမှတ်(၇၁/၉)၊ နေလလမ်း၊ ရေအေးကွင်းရပ်ကွက်၊ တောင်ကြီးမြို့ (ယခင်လိပ်စာ၊ ယခုလိပ်စာမသိ) သိစေရမည်။

ယခုအမှုတွင် ရှမ်းပြည်နယ်တရားလွှတ်တော်ကချပေးသည့် ဒီကရီကို အယူခံ တရားလိုများက အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၂၆ရက်တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သင်တို့၏ရှေ့နေကဖြစ်စေ၊ ဤအယူခံမှုတွင် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်တို့မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်တို့က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ချိန်းဆိုထားသည့်အချိန်အတွင်း သင်တို့က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြားအစီရင်ခံစာ တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းသိန်း)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မော်လမြိုင်ခရိုင်တရားရုံးတော်၌**
**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၉**

ဦးသက်နိုင်စိုး **နှင့်** ဒေါ်အေးအေးလှိုင်
**တရားလို** **တရားပြိုင်**

မော်လမြိုင်မြို့၊ အောက်လမ်းမကြီး၊ အမှတ် ၁၃၂ နေ တရားပြိုင် ဒေါ်အေးအေးလှိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးသက်နိုင်စိုးက နေအိမ်နှင့် နေအိမ်တည်ရှိရာ မြေကွက်အား ဝယ်ယူပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုကို လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၂၉ရက် (၁၃၇၇ခုနှစ် တပို့တွဲလပြည့်ကျော် ၆ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၁၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်ဆွေမြင့်)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**မော်လမြိုင်ခရိုင်တရားရုံး**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း**
**နေပြည်တော်**

## အဆိုပြုလွှာခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ အမှတ်(၁)၊ ရေနံချက်စက်ရုံ(သန်လျင်)နှင့် ရေနံဓာတုဗေဒစက်ရုံစု(သံပုရာကန်)တို့မှ မြန်မာ့ရေနံထွက် ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ ပင်မဌာနကြီးနှင့် ဌာနခွဲများသို့ စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်ဆီနှင့် ဂျက်လေယာဉ်ဆီ)များ သယ်ပို့မည့်လုပ်ငန်းကို ပြင်ပပုဂ္ဂလိကရေယာဉ်/ဆီတွဲများဖြင့် ငှားရမ်းဆောင်ရွက်မည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူ ရေယာဉ်/ဆီတွဲလုပ်ငန်းရှင်များသည် မိမိတို့သယ်ပို့လိုသည့် စက်သုံးဆီအမျိုးအစားနှင့် သက်ဆိုင်ရာတစ်ဂါလန် သယ်ပို့ခနှုန်းထားများအား အဆိုပြုတင်သွင်းနိုင်ပါသည်။

၂။ တင်ဒါစည်းကမ်းချက်များကို ၁၈-၂-၂၀၁၆ရက်မှ ၁၄-၃-၂၀၁၆ရက်အထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါအဆိုပြုလွှာများကို ၁၅-၃-၂၀၁၆ရက် မွန်းတည့် ၁၂း၀၀နာရီတွင် ရေယာဉ်/ဆီတွဲပိုင်ရှင်ကိုယ်တိုင်တင်သွင်းရန်နှင့် ၁၅-၃-၂၀၁၆ ရက် မွန်းလွဲ ၁၂း၃၀ နာရီတွင် တင်ဒါစည်းကမ်းနှင့်ကိုက်ညီသော အဆိုပြုလွှာများအား ဖွင့်ဖောက်၍ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီမှ ရွေးချယ်သွားမည်ဖြစ်ပါသည်။

**မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန**
**ရုံးအမှတ်(၆)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၁၀၅၃၊ ၀၆၇-၄၁၁၀၉၂၊ ၀၆၇-၄၁၁၁၃၃**

---

## ရောင်းရန်ကြော်ငြာစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**
**၂၀၁၄ ခုနှစ် တရားမဇာရီမှုအမှတ်-၆၆**

ဒေါ်ဆုမွန်ထက် **နှင့်** ဒေါ်အေးမြတ်မွန်
**တရားနိုင်** **တရားရှုံး**

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၄၈/၂၀၁၂အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်နိုင်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းကို ၂၀၁၆ခုနှစ် မတ် ၁၆ရက် နံနက် ၁၀နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

မြေကွက်အမှတ် ၇၃၊ မြေတိုင်းရပ်ကွက်(၁၀)၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်ဟုခေါ်တွင်သော ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေကွက်အမှတ်(၇၃)၊ မြေတိုင်းရပ်ကွက်(၁၀)၊ မြေအကျယ်(ပေ ၄၀×ပေ၆၀)။

**ကြမ်းခင်းဈေး ကျပ်သိန်း ၄၅၀။**

**လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကွင်းကျန်ခြင်းတစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးပေးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ်သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှက် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန် ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့်စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့်လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ဤတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

**(မန်ဟောက်နျန်)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**သန်လျင်မြို့နယ်တရားရုံးတော်၌**
**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၂**

ဦးချစ်ထွေး **နှင့်** ဒေါ်နန်းခင်အေးမြင့်
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ ဘုရားကုန်းကျေးရွာအုပ်စု၊ ကွမ်းခြံကုန်းကျေးရွာနေ တရားပြိုင် ဒေါ်နန်းခင်အေးမြင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးချစ်ထွေးက ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်း၏ ရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ခုနှစ် မတ် ၄ရက် (၁၃၇၇ခုနှစ် တပို့တွဲလပြည့်ကျော် ၁၀ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၁၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စုမြတ်မွန်)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**သန်လျင်မြို့နယ်တရားရုံး**

# Shinhan Bank, a trustful Companion of Myanmar

## Shinhan Bank always puts in effort to get one step closer.

| Area | Project |
|---|---|
| Education | Scholarship programs for students of universities of foreign languages in Yangon/Mandalay (120 students) |
| | Support for construction of Hlegu region's rural school |
| Sports | Support for Myanmar representative athletes in Asian Games |
| | Contribution to Myanmar's hosting of the SEA GAMES |
| Rural Development | Provision of trade finance to import and distribute modernized farming machines to Min of Cooperatives(USD 85million) |
| | Donation to Korean NGO for providing micro-financing to low-income farmers |
| General | Contribution to relief from flood in Myanmar |
| Medical Support | Support providing free surgeries to 18 children by korean medical team |
| | Invitational training program for 5 medical doctors to korea |
| Banking | Development of educational program together with AYA/CB/YOMA Bank and GIZ |
| | In alliance with CB Bank, providing USD remittance service and training program |

Lead a successful business with foreign partners connected by Shinhan Bank's 1,039 networks in 20 countries worldwide.


•Educational Support


•Medical Support



•Financial Cooperation


•Rural Development



•National Sports Sponsorship

- **The Banker Financial Brand 2015** 1st in Korea, 36th in the World
- **Asiamoney 2015** Best Domestic Bank
- **Asian Banker 2015** The Strongest Bank in Sounth korea
- **Global Finance 2015** Best Bank in Korea
- **The Asset 2015** Best Domestic Bank in Korea



SHINHAN BANK

www.shinhan.com

Myanmar Korea USA China Japan Vietnam Indonesia India UK Hong Kong Singapore Philippines UAE Germany Canada Kazakhstan Cambodia Mexico Uzbekistan Poland


Developed By
Wamin Group of Companies
Phyu Zin Company Limited
KBZ BANK
STRENGTH OF MYANMAR
Hire Purchase
တောင်ကြီးမြို့ရှိ
နိုင်ငံတကာအဆင့်မီ စီးပွားရေးစင်တာ
TBC
Taunggyi Business Center
၂ နှစ် ငွေချေးဝန်ဆောင်မှုဖြင့်
ဖေဖော်ဝါရီ - ၂၀ - ၂၁ တောင်ကြီးမြို့ | မြို့တော်ခန်းမ |
၂၇ - ၂၈ မန္တလေးမြို့ | ဒိုင်းမွန်းပလာဇာ |
MASTER PLAN
• Shop House
• Ware House
• Bus Terminal
• Duplex Housing
• Executive Apartment
• Hotel
(၇၅)% ဆောက်လုပ်ပြီးစီး
Master Plan - Australia base IDR arch Company
Civil & Structure Design - Vietnam TBS and Ranbuild Company
Road & Draining System - Rayao Company, Singapore
Waste Water System - KUBOTS JOHKASOU. Japan.
09 440999799
09 261055511

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရွှေလီ(၃) ရေအားလျှပ်စစ်စီမံကိန်း၊ ကုန်းကြောတမံအမှတ်(၁)၊ အမှတ်(၂)များကို မြေသား အူတိုင်ဇုန်အမျိုးအစား ကျောက်ဖြည့်တမံ (ECRD) တည်ဆောက်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်၊ အချိန်** - ၁၇-၂-၂၀၁၆ ရက်၊ ၉း၃၀ နာရီ
**တင်ဒါပုံစံအရောင်းပိတ်မည့်ရက်၊ အချိန်** - ၂၄-၂-၂၀၁၆ ရက်၊ ၁၆း၃၀ နာရီ
**Technical Proposal နှင့် Price Proposal နောက်ဆုံးထား၍ တင်သွင်းရမည့်ရက်၊ အချိန်** - ၉-၃-၂၀၁၆ ရက်၊ ၁၅း၃၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်တွင်း အောက်ပါဌာနတွင် တင်ဒါပုံစံတစ်စောင်လျှင် ၅၀၀၀၀ ကျပ်နှုန်းထားဖြင့် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၁၈၄၊ ဖက်စ်-၀၆၇-၈၁၀၄၁၈၄**

# ရောင်းရန်ကြော်ငြာစာ
## တရားမကျင့်ထုံးကိုဥပဒေ အမိန့် ၂၁၊ နည်းဥပဒေ ၆၆
## မန္တလေးခရိုင်တရားရုံး
## ၂၀၁၄ခုနှစ် တရားမဇာရီမှုအမှတ်-၈၉

၁။ဦးမောင်မောင်ဦး နှင့် ၁။ဦးသိန်းထူး
၂။ဒေါ်ဝါဝါခိုင် ၂။ဒေါ်ကြည်ကြည်လှ
**တရားနိုင်များ** **တရားရှုံးများ**

၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ် ၃၄၂ တွင်ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၁၆ခုနှစ် မတ် ၂၈ ရက် (၁၃၇၇ခုနှစ် တပေါင်းလပြည့်ကျော် ၅ရက်)နံနက် ၁၀ နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

**လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်ကြီးအမှတ် (ညည-၂၈)၊ မြေကွက်အမှတ် (၁၈/ခ)မြေနှင့်မြေပေါ်ရှိ အဆောက်အအုံ (၂) လုံး (သွပ်မိုး၊ ထရံကာကပ်မိုး) မျက်မြင်အနေအထား အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

**လေလံကြမ်းခင်းဈေး ကျပ်သိန်း(၄၈၀)တိတိ**
**(ကျပ်သိန်းလေးရာရှစ်ဆယ်)**
**ရောင်းချရန် စည်းကမ်းချက်များ**

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်ကတရားရုံးသို့ တင်ပြချက်များအရ သိရှိရသမျှဖြစ်သည်။ ကြော်ငြာစာတွင်မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၁၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဒေါ်သန်းငွေး)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မန္တလေးခရိုင်တရားရုံး**

## အကြောင်းပြရန်ပေးသည့်
# အကြောင်းကြားစာ
## ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်
## ၂၀၁၅ ခုနှစ် တရားမအထွေထွေမှုအမှတ် ၁၉၄

ဒေါ်နန်းဟွမ်မို နှင့် ဒေါ်တင်တင်ဝင်း
**လျှောက်ထားသူ** **လျှောက်ထားခံရသူ**

တိုက် (၁၀)၊ အခန်း (၁)၊ ထန်းပင်ကုန်း၊ ဂျပန်လမ်း၊ အင်းစိန်မြို့နယ်နေ (ယခုနေရပ်လိပ်စာမသိသူ) ဒေါ်တင်တင်ဝင်း သိစေရမည်။

အထက်အမည်ပါ လျှောက်ထားသူ ဒေါ်နန်းဟွမ်မိုက ဤရုံးသို့ တရားမကျင့်ထုံးဥပဒေပုဒ်မ-၁၄၄နှင့် ပုဒ်မ ၁၅၁အရ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂၊ မြေကွက်အမှတ် ၆၅၆၊ ဧရိယာ ၀ဒသမ၀၅၅၈ဧက၊ (ပေ၄၀×ပေ၆၀) မြေကွက်နှင့်မြေကွက်ပေါ်ရှိ အဆောက်အအုံအားလျှောက်ထားသူ၏ လက်ဝယ်သို့ပိုနေမြဲ၊ ကျားနေမြဲအခြေအနေအတိုင်း လက်ရောက်ပြန်လည်ပေးအပ်စေသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်ကဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်း အကြောင်းပြရန် ၂၀၁၆ ခုနှစ် မတ် ၇ ရက် (၁၃၇၇ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၃ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ်ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဒေါ်မြင့်ဝှါ)**
**တွဲဖက်ခရိုင်တရားသူကြီး (၁)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

# အစိုးရစာရင်းစစ်ဟောင်းများမိတ်ဆုံစားပွဲ

နိုင်ငံတော်စာရင်းစစ်ချုပ်ရုံးအသီးသီးတွင် တာဝန်ထမ်းဆောင်ခဲ့သည့် အစိုးရစာရင်းစစ်ဟောင်းများ၏ (၆)ကြိမ်မြောက်မိတ်ဆုံစားပွဲကို အောက်ပါအစီအစဉ်ဖြင့် ကျင်းပမည်ဖြစ်ရာ မိတ်ဆွေဟောင်းများအား ဆုံတွေ့နိုင်ရန်အတွက် ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**အမှုဆောင်အဖွဲ့**

**နေ့ရက်** - ၆-၃-၂၀၁၆ရက် (တနင်္ဂနွေနေ့)
**အချိန်** - နံနက် ၉နာရီမှ ၁၁နာရီအထိ
**နေရာ** - မင်းကွန်းတိပိဋကကျောင်းတိုက်၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်

# Dental Technician အပေါင်းတို့

1st batch မှစ၍ အောင်မြင်ပြီးသော Technician များနှင့် ယခုလက်ရှိ မျိုးဆက်သစ်များအားလုံး ၂၁-၂-၂၀၁၆ ရက် နံနက် ၁၁ နာရီတွင် တွေ့ဆုံမိတ်ဆက်မည်ဖြစ်ပါကြောင်း။

**ဦးမြင့်ဆွေ**
**ကျောင်းအုပ်ကြီး (ငြိမ်း)**
**အမှတ် (၄၉) (က)၊ မိုးကောင်းလမ်း၊**
**မဟာဗောဓိအောင်တော်မူဘုရားရှေ့၊ ရန်ကင်း (ကျောက်ကုန်း)**
**ဖုန်း-၀၁-၈၅၆၆၆၂၆၊ ၀၉-၅၁၇၁၄၆၃**

# ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## အမရပူရမြို့နယ်တရားရုံးတော်၌
## ၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၂၆

မသန်းသန်းထွေး **နှင့်** ၁။ ဒေါ်ဝင်းကြည်
၂။ မသူဇာနိုင်
**တရားလို** **တရားပြိုင်များ**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ငယ်တိုးရပ်ကွက်၊ ကြောင်လျှာရပ်နေ (၁)တရားပြိုင် ဒေါ်ဝင်းကြည် (ဘ)ဦးလှကြိုင်နှင့် (၂)တရားပြိုင် မသူဇာနိုင် (ဘ) ဦးအောင်နိုင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ အမရပူရမြို့နယ်၊ ငယ်တိုးကျေးရွာအုပ်စု၊ တောင်ယဉ်ပုံရပ်နေ မသန်းထွေးက ၂၀-၇-၂၀၁၅ရက်စွဲပါ နှစ်ဦးသဘောတူအိမ်နှင့်မြေ အရောင်းအဝယ်ကတိစာချုပ်အရ မြေဖိုးအဖြစ်ပေးအပ်ခဲ့သော ငွေကျပ်သိန်း(၈၀)တိတိ ပြန်လည်ရလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက် (၁၃၇၇ခုနှစ် တပို့တွဲလပြည့်ကျော် ၃ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းတို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်သို့ ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်မြင့်လွင်)**
**မြို့နယ်တရားသူကြီး**
**အမရပူရမြို့နယ်တရားရုံး**

# ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## အင်းစိန်မြို့နယ်တရားရုံး၌
## ၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၁

ဦးကျော်ဇေယျထွန်း **နှင့်** ဒေါ်ရွှေစင်အိ
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး။ ခရမ်းမြို့နယ်၊ (ဂ)ရပ်ကွက်၊ အမှတ် (မရှိ)နေ တရားပြိုင် ဒေါ်ရွှေစင်အိ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးကျော်ဇေယျထွန်းက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်သက်ဆိုင်သောအချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၂၅ရက် (၁၃၇၇ခုနှစ် တပို့တွဲလပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်တကွ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ ခုနစ်ရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၁၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ယဉ်ယဉ်မိုး)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**အင်းစိန်မြို့နယ်တရားရုံး**

## ပညာဝတီရိပ်သာ
## ကုစ္ဆာသယ ဆုတောင်းပြည့်စေတီတော်မြတ်ကြီးအား
## ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ
# ဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ပညာဝတီရိပ်သာကျောင်းတိုက်အတွင်း ကျေးဇူးရှင်ပညာဝတီဆရာတော်ကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသီရိ၏ အဓိဋ္ဌာန်ဖြင့် တည်ထားကိုးကွယ်တော်မူခဲ့သော ဓာတ်တော် ပေါင်း (၈၄၀၀၀) တို့၏ ကိန်းဝပ်ရာ ''ကုစ္ဆာသယ ဆုတောင်းပြည့်စေတီတော်မြတ်ကြီး''အား နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနိယပွဲတော်၊ ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲနှင့် ထမနဲပွဲ'' ပြုလုပ်သောအချိန်၌ ဘုရားအမှူးရှိသော သံဃာတော်(၄၅)ပါး တို့အား မိမိတို့ စိတ်စေတနာ သဒ္ဓါတရားထက်သန်သလောက် သင်္ကန်း၊ ထီး၊ ဖိနပ်၊ ဆွမ်းဆန်စိမ်းစသော လှူဖွယ်ဝတ္ထုအစုစုတို့ကို ဒုက္ခခပ်သိမ်းချုပ်ငြိမ်းရာအမှန် မြတ်နိဗ္ဗာန်ကို ရည်သန်သမှု အာရုံပြုပြီး စုပေါင်းလှူဒါန်းလိုပါသောကြောင့် (၁၃၇၇ ခုနှစ် တပို့တွဲလဆန်း ၁၄ရက်) ၂၂-၂-၂၀၁၆ရက် (တနင်္လာနေ့) ညနေ ၃နာရီမှ ၈နာရီတွင် ကုစ္ဆာသယဆုတောင်းပြည့်စေတီတော်မြတ်ကြီးအား သစ်သီးဆွမ်း၊ မုန့်ဆွမ်း၊ ပန်းစသည်တို့ဖြင့် ဆွမ်းတော်ကြီးကပ်လှူပူဇော်ပြီး (၁၃၇၇ ခုနှစ် တပို့တွဲလပြည့်နေ့) ၂၃-၂-၂၀၁၆ရက် (အင်္ဂါနေ့) ညနေ ၄း၃၀နာရီတွင် ဘုရားအမှူးရှိသော ပင့်သံဃာ (၄၅)ပါးတို့အား သင်္ကန်း၊ ထီး၊ ဖိနပ်၊ ဆွမ်းဆန်စိမ်း၊ ဆီ၊ ဆား၊ ဆေး၊ ဆပ်ပြာ၊ သွားတိုက်ဆေးစသော အမျိုးမျိုးသောလှူဖွယ်ဝတ္ထုအစုစုတို့ကို သဒ္ဓါကြည်လင်ပါရမီရှင် အပေါင်းသူတော်ကောင်းတို့အား လာရောက်ပြီးလှူဒါန်းကြပါရန် နိဗ္ဗာန်အကျိုးမျှော်ကိုးပြီး တိုက်တွန်းနှိုးဆော် ဖိတ်ကြားအပ်ပါသည်။

**အကျိုးဆောင်အဖွဲ့**
**ပညာဝတီရိပ်သာ၊ ရန်ကင်း**

# ဂုဏ်ယူဝမ်းမြောက်ခြင်း

ရှမ်းပြည်နယ်ရှေ့နေများအသင်း ဥက္ကဋ္ဌဖြစ်သူ တရားလွှတ်တော်ရှေ့နေ ဦးစိန်ဝင်းချမ်းအား မြန်မာနိုင်ငံလွှတ်လပ်သော ရှေ့နေများအသင်း ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခံရ၍ အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

**ရှမ်းပြည်နယ်ရှေ့နေများအသင်း**

# ရုံးခန်း ငှား/ရောင်းရန်ရှိသည်

MAC Tower ၊ ၂၈ ပေ× ၅၅ ပေ ကုန်သည်လမ်းနှင့်ဘားလမ်းထောင့် ဖုန်း ၄ လိုင်း၊ ADSL, A/C, Furniture ပါ။ ရှုခင်းကောင်း၊ ၂၂ သိန်း/ သိန်း ၂၅၀၀။

**ဖုန်း-၀၉-၉၇၅၀၂၃၃၅၄**

# ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာလုံးချင်းအိမ်ရာစီမံကိန်း၊ မြေတိုင်းရပ်ကွက်အမှတ် (အောင်ချမ်းသာတိုးချဲ့ အဆင့်-၁/ခ)၊ မြေကွက်အမှတ် (၂)၊ ဧရိယာ ၀ ဒသမ ၁၂၈ဧကကို ဦးခင်မောင်ချစ် ၁၃/လရန(နိုင်)၀၁၃၀၅၁ အမည်ဖြင့် ဝယ်ယူခွင့်ရရှိခဲ့ရာ ငွေအကျေပေးသွင်းပြီးဖြစ်ပါ၍ မြေငှားစာချုပ်ထုတ်ပေးပါရန် ဦးခင်မောင်ချစ်မှ လျှောက်ထားလာပါသည်။မြေငှားစာချုပ် (ဂရန်) လျှောက်ထားရာတွင် ဦးခင်မောင်ချစ်+ဦးရူပ (၂)ဦးအမည်ဖြင့် မြေငှားစာချုပ် ထုတ်ယူ ခွင့်ပြုပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာ ပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေယာဌာနခွဲသို့ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားမူရင်းများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ်(ဂရန်)ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**နေပြည်တော်**

# တရားဝင်ဇနီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၃၁×၃၂ လမ်းကြား၊ ၅၉×၆၀လမ်းကြား၊ ရွှေယဉ်မွန်ရပ်ကွက်နေ ကျွန်တော်ဦးဇော်မျိုးမြင့် ၁/မကန(နိုင်) ၁၀၀၁၃၀ နှင့် ဒေါ်ဇင်ညွှယ် ၁/ဝမန(နိုင်)၀၉၃၀၄၁ တို့သည် ၇-၉-၂၀၁၅ ရက်တွင် တရားဝင်လက်ထပ်ထိမ်းမြားပြီး ပေါင်းသင်းနေထိုင်ခဲ့ကြရာ ယနေ့အချိန်ထိဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျွန်တော်၏ဇနီးအား မည်သူတစ်ဦးတစ်ယောက်ကမျှ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်၍ ခေါ်ဆောင်သွားခြင်း၊ ဖြားယောင်းသွေးဆောင်၍ ခေါ်ဆောင်သွားခြင်းများမပြုလုပ်ပါရန် ထိုသို့ပြုလုပ်ပါက တည်ဆဲတရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်မျိုးမြင့်**

# သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မင်္ဂလာဒုံမြို့နယ်၊ ပုလဲ (၁) ရက်ကွက်၊ အမှတ် (၂၈)၊ ဂန္ဓမာလမ်းနေ (ဦးတင်စိုး)-ဒေါ်သိန်းမြင့်တို့၏ သား မောင်အောင်ဇော်မိုး ၁၂/ဒဂန(နိုင်) ၀၀၀၀၆၁ သည် မိဘဆိုဆုံးမမှုကိုမနာယူဘဲ မိမိဆန္ဒသဘောအလျောက်ပြုမူပြီး မိဘအားအကြိမ်ကြိမ်အဖန်ဖန် စိတ်ဆင်းရဲအရှက်ရအောင်ပြုလုပ်နေပါသဖြင့် ၎င်းမောင်အောင်ဇော်မိုးအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာအပ်ပါသည်။ ယနေ့မှစ၍ သူနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။

**မိခင်-ဒေါ်သိန်းမြင့် ၁၂/ဒဂန(နိုင်) ၀၀၈၈၈၂**



၂၀၁၆ - ၁၇ ပညာသင်နှစ် အတွက် ကျောင်းအပ်လက်ခံပြီ။
UEC
United Education Centre
ကိုယ်ပိုင်အထက်တန်းကျောင်း
GRADE 1 - GRADE 11
အဆင့်မြင့်ဘော်ဒါနှင့် DAY CAMP
အဆင့်မြင့်ဘော်ဒါ - ၇၊ ၈၊ ၉၊ ၁၀ တန်းများ အတွက် ကျောင်းသားဆောင်၊ ကျောင်းသူဆောင် သီးသန့်ထားရှိသည်။ တည်ထောင်သူများကိုယ်တိုင် အဆောင်များတွင် အိမ်ကပ် နေထိုင် စောင့်ရှောက်သည်။ Air-con တပ် အိပ်ခန်းများ နှင့် စာသင်ခန်းများ ထားရှိသည်။
DAY CAMP - (၄) တန်းမှ တက္ကသိုလ်ဝင်တန်းအထိ SPECIAL CAMP တန်းများ ဖွင့်လှစ်သည်။ အိမ်တွင် မိမိရင်သွေးအား ပြန်မကြည့်နိုင်သော မိဘများအတွက် ရည်ရွယ်သည်။ သင်ကြား၊ လေ့ကျင့်၊ ဖြေဆိုမှုပြည့်စုံ၍ ကျူရှင်ထပ်ယူရန် မလိုတော့ပါ။
မူလတန်း၊ အလယ်တန်း - English 4 - skills၊ ပန်းချီ၊ ကွန်ပျူတာ၊ Kids invent စသော Extracurricular Activities များပါဝင်သည်။
Limited Class size များဖြစ်ပါသဖြင့် ကြိုတင်အပ်နှံမှ နေရာရပါမည်။ (ကျောင်းကားရှိသည်။)
(၄) ထပ် အဆင့်မြင့် ကျောင်းဆောင်သစ်ကြီး၏ Air-con တပ် စာသင်ခန်းကျယ်ကြီးများတွင် ပျော်ရွှင်ချမ်းမြေ့စွာ သင်ကြားစေမည်။
ကျောင်း - အမှတ် (၄၁)၊ ရွှေဂုံတိုင်လမ်း၊ ဒေါင်ပြေသာစည်အိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
Ph: 01 539875, 09 31 558973, 09 79 3893725, 09 51 57988, 09 51 62238
ကျောင်းသူဆောင် - မြေအမှတ် (၁၅ A နှင့် B) စံရိပ်ငြိမ် (၅) လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ကျောင်းသားဆောင် - မြေအမှတ် (၄) စံရိပ်ငြိမ် (၅) လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။




ဆူဇူကီးတရားဝင်အရောင်းကိုယ်စားလှယ်များထံ၌
ဆူဇူကီးမော်တော်ယာဉ်အားလုံးအား
SUZUKI Way of Life!
စိတ်ချမ်းမြေ့မှု ရရှိခြင်း
လက်ခံမည့်
အချက်(၁၅)ချက် စစ်ဆေးခြင်းအစီအစဉ်
ကြိုတင်လာရောက်၍စာရင်းပေးသွင်းနိုင်ပါပြီ။
မတ်လ ၁ ရက်နေ့ မှ ၃၁ ရက်နေ့အထိ
ECSTAR
တစ်ပတ်ရစ်ကားများအပါအဝင်
ဆူဇူကီး၏စစ်မှန်သောအင်ဂျင်ဝိုင် ၁၀% လျှော့ဈေးရရှိခြင်း
အင်ဂျင်ဝိုင်လဲလှယ်ရန် ရက်ချိန်းယူလျက် T-Shirt ဓာတ်ပုံလက်ဆောင်ရယူပါ
ရိုနီ မော်တော်
အောင် မော်တော်
မျိုး မော်တော်
လွင်နှင့်ရွှမ်း မော်တော်
အေအိုင်ဂျီ မော်တော်(မန္တလေး)




နှစ်သစ်အရောင်းမြှင့်တင်ခြင်းအစီအစဉ်
SUZUKI Way of Life!
The Brand New ERTIGA for Myanmar
新年快樂
တရုတ်နှစ်သစ်ကူးအထိမ်းအမှတ်
၁.၄လီတာ အင်ဂျင် အော်တိုဂီယာ(၄)ချက်ပါရှိခြင်း
Petrol 14.92[*1] km/l
*1 ECER101
ခုံသုံးတန်း၊ ထိုင်ခုံခုနစ်လုံး
အထူးဈေးနှုန်း (US $ 17,900 ++)
ကျပ် ၁၉၉သိန်း + +
(First Come, First Serve Condition)
အရောင်းကိုယ်စားလှယ်များ
ရန်ကုန်
အောင် မော်တော် ဖုန်း - (၀၁) ၆၅၅၈၁၃
လွင်နှင့်ရွှမ်း မော်တော် ဖုန်း - (၀၁) ၃၉၃၁၀၃
ရိုနီ မော်တော် ဖုန်း - (၀၁) ၂၃၁၆၁၇
မျိုး မော်တော် ဖုန်း - (၀၁) ၄၀၀၁၉၉
မန္တလေး
အေအိုင်ဂျီ မော်တော် ဖုန်း - (၀၂) ၇၃၀၄၀၇၇
အာမခံ ၃ နှစ်/ကီလိုမီတာ ၁ သိန်း[*2]
NEW SUPER CARRY TRUCK
အထူးဈေးနှုန်း (US $ 5,777 ++)
ကျပ် ၆၉သိန်း + +
facebook/Suzuki Myanmar Motor Co., Ltd.

## မြန်မာအမျိုးသမီးအသင်း နည်းပြချုပ်ရော်ဂျာကို ခြောက်လစာချုပ်

သတင်း-ညီမြတ်သော်တာ

ရန်ကုန်  ဖေဖော်ဝါရီ  ၁၈

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း နည်းပြချုပ်အဖြစ် ခန့်အပ်ထားသည့် နယ်သာလန်နိုင်ငံသား ရော်ဂျာရိုင်နာအား စာချုပ်ချုပ်ဆိုပွဲကို ယနေ့မွန်းလွဲပိုင်းက MFF ရုံး၌ ကျင်းပသည်။

စာချုပ်ချုပ်ဆိုပွဲတွင် မြန်မာအမျိုးသမီးအသင်း နည်းပြချုပ်ရော်ဂျာရိုင်နာနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမျိုးသမီးဘောလုံး ဆပ်ကော်မတီဥက္ကဋ္ဌ ဦးလှဌေးတို့က လက်မှတ်ရေးထိုးခဲ့ပြီး အသိသက်သေများအဖြစ်မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် CEO နှင့် အထွေထွေအတွင်းရေးမှူး ဦးသန်းဇော်နှင့် မြန်မာ့လက်ရွေးစင်အမျိုးသားအသင်းနည်းပြချုပ် ဂတ်ဖရိုင်းဒရစ်တို့က လက်မှတ်ရေးထိုးကြသည်။

စာမျက်နှာ ၁၄ ကော်လံ ၁ ◆

## စွန့်ပစ်မြေစာများကို မော်ရှန်၊ ချိုင့်ဝှမ်းများတွင်သာ စွန့်ပစ်ကြရန် ကချင်လူမှုကွန်ရက်အဖွဲ့နှင့် တာဝန်ရှိသူများ၊ ပဋိပက္ခညှိနှိုင်းရေးအဖွဲ့များ ညှိနှိုင်းသဘောတူကြ

စိုးနိုင်ဦး(ဖားကန့်)



ယခင်စွန့်ပစ်ခဲ့သော မြေစာပုံကို တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစဉ်။

ဖားကန့်  ဖေဖော်ဝါရီ  ၁၈

စွန့်ပစ်မြေစာများကို ယခင်စွန့်ပစ်ခဲ့ကြသည့် ရွာဟောင်းစုပေါင်းမြေစာပုံနေရာ၌ မစွန့်ပစ်တော့ဘဲ ဝေ့ခါချောင်းနှင့် မနီးသော မော်ရှန်ရပ်ကွက် မော်ရှန်နှင့် ရေကြည်ဘက်သို့ သွားရောက်သည့် ချိုင့်ဝှမ်းများတွင်သာ စွန့်ပစ်ကြရတော့မည် ဖြစ်ကြောင်း ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၌ ဖေဖော်ဝါရီ ၁၈ ရက်က ကျင်းပသည့် ကချင်လူမှုကွန်ရက်အဖွဲ့နှင့် မြို့နယ်တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ တတိယအကြိမ်တွေ့ဆုံပွဲမှ သိရသည်။

မြေစာပစ်လမ်း ပိတ်ဆို့မှုနှင့်ပတ်သက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဆွေမြင့်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးကျော်လင်း၊ ကျောက်စိမ်းတူးဖော်ရေးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထွန်း၊ မြို့နယ်ဥပဒေအရာရှိ ဦးတူးခေါင်၊ မြို့နယ်

စာမျက်နှာ ၉ ကော်လံ ၁ ❍

## အာရှချစ်ကြည်ရေး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲတွင် မြန်မာအသင်း ဒုတိယဖြင့်သာကျေနပ်

မန္တလေး  ဖေဖော်ဝါရီ  ၁၈

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပနေသည့် အာရှခြင်းလုံးပြိုင်ပွဲနှင့် အာရှချစ်ကြည်ရေးပိုက်ကျော်ခြင်းပြိုင်ပွဲ တတိယနေ့ပွဲစဉ်များကို ယနေ့နံနက်ပိုင်းမှ စတင်ကာ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ဝေရောစနကျောက်စိမ်းစေတီတော်၌ ကျင်းပသည်။

အာရှချစ်ကြည်ရေးပိုက်ကျော်ခြင်းပြိုင်ပွဲဆီမီးဖိုင်နယ်တွင် မြန်မာအသင်းက လာအိုအသင်းကို နှစ်ပွဲပြတ်၊ မလေးရှားအသင်းက စင်ကာပူအသင်းကို နှစ်ပွဲပြတ်တို့ဖြင့်အနိုင်ရရှိခဲ့သည်။ ဗိုလ်လုပွဲအဖြစ် မြန်မာအသင်းနှင့် မလေးရှားအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ကာ မလေးရှားအသင်းက နှစ်ပွဲပြတ်အနိုင်ရရှိ၍ ချန်ပီယံဆုရရှိခဲ့ပြီး မြန်မာအသင်းသည် ဒုတိယဖြင့် ကျေနပ်ခဲ့ရသည်။ ပိုက်ကျော်ခြင်းပြိုင်ပွဲအပြီးတွင် အာရှခြင်းလုံးပြိုင်ပွဲအုပ်စုပွဲစဉ်များ ကျင်းပခဲ့သည်။ ပြိုင်ပွဲနောက်ဆုံးနေ့ပွဲစဉ်များကို ဖေဖော်ဝါရီ ၁၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ခြင်းလုံးပြိုင်ပွဲ၏ Event-2 နှင့် 4 အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲများ ကျင်းပမည်ဖြစ်သည်။

ရဲရင့်ရှိုင်း

## ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ပွဲတွင် ရီးရဲလ်တို့ အဝေးကွင်း၌ အနိုင်ရ

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်များကို ဖေဖော်ဝါရီ ၁၈ ရက် (ကြာသပတေးနေ့) နံနက်ပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ အီတလီကလပ် ရိုးမားအသင်းနှင့် စပိန်ကလပ် ရီးရဲလ်မက်ဒရစ်တို့ပွဲတွင် အဝေးကွင်း၌ ရီးရဲလ်မက်ဒရစ်အသင်း နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ယင်းပွဲတွင် နည်းပြ စပယ်လက်တီ၏ ရိုးမားအသင်းသည် ၄-၃-၁-၂ ပုံစံဖြင့် ဆာလပ်၊ ရှာရေး၊ ပါရော့တီ၊ နိုင်ဂိုလန်၊ ဗာအင်ကျူအာ၊ ပီဂျာနစ်၊ လူကပ်စ်ဒစ်နို၊ ရူဒီဂါ၊ မာနိုလက်စ်၊ ဖလော်ရန်ဇီနှင့် ဂိုး ဆစ်ဇီနီတို့ ပါဝင်ခဲ့သည်။ ရီးရဲအသင်း၏ နည်းပြသစ် ဇီဒန်းသည် ပွဲဦးထွက် ချန်ပီယံလိဂ်ပွဲစဉ်တွင် ၄-၃-၃ ကစားကွက်ဖြင့် စီရော်နယ်ဒို၊ ဘင်ဇီမာ၊ ဂျိမ်းစ်ရိုဒရီဂွက်ဇ်၊ အစ္စကို၊ တိုနီခရုးစ်၊ မိုဒရစ်၊ ရာမို့စ်၊ ကာဗာဂျယ်၊ မာဆယ်လို၊ ဗာရာနီနှင့် ဂိုး-နာဗက်စ်တို့ ပါဝင်ခဲ့သည်။

စာမျက်နှာ ၁၄ ကော်လံ ၁ ❒

ရီးရဲလ်ကစားသမားများ နည်းပြသစ် ဇီဒန်းနှင့်အတူ အောင်ပွဲခံစဉ်။



mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS



မြန်မာ့အလင်း
# ဂျာနယ် စီးပွား အားကစား
၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၉ ရက်၊ သောကြာနေ့။




လူမှုစီးပွား

**မြန်မာ့ရိုးရာပန်းပဲလုပ်ငန်းမှာယူအသုံးပြုသူနည်းလာသဖြင့် လုပ်ကိုင်သူရှားပါးလာ**

စာ - ၄



ပြည်တွင်းရေးရာ

**အဆင့်မြင့်လယ်ယာမြေများ ဖော်ထုတ်ပေးမှုကြောင့် ဒေသခံတောင်သူများ ဝမ်းမြောက်ကျေနပ်လျက်ရှိ**

စာ - ၅



# မန်ယူ မော်ရင်ညို နှင့် တွက်ရခက်သော ပုစ္ဆာ

▮ ဝေမိုးဆက် ▮



မန်ယူနဲ့မော်ရင်ညို။ အဲဒါဟာ လတ်တလောမှာ စိတ်ဝင်တစားနဲ့ စောင့်ကြည့်ချင်စရာ အကောင်းဆုံး ကိစ္စတစ်ရပ်လိုဖြစ်လာတယ်။ အရှင်းဆုံးပြောရရင် လက်ရှိအချိန်မှာ မန်ယူဟာ မော်ရင်ညိုကို မန်နေဂျာသစ်အဖြစ် ခန့်အပ်ဖို့ ပုဂ္ဂိုလ်ရေးအရ အကြိုသဘောတူညီမှုတွေတောင် ရရှိထားပြီလို့ သတင်းတွေထွက်တယ်။ ပြီးတော့ မန်ယူနဲ့ မော်ရင်ညိုတို့ချုပ်ဆိုမယ့် စာချုပ်သက်တမ်းဟာ သုံးနှစ်ဖြစ်ပြီး တစ်နှစ်လုပ်ခလစာအဖြစ် မော်ရင်ညိုကို မန်ယူက ပေါင် ၁၅ သန်းအထိ ပေးမယ်လို့လည်း ခိုင်ခိုင်မာမာဖော်ပြကြတယ်။ ဒါတင်မကဘူး၊ အဲဒီသတင်းတွေရဲ့ နောက်ဆက်တွဲအဖြစ် မော်ရင်ညိုသာ မန်ယူမန်နေဂျာဖြစ်လာခဲ့ရင် ရီးရဲလ်ဗဟိုခံစစ်မှူး ဗာရာနီကို အဓိကထားခေါ်ယူမယ်ဆိုပြီးတော့လည်း သတင်းတွေထွက်ပေါ်လာတာနဲ့အမျှ တကယ်ပဲ မန်ယူမန်နေဂျာအဖြစ် လာမယ့်ရာသီသစ်မှာ မော်ရင်ညိုကို မြင်တွေ့ရတော့မှာလားဆိုတာက ချင့်တွက်ချင်စရာဖြစ်လာတယ်။

အထူးသဖြင့်ပေါ့။ လက်ရှိအချိန်မှာ သူ့ရဲ့အနာဂတ်နဲ့ ပတ်သက်ပြီး ခိုင်မာမှုရှိတယ်။ စိုးရိမ်စရာအခြေအနေမျိုးမှာ လုံးလုံးလျားလျားမရှိဘူး။ သူ့အနာဂတ်နဲ့ပတ်သက်ပြီး ထွက်ပေါ်နေတဲ့သတင်းတိုင်းဟာ သူနဲ့သူ့မိသားစုကို ထိခိုက်နာကျင်စရာသာဖြစ်တယ်လို့ အကြိမ်ကြိမ်ပြောခဲ့တဲ့ ဗန်ဟားလ်ကတောင် မန်ယူသာချန်ပီယံလိဂ်ဝင်ခွင့်မရခဲ့ရင် သူ့အနာဂတ်က မသေချာနိုင်ဘူးလို့ ပြန်ပြောင်းပြောလာပြီဆိုတော့. . . မန်ယူမှာ မန်နေဂျာအပြောင်းအလဲလုပ်မယ့် အစီအစဉ်တွေ အမှန်တကယ်ရှိနေပြီလားဆိုတာ စိတ်ဝင်စားစရာသိပ်ကောင်းလာတယ်။

စာ - ၂

> မော်ရင်ညိုဟာ ပရီမီယာလိဂ်သဘောတရားကို ကောင်းကောင်းနားလည်သူ၊ ပရီမီယာလိဂ်ပြိုင်ဘက်အသင်းတွေရဲ့ အားသာချက်၊ အားနည်းချက်တွေကို တိတိပပ သိရှိသူ။ အရှင်းဆုံးပြောရရင် မော်ရင်ညိုဟာ ပရီမီယာလိဂ်ချန်ပီယံဆုဖလားကို ရအောင်ဘယ်လိုလုပ်ယူမလဲဆိုတာ ကောင်းကောင်းသိသူဖြစ်တာနဲ့အမျှ ဂွာဒီယိုလာ ရောက်လာမယ့် မန်စီးတီးကို ယှဉ်ပြိုင်ဖို့ဆိုရင် မန်ယူအတွက် မော်ရင်ညိုလို မန်နေဂျာမျိုး လိုကိုလိုပြီနေတဲ့အခါ။

**ချန်ပီယံလိဂ် ၁၆ သင်းအဆင့်ပထမအကျော့**

**အင်္ဂါနေ့ (၂၃-၂-၁၆)**

| | | |
|---|---|---|
| နံနက် ၂း၁၅ | အာဆင်နယ် - ဘာစီလိုနာ | |
| နံနက် ၂း၁၅ | ဂျူဗင်တပ်စ် - ဘိုင်ယန် | |

**ဗုဒ္ဓဟူးနေ့ (၂၄-၂-၁၆)**

| | | |
|---|---|---|
| နံနက် ၂း၁၅ | ပီအက်စ်ဂျီ - အက်သလက် | |
| နံနက် ၂း၁၅ | ဒိုင်နမိုကိဗ် - မန်စီးတီး | |

Since 1996
ပုလဲ
ဆရာဝန်များဦးစီးသော
(၅တန်းမှ ၁၀တန်း) စံပြဘော်ဒါ နှင့် ကိုယ်ပိုင်အထက်တန်းကျောင်း
၂၀၁၆ ကြိုတင်လက်ခံမည် အမှတ် (၇၇) ငုဝါလမ်း၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံ။ ဖုန်း – ၀၉ ၅၁၅၈၈၅၁၊ ၀၉ ၇၁၂၉၉၇၂၆။



## မန်ယူမော်ရင်ညိုနှင့် တွက်ရခက်သောပုစ္ဆာမှ

ပြောမယ်ဆိုရင်ပေါ့။ လက်ရှိအချိန်မှာ မန်ယူအသင်းကိုပိုင်ဆိုင်ထားတဲ့ ဂလေဇာမိသားစုဟာ မန်ယူနဲ့ပတ်သက်ပြီး စံချိန်တင်အကျိုးအမြတ်တွေကို မျှော်ကိုးလွန်းသူတွေဖြစ်တယ်။ ဘဏ္ဍာရေးတစ်နှစ်အတွင်းမှာတင် ပေါင် သန်း ၅၀၀ ကျော်အမြတ်အစွန်းရတဲ့ ပထမဆုံးကလပ်အသင်းဖြစ်ဖို့အထိ မျှော်လင့်အားခဲထားတဲ့သူတွေဖြစ်တယ်။ ဒါပေမယ့် မန်ယူအသင်းပိုင်ရှင်တွေရဲ့ အဲဒီမျှော်လင့်ချက်တွေဟာ အခုဗန်ဟားလ်လက်ထက်မှာ အသင်းရဲ့ကျဆင်းမှုတွေနဲ့အတူ အတော်ကလေးထိထိခိုက်ခိုက်ဖြစ်လာရတယ်။ အထူးသဖြင့် အသင်းရဲ့အဓိကရည်မှန်းချက်ဖြစ်တဲ့ ချန်ပီယံလိဂ်မှာကွာတားအဆင့်ထိ တက်နိုင်ရေးဆိုတာကိုလည်း ဗန်ဟားလ်က ပြည့်ဝအောင်အကောင်အထည်ဖော်ပေးနိုင်မှုမရှိဘဲ အုပ်စုအဆင့်ကနေသာ ထွက်ခဲ့ရပြီး လူစိတ်ဝင်စားမှုနည်းပါးကာ ဝင်ငွေအရလည်း နည်းလွန်းတဲ့ယူရိုပါလိဂ်ကို ဆင်းကစားရတဲ့အထိဖြစ်လာတယ်။ ဒါ့အပြင် ပရီမီယာလိဂ်မှာလည်း ဆန်းဒါးလန်းကို ရှုံးနိမ့်မှုနဲ့အတူ ထိပ်ဆုံးလေးသင်းစာရင်းဝင်နိုင်ဖို့တောင်မှ အင်မတန်ခက်ခဲတဲ့အနေအထားရောက်လာမှုတွေဟာ မန်ယူရဲ့အကျိုးအမြတ်ရယူရေးဆိုတဲ့ ရည်မှန်းချက်တွေကိုပါ အတော်ကလေးထိထိခိုက်ခိုက်ဖြစ်လာစေတယ်။

ပြောရရင် လက်ရှိအချိန်မှာ နယူးယောက်စတော့ဈေးကွက်အတွင်းတင်ထားတဲ့ မန်ယူအသင်းရဲ့ ရှယ်ယာဈေးနှုန်းနဲ့တန်ဖိုးဟာ ၂၀၁၂ ခုနှစ် အောက်တိုဘာလနောက်ပိုင်း ဆိုးဆိုးရွားရွားကို ကျဆင်းလာတဲ့အထိ မန်ယူရဲ့ကွင်းပြင်ပအခြေအနေကပါ အတော်ကလေးယိမ်းယိုင်လာတာတွေ့ကြရတယ်။ အရှင်းဆုံးပြောရရင် လက်ရှိမန်ယူမှာ ဖြစ်ပေါ်နေတဲ့ ကွင်းတွင်းကွင်းပြင်ကျဆင်းမှုတွေနဲ့အတူ မန်ယူအသင်းရဲ့ပိုင်ရှင်တွေဟာ ဗန်ဟားလ်ကိုအသင်းမှာ နောက်တစ်ရာသီဆက်ထားဖို့ ယုံကြည်မှုတွေ သိသိသာသာ ကျဆင်းလာတာ ထင်သာမြင်သာရှိတဲ့အချက်တစ်ခုလိုဖြစ်နေသလို လက်ရှိအချိန်မှာတင် မန်ယူအသင်းပိုင်ရှင်တွေဟာ နောက်ဆုံးသုံးလတာကာလအတွင်း ထွက်ပေါ်ခဲ့တဲ့ ရလဒ်အပိုင်းအခြားတွေကို ကျေနပ်အားရမှုမရှိတာကြောင့် ဗန်ဟားလ်ကို တာဝန်ယူခေါ်ပေးခဲ့တဲ့ အမှုဆောင်ဒုတိယဥက္ကဋ္ဌ အက်ဝုဒ်ဝက်ကိုတောင်မှ ခေါ်ယူဆွေးနွေးမှုတွေ ပြုလုပ်လာတဲ့အခါ မန်ယူမှာ မန်နေဂျာအပြောင်းအလဲဖြစ်လာနိုင်တဲ့ ရာခိုင်နှုန်းက တဖြည်းဖြည်းပိုမိုမြင့်တက်လာနေတာ မြင်သာသလို မော်ရင်ညိုအနေနဲ့ မန်ယူရောက်လာနိုင်ခြေ အခွင့်အလမ်းကလည်း ပိုမိုကောင်းမွန်လာတဲ့အခါ မန်ယူ၊ မော်ရင်ညို၊ ဗန်ဟားလ်တို့ သုံးပွင့်ဆိုင်ဇာတ်ကို ပိုပြီးစိတ်ဝင်စားစရာဖြစ်လာတယ်။

ပြောမယ်ဆိုရင်ပေါ့။ တချို့ကတော့ မော်ရင်ညို မန်ယူမန်နေဂျာဖြစ်လာနိုင်ခြေအပေါ် သံသယနည်းနည်းရှိကြတယ်။ မော်ရင်ညိုထက် တည်ငြိမ်မှုရှိပြီး လူကြီးလူကောင်းပိုဆန်တဲ့ စပါးမန်နေဂျာ ပိုချက်တီနိုကသာ မန်ယူမန်နေဂျာရာထူးနဲ့ ပိုမိုလိုက်ဖက်မှုရှိပါတယ်လို့လည်း ကောက်ချက်ဆွဲကြတယ်။ အထူးသဖြင့်ပေါ့။ မော်ရင်ညိုရဲ့ မာနကိုအခြေခံတဲ့ စိတ်နေစိတ်ထားဟာ မန်ယူရဲ့ပုံရိပ်ကို ထိခိုက်နိုင်ပါတယ်လို့ ကောက်ချက်ဆွဲကြသလို မီဒီယာသမားတွေနဲ့ ဆက်ဆံရေးမပြေလည်မှု၊ အခြားပြိုင်ဘက်မန်နေဂျာတွေအပေါ် ပုတ်ခတ်ဝေဖန်တတ်မှုဆိုတဲ့ မော်ရင်ညိုရဲ့ အပြုအမူတွေဟာ မန်ယူရဲ့ ပုံရိပ်ကို ကြီးကြီးမားမား အနှောင့်အယှက်ပေးနိုင်တယ်လို့ ယူဆကြတာဖြစ်တယ်။

ဒါ့အပြင် မန်ယူအသင်းပိုင်ရှင်တွေအနေနဲ့ တကယ်သာ မော်ရင်ညိုကို မန်နေဂျာရာထူးပေးခဲ့ရင် အသင်းအတွင်း ကြီးကြီးမားမားအပြောင်းအလဲတွေဖြစ်လာနိုင်ပြီး အဲဒီအပြောင်းအလဲတွေအတွက် ငွေကြေးရင်းနှီးမြှုပ်နှံမှုတွေအများအပြား ထပ်မံလုပ်ဆောင်ရမယ့်အခြေအနေမှာရှိတယ်လို့လည်း ထောက်ပြကြတယ်။ ဘာကြောင့်လဲဆိုတော့ မော်ရင်ညိုရဲ့ ခံစစ်အားပြုကစားဟန်မာကျောမှုနဲ့ ဟန့်တားတတ်မှု၊ လျင်မြန်မှုကိုအခြေပြုတဲ့ တန်ပြန်တိုက်စစ်သဘောတရားဆိုတဲ့ မော်ရင်ညိုစိတ်ကြိုက်ဗျူဟာက လက်ရှိမန်ယူနဲ့ ဘယ်လိုမှလိုက်ဖက်မှုမရှိဘူးဆိုတဲ့ အချက်ကြောင့်ပဲဖြစ်တယ်။ အရှင်းဆုံးပြောရရင် မော်ရင်ညိုကိုသာ မန်ယူမန်နေဂျာသစ်အဖြစ် ရွေးချယ်ခဲ့ရင် မော်ရင်ညိုဟာ မန်ယူကို သူအားသန်တဲ့ဗျူဟာနဲ့သာ တည်ဆောက်မှာဖြစ်တာနဲ့အမျှ မန်ယူရဲ့ကစားသမားစာရင်းကပါ ကြီးကြီးမားမားပြောင်းလဲနိုင်ပြီး မန်ယူပိုင်ရှင်တွေအနေနဲ့ အဲဒီအတွက် ငွေကြေးရင်းနှီးမြှုပ်နှံမှုကိုပါ လက်မတွန့်စတမ်း ထပ်မံလုပ်ဆောင်ဖို့ လိုအပ်လာနိုင်တယ်လို့ ကောက်ချက်ဆွဲကာ ထောက်ပြကြတာပဲဖြစ်တယ်။

ပြောမယ်ဆိုရင်ပေါ့။ လက်ရှိမန်ယူရဲ့စုဖွဲ့မှုမှာ မော်ရင်ညိုစိတ်ကြိုက်ကစားသမားက အတော်နည်းနိုင်တယ်။ ဂိုးသမား ဒီဂီယာဟာ မော်ရင်ညိုရဲ့ယုံကြည်မှုနဲ့ အားကိုးအားထားပြုမှုကို ဆက်လက်ရရှိနိုင်သူဖြစ်တယ်ဆိုတာ ထင်ရှားသလို ဖီးလ်ဂျုံးစ်ဟာလည်း ညာတောင်ပံခံစစ်ကြောင်းမှာ နေရာရနိုင်ပြီး စမောလင်းဟာလည်း ဗဟိုခံစစ်မှာ ဆက်လက်နေရာရနိုင်သော်ငြား ဘလိုင်း၊ ရိုဂျို၊ လုခ်ရှောတို့ဟာ မော်ရင်ညိုစိတ်ကြိုက်ကစားသမားတွေ မဟုတ်ကြဘူး။ လုခ်ရှောအနေနဲ့ ဆောက်သမ်တန်မှာ ခြေစွမ်းပြသပြီး အသင်းကြီးတွေရဲ့စိတ်ဝင်စားမှုကို ခံခဲ့ရတုန်းကတောင်မှ မော်ရင်ညိုဟာ လုခ်ရှောကို ချယ်လ်ဆီးအတွက် ခေါ်ယူဖို့မကြိုးစားခဲ့ဘူး။ ဒါ့အပြင် ကွင်းလယ်ပိုင်းမှာလည်း ရှဝိန်းစတိန်ဂါဟာ မော်ရင်ညိုအားကိုးအားထားပြုနိုင်သူဖြစ်လာနိုင်ပေမယ့် မာတာ၊ လင်ဂတ်၊ စနိုက်ဒါလင်၊ ဖယ်လိုင်နီတို့ကတော့ မော်ရင်ညိုစိတ်တိုင်းကျ ကစားသမားမျိုးတွေမဟုတ်ကြဘူး။ မာတာဆိုရင် စိတ်ကြိုက်မတွေ့လို့ ချယ်လ်ဆီးကို ရောက်လာချိန်မှာ သူကိုယ်တိုင်မန်ယူဆီကို ရောင်းချခဲ့တာ။ ဆောက်သမ်တန်မှာ ခြေစွမ်းပြသမှုကြောင့် အသင်းကြီးအများစုရဲ့ စိတ်ဝင်စားမှုကိုခံရစဉ်မှာတောင် ရှနိုက်ဒါလင်ကို မော်ရင်ညိုက ခေါ်ယူဖို့မကြိုးစားခဲ့သလို ဖယ်လိုင်နီကိုလည်း ဘယ်တုန်းကမှ စိတ်ဝင်တစား ကမ်းလှမ်းမှုမျိုး မော်ရင်ညိုမလုပ်ဆောင်ခဲ့ဘူးဆိုတော့ မန်ယူမှာ မော်ရင်ညိုစိတ်ကြိုက်ကစားသမားက အတော်နည်းပါးလွန်းတာ ထင်သာမြင်သာရှိလွန်းတယ်။

အထူးသဖြင့်ပေါ့ တစ်ချိန်တုန်းက မော်ရင်ညိုကိုယ်တိုင် လိုလိုချင်ချင် အသည်းအသန်ခေါ်ယူဖို့ကြိုးစားခဲ့ဖူးတဲ့ ရွှန်းနေတောင်မှ လက်ရှိအချိန်မှာ မော်ရင်ညိုစိတ်ကြိုက် အရည်အသွေးတွေ ကုန်ခန်းစပြုလာပြီဆိုတော့။ အရှင်းဆုံးပြောရရင် မော်ရင်ညိုကို မန်ယူမန်နေဂျာရာထူးပေးလိုက်ခြင်းရဲ့ နောက်ဆက်တွဲအဖြစ် မန်ယူအသင်းပိုင်ရှင်တွေအနေနဲ့ ငွေကြေးရင်းနှီးမြှုပ်နှံမှုတွေ အများအပြားထပ်လုပ်ရဖို့ ရှိသလို အဲဒီဒဏ်ကိုခံနိုင်ဖို့လိုတယ်ဆိုပြီး ကောက်ချက်ဆွဲထောက်ပြကြတာပဲဖြစ်တယ်။ အခြေအနေအဆိုးဆုံးဖြစ်သွားနိုင်တာကတော့ မန်ယူရဲ့ လူငယ်အကယ်ဒမီပဲ။ မန်ယူရဲ့ လူငယ်အကယ်ဒမီဟာ မြို့ခံပြိုင်ဘက် မန်စီးတီးရဲ့ လူငယ်အကယ်ဒမီထက် လက်ရှိအချိန်မှာနိမ့်ကျနေတာကြောင့် ပြန်လည်ပြုပြင်ဖို့ လိုအပ်နေတဲ့အချိန်မျိုးမှာ မော်ရင်ညိုဟာ အကယ်ဒမီထွက် ကစားသမားတွေထက် အသင့်သုံးကစားသမားတွေကို ပိုနှစ်သက်တာနဲ့အမျှ မန်ယူလူငယ်ကစားသမားတွေဟာ အသင်းကြီးမှာနေရာရဖို့နဲ့ အောင်မြင်မှုရဖို့ ပိုခက်ခဲသွားနိုင်သလို မန်ယူအကယ်ဒမီရဲ့ ပုံရိပ်ဟာလည်း ပိုမိုပြီးမှေးမှိန်သွားနိုင်တယ်လို့ ထောက်ပြကြတာပဲဖြစ်တယ်။

ဒါပေမယ့်ပေါ့။ လာမယ်ရာသီမှာ မန်စီးတီးကို ဂွာဒီယိုလာကရောက်လာမှာ။ ဒီတော့မန်စီးတီးကိုယှဉ်နိုင်ဖို့ မန်ယူမှာလည်း မော်ရင်ညိုလို ကမ္ဘာ့အဆင့် မန်နေဂျာကောင်းတစ်ဦးလိုကိုလိုတယ်။ ပိုဆိုးတာက ဒီရာသီမှာသာ မန်ယူဟာ ချန်ပီယံလိဂ်ဝင်ခွင့်မရခဲ့ရင် ကမ္ဘာ့ထိပ်တန်းကစားသမားတွေကို ဂွာဒီယိုလာနဲ့အပြိုင်ခေါ်ယူနိုင်ဖို့အတွက် ကစားသမားတွေအပေါ် လွှမ်းမိုးမှုရှိပြီး ကစားသမားတွေလည်းယုံကြည်တဲ့ မော်ရင်ညိုလိုမန်နေဂျာမျိုး လိုကိုလိုတယ်။ အထူးသဖြင့် မော်ရင်ညိုဟာ ပရီမီယာလိဂ်သဘောသဘာဝကို ကောင်းကောင်းနားလည်သူ၊ ပရီမီယာလိဂ်ပြိုင်ဘက်အသင်းတွေရဲ့ အားသာချက်၊ အားနည်းချက်တွေကို တိတိပပသိရှိသူ။ အရှင်းဆုံးပြောရရင် မော်ရင်ညိုဟာ ပရီမီယာလိဂ်ချန်ပီယံဆုဖလားကို ရအောင်ဘယ်လိုလုပ်ယူမလဲဆိုတာ ကောင်းကောင်းသိသူဖြစ်တာနဲ့အမျှ ဂွာဒီယိုလာရောက်လာမယ့် မန်စီးတီးကို ပခုံးချင်းယှဉ်ဖို့ဆိုရင် မန်ယူအတွက် မော်ရင်ညိုလိုမန်နေဂျာမျိုး လိုပြန်တဲ့အခါ။ မော်ရင်ညိုအနေနဲ့ နွေရာသီမှာ မန်ယူမန်နေဂျာဖြစ်လာမှာလား။ သေချာတာတစ်ခုကတော့ လက်ရှိမန်ယူရဲ့ အခြေအနေဟာ အပြောင်းအလဲတစ်ခုခုဖြစ်တော့မယ့် ရှေ့ပြေးနိမိတ်တစ်ခုလို အနည်းငယ်တည်ငြိမ်နေတာက ပိုပြီးသတိထားချင်စရာ ဖြစ်နေတယ်ဆိုတာပဲဖြစ်တယ်။

**ဝေမိုးဆက်**



**မော်ရင်ညိုဟာ ပရီမီယာလိဂ်ချန်ပီယံဆုဖလားကို ရအောင်ဘယ်လိုလုပ်ယူမလဲဆိုတာ ကောင်းကောင်းသိသူဖြစ်တာနဲ့အမျှ ဂွာဒီယိုလာရောက်လာမယ့် မန်စီးတီးကို ပခုံးချင်းယှဉ်ဖို့ဆိုရင် မန်ယူအတွက် မော်ရင်ညိုလိုမန်နေဂျာမျိုး လိုကိုလိုပြန်တဲ့အခါ။**




## ဂွာဒီယိုလာတာဝန်ယူချိန်တွင် လူငယ်ကစားသမားများ ထွက်ခွာသွားမည့်အန္တရာယ်နှင့် မန်စီးတီးရင်ဆိုင်ရဖွယ်ရှိနေ



လာမည့် နွေရာသီအတွင်း မန်စီးတီးအသင်းမန်နေဂျာသစ်အဖြစ် ပက်ဂွာဒီယိုလာတာဝန်ယူချိန်၌ မန်စီးတီးအသင်းအနေဖြင့် အသင်း၏အလားအလာရှိသည့် လူငယ်ကစားသမားများကို အသင်းတွင် ဆက်ထိန်းထားနိုင်ရေးအတွက် အခက်အခဲများနှင့် ရင်ဆိုင်ရနိုင်ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

မန်စီးတီးအသင်းသည် လူငယ်အသင်းမှ အလားအလာရှိသည့် အသက် ၁၆ နှစ်အောက်ကစားသမားများကို စာချုပ်များချုပ်ဆိုသော အလေ့အထရှိသည့်အသင်းဖြစ်သည်။

သို့သော်လည်း မန်စီးတီးအသင်း မန်နေဂျာအဖြစ် ဂွာဒီယိုလာ တာဝန်ယူချိန်တွင် ဂွာဒီယိုလာသည် ကစားသမားသစ်ခေါ်ယူရေးအတွက် ပြောင်းရွှေ့ကြေးအများအပြား အသုံးပြုခွင့် ရရှိဖွယ်ရှိနေပြီး လာမည့်နွေရာသီအတွင်း ကမ္ဘာ့ထိပ်တန်းကစားသမားများကို ခေါ်ယူနိုင်ဖွယ်ရှိနေခြင်းကြောင့် မန်စီးတီးလူငယ်အသင်း ကစားသမားများသည် စီနီယာအသင်းသို့ ဝင်ရောက်ခွင့်ရရန် ခက်ခဲနိုင်ဖွယ်ရှိသည်ဟုဆိုသည်။ ထွက်ပေါ်နေသော သတင်းများအရ မန်စီးတီးအသင်းအား ဂွာဒီယိုလာတာဝန်ယူချိန်တွင် ဂျူဗင်တပ်ကွင်းလယ်ကစားသမား ပေါလ်ပေါ့ဂ်ဘာ၊ ဘာစီလိုနာအသင်းမှ ဘက်စကွက်နှင့် လူးဝစ်ဆွာရက်ဇ်၊ ဘိုင်ယန်မြူးနစ်တိုက်စစ်မှူး လီဝမ်ဒေါ်စကီတို့အားခေါ်ယူရန် မန်စီးတီးအသင်းက ဆက်သွယ်နေသည်ဟု ဆိုသည်။

မန်စီးတီး ယူ-၁၆ အသင်းသည် ပြီးခဲ့သည့် နှစ်များအတွင်းက အလားအလာရှိသည့် လူငယ်ကစားသမားများ မွေးထုတ်ပေးရာနေရာအဖြစ် အသိအမှတ်ပြုခံထားရသည်။ ထို့အပြင် မန်စီးတီးအသင်းတာဝန်ရှိသူများသည်လည်း မန်စီးတီး ပထမအသင်းအတွက် အသင်းအကယ်ဒမီမှ လူငယ်ကစားသမားများ မွေးထုတ်ပေးနိုင်ရန် ငွေကြေးရင်းနှီးမြှုပ်နှံမှုအများအပြား ပြုလုပ်ထားသည်။

တိုက်စစ်မှူး အီနာချို(၁၉နှစ်)နှင့် ကွင်းလယ်ကစားသမား ဘာစတန်ဆီလီနာ(၁၉နှစ်)တို့သည် ယခုနှစ် ဘောလုံးရာသီတွင် မန်စီးတီးလူငယ်အသင်းမှ ပထမအသင်းသို့ တက်ရောက်ကစားခွင့်ရရှိနေသည့် ကစားသမားများဖြစ်သည်။ တိုက်စစ်မှူး အီနာချိုသည် ယခုနှစ်ဘောလုံးရာသီတွင် မန်စီးတီးအသင်းအတွက် စုစုပေါင်း ပွဲ ၂၀ ပါဝင်ကစားထားပြီး ကိုးဂိုး သွင်းယူထားသူဖြစ်သည်။ ကွင်းလယ်ကစားသမား ဆီလီနာသည် ဖေဖော်ဝါရီ ၆ ရက်တွင် မန်စီးတီးက လက်စတာအား ၃-၁ ဖြင့် အရေးနိမ့်ခဲ့သောပွဲ၌ မန်စီးတီးအတွက် စတင်ပါဝင်ခွင့်ရရှိခဲ့သူဖြစ်ကာ အဆိုပါပွဲတွင် မန်စီးတီးအတွက် တိုက်စစ်မှူး အဂူရို ဂိုးသွင်းယူနိုင်ရန် ဖန်တီးပေးနိုင်ခဲ့သူ ဖြစ်သည်။

**အောင်က**

**စစ်ကိုင်းတိုင်းဒေသကြီး**

# ကြေးခေတ်နှင့်ကြေးခေတ်မတိုင်မီက လူတို့နေထိုင်ခဲ့သည့်အထောက်အထားများ မုံရွာ၌တွေ့ရှိ

သမိုင်းမတိုင်မီ ခေတ်များဖြစ်သည့် ကြေးခေတ်-သံခေတ်ဆိုင်ရာ ရုပ်ကြွင်းများနှင့် ဆက်စပ်ပစ္စည်းများကို မြန်မာနိုင်ငံအလယ်ပိုင်း စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ် ညောင်ကန်ကျေးရွာနှင့် အုတ်အိုင်ကျေးရွာများတွင် မြန်မာ-ပြင်သစ်ရှေးဟောင်းသုတေသနပညာရှင်များပူးပေါင်း၍ တူးဖော်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိရာ လူတို့နေထိုင်သည့် အထောက်အထားများတွေ့ရှိရကြောင်း သိရသည်။ **(ယာပုံ)**

မြန်မာ-ပြင်သစ် နှစ်နိုင်ငံပညာရှင်များ ပူးပေါင်း၍ ၂၀၀၁ ခုနှစ်မှ ၂၀၁၆ နှစ်ဆန်းပိုင်းအထိ ညောင်ကန်ကျေးရွာနှင့် အုတ်အိုင်ကျေးရွာများတွင် တူးဖော်သုတေသနပြုခဲ့ပြီး အဆိုပါသုတေသန တွေ့ရှိချက်များကို ပြင်သစ်နိုင်ငံမှ ရှေးဟောင်းသုတေသနပညာရှင် ဒေါက်တာ သောမတ်စ်အိုလီဗာပရိုင်စ်က ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်ရှိ ပြင်သစ်ယဉ်ကျေးမှုဌာန၌ ဖေဖော်ဝါရီ ၁၇ က ဆွေးနွေးပွဲ ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် ဒေါက်တာ သောမတ်စ်အိုလီဗာပရိုင်စ်က "ညောင်ကန်ကျေးရွာနဲ့ အုတ်အိုင်ကျေးရွာဒေသက သင်္ချိုင်းဟောင်းနေရာတွေမှာ ကျောက်ကွင်း၊ ကမာခွံ၊ ပဲကွပ် (ကျောက်မိုးသွား)၊ အိုးနဲ့အတူ တွေ့ရတဲ့ သေသူအရိုးစုတွေ၊ အိုးနဲ့မွေးကင်းစကလေးထည့်မြှုပ်မှုနဲ့ အိုးကြမ်းကွဲတွေ၊ ပုတီးစေ့ပြုလုပ်လို့ ထွက်ရှိလာတဲ့ ကျောက်အကျိုးအပဲ့ အစအနတွေကို တွေ့ရပါတယ်။ လူတွေအခြေချနေထိုင်ရာနေရာတွေရယ်၊ ကုန်ထုတ်လုပ်ဆောင်တဲ့ကာလတွေကို ကနဦး ရက်စွဲသတ်မှတ်မယ်ဆိုရင် ခရစ်တော်မပေါ်မီနှစ် ၂၀၀၀ နောက်ပိုင်း ဒါမှမဟုတ်ရင် နှစ် ၁၀၀၀ အစောပိုင်းကာလတွေက ဖြစ်နိုင်ပါတယ်"ဟုပြောသည်။

၁၉၉၈ ခုနှစ်တွင် မန္တလေးရှေးဟောင်းသုတေသနဦးစီးဌာန (ယဉ်ကျေးမှုဝန်ကြီးဌာန)၏ ညောင်ကန်ဒေသမီးတောင်ဟောင်းအနောက်မြောက်ထောင့်၌ ရှေးဟောင်းသင်္ချိုင်းတစ်ခုကို တူးဖော်ရာမှ ကျောက်ဖြင့်ပြုလုပ်သော ပစ္စည်းများ၊ အိုးများနှင့် ကြေးပစ္စည်းများကို သေသူနှင့်အတူ မြှုပ်နှံပစ္စည်းများအဖြစ် တွေ့ရှိရာမှ မြန်မာ-ပြင်သစ် ရှေးဟောင်းသုတေသနပညာရှင်များ ပူးပေါင်းဆောင်ရွက်မှု စတင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဒေသများတွင် သုတေသနပြုလုပ်ရာ၌ ပူးပေါင်းပါဝင်ဆောင်ရွက်သူ ဒဂုံတက္ကသိုလ် ရှေးဟောင်းသုတေသနပညာဌာနရှိ လက်ထောက်ကထိက ဒေါ်ကလျာမြတ်မြတ်ဖြိုးက "လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀၀၀ လောက်က လူတွေနေခဲ့တယ်ဆိုတော့ အဲ့ဒီမှာရှိတဲ့ ရွာသားတွေအနေနဲ့လည်း သူတို့ဒေသမှာ ယဉ်ကျေးမှုတွေ ထွန်းကားခဲ့တယ်ဆိုတာ သိရတော့ ဝမ်းသာတယ်။ ဂုဏ်ယူကြတယ်။ အဲ့ဒီလိုတွေ့ရှိလို့ ပြောင်းလဲလာမလားမေးရင် နောက်ပိုင်းလူသိများလာရင်တော့ အဲ့ဒီမှာ သုတေသနလုပ်မယ့် နိုင်ငံခြားသားတွေ ပိုမိုရောက်လာမယ်။ နောက်သုတေသနပစ္စည်းတွေက ယာထွန်ရင်းနဲ့ တွေ့နေရတာဆိုတော့ တရားမဝင်ရောင်းဝယ်မှုတွေ ဖြစ်လာရင် မကောင်းတဲ့အနေအထားပါ"ဟု ဖြစ်ပေါ်လာနိုင်သည့် အခြေအနေကို ပြောသည်။

ရှေးဟောင်းပစ္စည်းများကို အရှေ့တောင်အာရှဒေသတွင် မြန်မာနိုင်ငံတစ်နေရာတည်း၌ အမြောက်အမြားတွေ့ရှိရခြင်းနှင့် ပတ်သက်၍ ဒေါက်တာသောမတ်စ်အိုလီဗာပရိုင်စ်က "ကျွန်တော်တို့လုပ်တဲ့ ရှေးဟောင်းသုတေသနအလုပ်ကတော့ ပုတီးတို့၊ အိုးတို့၊ ကျောက်လက်နက်တို့ကို ဘယ်လိုနည်းပညာနဲ့ လုပ်ကိုင်သလဲ။ ဘယ်လိုလုပ်သလဲဆိုတဲ့အရာတွေနဲ့



မြေကြီးကို စစ်ဆေးပြီးသွားတဲ့အခါ သူတို့ဘယ်လိုအရာတွေ စားသောက်သလဲဆိုတာကိုပဲ လေ့လာတာပါ။ အဲ့ဒီဒေသမှာ ထပ်ပြီးတော့ တခြားအရာတွေကို လေ့လာမှုတွေ အများကြီးလုပ်ဖို့ ကျန်ပါသေးတယ်။ ရှေးဟောင်းပစ္စည်းတွေကို အဲ့ဒီဒေသက နေရာအတော်များများမှာ ကျယ်ကျယ်ပြန့်ပြန့် တွေ့ရပါတယ်။ ထိုင်းနိုင်ငံမှာလည်း ဒီလိုမျိုးရှိပေမယ့် မြေယာတွေကို စက်ကိရိယာတွေနဲ့ ထွန်ယက်စိုက်ပျိုးတဲ့အခါ ပျက်စီးပျောက်ဆုံးသွားတာပါ။ မြန်မာမှာက ခြောက်စင်တီမီတာ အနက်လောက်ပဲ ထွန်ယက်တဲ့အတွက် အခုလို မပျက်စီးဘဲ ကျန်နေတာပါ" ဟု ရှင်းပြသည်။

တူးဖော်တွေ့ရှိရသည့် အချို့အရာများကို သိပ္ပံနည်းကျ စစ်ဆေးရန်အတွက် နိုင်ငံခြားသို့ နမူနာအဖြစ် ယူဆောင်စမ်းသပ်မည်ဖြစ်သည်။ ညောင်ကန်နှင့် အုတ်အိုင်ကျေးရွာများတွင် မြန်မာ-ပြင်သစ် ပူးပေါင်းဆောင်ရွက်တူးဖော် သုတေသနပြုခဲ့သည့် သုတေသနရလဒ်များကို အွန်လိုင်းနှင့် ပညာရပ်ပိုင်းဆိုင်ရာဂျာနယ်များတွင် ပူးပေါင်းရေးသားမည်ဖြစ်ပြီး ရေးသားပြီးပါက မြန်မာနိုင်ငံ၏ အကြောင်းအရာများကို တစ်ကမ္ဘာလုံးသိရှိနိုင်မည်ဖြစ်သည်။ မြန်မာ-ပြင်သစ် ရှေးဟောင်းသုတေသနပညာရှင်များ အနေဖြင့် ဟန်လင်းဒေသကို ဆက်လက်လေ့လာသွားမည်ဖြစ်သည်။

အဆိုပါလေ့လာမှုသည် ဟန်လင်းတွင်ရှိသည့် ပျူလူမျိုးအကြောင်း လေ့လာမည်မဟုတ်ဘဲ လူသားသမိုင်းကြောင်းနှင့် လူသားများ မည်ကဲ့သို့ နေထိုင်စားသောက်ခဲ့သည်ကို လေ့လာမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ရဲခေါင်ညွန့်**
**ဓာတ်ပုံ-လှမိုး**

**ပဲခူးတိုင်းဒေသကြီး**

## ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ တိုးချဲ့တည်ဆောက်

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြည်ခရိုင် ပေါင်းတည်မြို့နယ် ကြို့ပင်အုပ်စု ဘိုကုန်းကျေးရွာနှင့် ကြို့ပင်ကျေးရွာတို့၌ လိုင်းဖျားဗို့အားကျဆင်းနေပါသဖြင့် ဗို့အားပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် ၂၀၁၅-၂၀၁၆ တိုင်းဒေသကြီး ပိုလျှံဘတ်ဂျက်ရန်ပုံငွေဖြင့် ၁၁ ကေဗွီ လိုင်း ပေ ၃၀၀ နှင့် ၁၀၀ ကေဗွီ ထရန်စဖော်မာတစ်လုံးတို့ကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်မြင့်ကြည် ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၇ ရက်က တည်ဆောက်ပြီးစီးပြီဖြစ်၍ ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့)တွင် ဓာတ်အားစတင်ဖြန့်ဖြူးခဲ့ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ပေးခြင်းကြောင့် အကျိုးသက်ရောက်မှုအနေဖြင့် အများပြည်သူ လျှပ်စစ်အန္တရာယ်ကင်းဝေးစေပြီး လျှပ်စစ်ဓာတ်အားပြည့်ဝစွာ သုံးစွဲလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

**ရှမ်းပြည်နယ်**

## နမ့်ဆန်မြို့ မီးလောင်မှု လက်ဖက်စိုက်ပျိုးထုတ်လုပ်မှု ထိခိုက်မည်မဟုတ်

ပလောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့၌ ဖေဖော်ဝါရီ ၄ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ရာမှ အိမ်ခြေ ၂၈၅ လုံး မီးလောင်ဆုံးရှုံးမှုဖြစ်ပွားခဲ့သည်။ အဆိုပါ မီးလောင်ဆုံးရှုံးမှုနှင့်ပတ်သက်၍ နမ့်ဆန်မြို့နယ်သည် လက်ဖက်စိုက်ပျိုးထုတ်လုပ်မှု အဓိကစီးပွားရေးလုပ်ငန်းဖြစ်သော လက်ဖက်ပို့ဆောင် ထုတ်လုပ်ရောင်းဝယ်မှု လက်ရှိလုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး လက်ဖက်ခြံများ မီးလောင်မှုမရှိသဖြင့် လက်ဖက်စိုက်ပျိုးထုတ်လုပ်မှုမထိခိုက် (မရပ်ဆိုင်း)ကြောင်းနှင့် လက်ဖက်ဝယ်ယူရောင်းချသူများ စိုးရိမ်ကြောင့်ကြမှုမရှိစေရန် လက်ဖက်ခြံပိုင်ရှင်တစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**စိုးဝင်း(နောင်ချို)**



စစ်ကိုင်းတိုင်းဒေသကြီး

# မြန်မာ့ရိုးရာပန်းပဲလုပ်ငန်း မှာယူအသုံးပြုသူနည်းလာသဖြင့် လုပ်ကိုင်သူရှားပါးလာ

မြန်မာတို့၏ ရိုးရာလက်မှုပညာ ပန်းဆယ်မျိုးတွင် ပါဝင်သည့် ပန်းပဲလုပ်ငန်းသည် ဒေသအလိုက် အသုံးအဆောင်ပစ္စည်းများ ပြောင်းလဲလာမှုကြောင့် ပန်းပဲလုပ်ကိုင်သည့် လုပ်ငန်းများ ရှားပါးလာသည်။

ချင်းတွင်းအထက်ပိုင်း ဒေသများတွင် သစ်ဖောင်၊ ဝါးဖောင်နှင့် ကြိမ်လုပ်ငန်းများ ယခင်ကပေါများစွာ လုပ်ကိုင်သဖြင့် ပန်းပဲလုပ်ငန်းများ တွင်ကျယ်စွာလုပ်ကိုင်ခဲ့ရပြီး၊ လွန်ခဲ့သော ၁၀နှစ်ခန့်မှ စတင်၍ အဆိုပါလုပ်ငန်းများလုပ်ကိုင်သူနည်းလာသည်နှင့် အမျှ ပန်းပဲလုပ်ငန်းများလည်း အလုပ်အကိုင်တွင်ကျယ်မှုနည်းပါးကာ လုပ်ကိုင်သူပင်ရှားပါးလာကြောင်း မုံရွာမြို့နယ် မြောက်ဘက်ခြမ်းရှိ မန္တလာကျေးရွာ "ဝင်း"ပန်းပဲလုပ်ငန်းမှ ဦးဇော်မင်း၏ ပြောပြချက်အရ သိရသည်။



"ချင်းတွင်းအထက်ပိုင်း ဒေသတွေမှာ ဓား၊ ပုဆိန်၊ ခွင်နဲ့လုပ်ရသစ်ဖောင်၊ ဝါးခုတ်၊ ကြိမ်ခုတ်လုပ်ငန်းတွေ တွင်ကျယ်တုန်းက ပန်းပဲလုပ်ငန်းလုပ်သူတွေ ၁၅ ဦးလောက်ရှိတယ်။ အခု နောက်ပိုင်းမှာ သစ်ခုတ်၊ ဝါးခုတ်လုပ်ငန်းတွေနည်းလာတယ်။ နောက်ပြီးပန်းပဲလုပ်ငန်းက ပင်ပန်းတယ်။ ပညာသင်ယူရင်လည်း နှစ်ရှည်သင်ရတဲ့အတွက် မျိုးဆက်သစ်ပညာသင်တဲ့သူတွေ မရှိသလောက် ရှားလာတယ်။ တခြားလုပ်ငန်းတွေက ဝင်ငွေရလွယ်တဲ့အတွက် ဒီလုပ်ငန်းကိုလုပ်တဲ့သူ အခုဆိုရင် နှစ်ဦးပဲရှိတော့တယ်။ လုပ်ငန်းတွင်ကျယ်တုန်းကတော့ တစ်နှစ်ကို ဓားမတစ်မျိုးတည်းအချောင်း ၄၀၀၀ ကနေ ၅၀၀၀ လောက်အထိ ရိုက်ရတယ်။ အခုနောက်ပိုင်းမှာ လုပ်တဲ့သူနည်းတော့ တစ်နှစ်ကို အချောင်း ၂၀၀၀ လောက်ပဲရိုက်ရတော့တယ်။ ဒီလုပ်ငန်းက အခုလက်ရှိအခြေအနေမှာ စားလောက်ရုံပဲရှိတယ်။ စီးပွားမဖြစ်တော့တဲ့အတွက် လုပ်တဲ့သူတွေ နည်းလာတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

မုံရွာမြို့နယ် မြောက်ဘက်ခြမ်းဒေသ ပန်းပဲလုပ်ငန်းမှထွက်ရှိသောဓားမ၊ ပုဆိန်၊ ပဲခွပ်၊ လှံ၊ ခွင်၊ ဓားချွန်းများကို ချင်းတွင်းအထက်ပိုင်း ဒေသများဖြစ်သော မင်းကင်း၊ ကလေးဝ၊ မော်လိုက်၊ ဟုမ္မလင်းမြို့နယ်များမှ အများဆုံးမှာယူ အသုံးပြုကြောင်းသိရသည်။

**ဖိုးချမ်း - မုံရွာ**

ချင်းပြည်နယ်

# သဘာဝဘေးသင့် ပြည်သူများအား ဆန်အိတ်များလှူဒါန်း

ချင်းပြည်နယ် ဟားခါးမြို့နယ်ရှိ သဘာဝဘေးသင့်ပြည်သူများအတွက် Myanmar Peace Centre နှင့် နိပ္ပွန်ဖောင်ဒေးရှင်းမှ ဆန်အိတ်များ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၁၅ ရက်က ဟားခါးမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ဗိုလ်ကွမ်ဘိခ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဟုန်းငိုင်း တက်ရောက်အမှာစကားပြောကြားပြီး Myanmar Peace Centre နှင့် နိပ္ပွန်ဖောင်ဒေးရှင်းမှ အမှုဆောင်ညွှန်ကြားရေးမှူး ဦးကျော်စိုးလှိုင်က ဆန်အိတ်များ ပေးအပ်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် Myanmar Peace Centre နှင့် နိပ္ပွန်ဖောင်ဒေးရှင်းမှ အမှုဆောင်ညွှန်ကြားရေးမှူး ဦးကျော်စိုးလှိုင်နှင့်အဖွဲ့က ဆန်အိတ်များကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး သဘာဝဘေးသင့်ပြည်သူများကိုယ်စား ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးဗန်ထောင်းက ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ ဆန်အိတ်ထောက်ပံ့ပေးအပ်လှူဒါန်းပွဲတွင် ဟားခါးမြို့နယ်ရှိ သဘာဝဘေးသင့် ပြည်သူများအတွက် ဆန်အိတ် ၁၀၀၀၊ ချင်းပြည်နယ်အတွင်းရှိ သဘာဝဘေးသင့်ပြည်သူများအတွက် ဆန်အိတ် ၂၂၅၀ စုစုပေါင်း ဆန်အိတ် ၃၂၅၀ ကို ထောက်ပံ့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

# စက်ရေတွင်းတူးဖော်ခြင်း၊ အုတ်ရေကန်နှင့် ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်

မန္တလေးတိုင်းဒေသကြီး



မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်း (ဖြည့်စွက်) ရန်ပုံငွေဖြစ်သော ခွင့်ပြုငွေကျပ် ၁၃ ဒသမ ၂၂ သန်းဖြင့် ဆောင်ရွက်သည့် အုတ်ဖိုကျေးရွာတွင် စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၁၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်းနှင့် ရေစက်ရုံတည်ဆောက်ခြင်း လုပ်ငန်းများကို ၃၀-၉-၂၀၁၅ ရက်က စတင်ပြီး လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးစိုင်းကျော်ဟန်ထူး (လက်ထောက်ညွှန်ကြားရေးမှူးနည်းပညာ)နှင့် ဦးရန်နိုင်စိုး ( ဦးစီးအရာရှိ-နည်းပညာ)တို့က ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ရာ ၆၈ ရာခိုင်နှုန်း လုပ်ငန်းဆောင်ရွက်မှုပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ဇော်မျိုးထိုက်(ပြင်ဦးလွင်)**

ပဲခူးတိုင်းဒေသကြီး

# အယ်နီညိုကြိုတင်ကာကွယ်ရန် ဒေသတွင်းရေပြတ်လပ်မှုမရှိစေရေးကြိုတင်ညှိနှိုင်းစည်းဝေး

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်) နေပြည်တော်၏ တိုင်းဒေသကြီးအစိုးရအဖွဲ့များသို့ ထုတ်ပြန်ပေးပို့ချက်များအရ အယ်နီညိုရာသီဥတုဖြစ်စဉ်သည် မြန်မာနိုင်ငံသို့ မတ်လ၊ ဧပြီလမှ မေလအထိ ဝင်ရောက်တော့မည်ဖြစ်ရာ ဒေသအသီးသီးမှကြိုတင်ပြင်ဆင်လုပ်ဆောင်မှုများကို ဆောင်ရွက်ထားရှိနိုင်ရေးအတွက် နှိုးဆော်ထားရာ မြို့နယ်ကြီးကြပ်မှုကော်မတီ၏ ဒုတိယအကြိမ်အစည်းအဝေးကို ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၁၆ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်ကြီးကြပ်မှုကော်မတီအနေဖြင့် အယ်နီညို ကြိုတင်ကာကွယ်ရေးစီမံချက်အရ မြို့နယ်အတွင်း သောက်သုံးရေကန်ကြီးများကို စာရင်းကောက်ယူခြင်း၊ ရေလှောင်ပမာဏကိုတွက်ချက်ပြီး ရေသုံးစွဲမှုကိုစနစ်တကျ အချိန်ကန့်သတ်ခြင်း၊ မြို့နယ်အတွင်းရှိ စက်ရေတွင်းများကို စာရင်းပြုစုပြီး ရေသိုလှောင်ရန်စီစဉ်ခြင်း၊ ဘော်ဘင်ဆည်မှရေများ စီးဆင်းရာချောင်းများတစ်လျှောက် ပိတ်ဆို့ထိန်းသိမ်းခြင်း၊ တမံတုတ်ခြင်း၊ စည်ပင်သာယာကွန်ကရစ် ရေစင်ကြီးများနှင့် သံရေစင်ကြီးများတွင် ရေအသင့်သိုလှောင်ထားရှိရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အယ်နီညိုဖြစ်စဉ်သည် မြန်မာနိုင်ငံသို့ လေးကြိမ်ဝင်ရောက်ခဲ့ပြီး ၂၀၁၆ ခုနှစ် မတ်လမှ မေလအထိ ကာလအတွင်း အပူချိန် ၇၀ ရာခိုင်နှုန်းမှ ၁၀၀ ရာခိုင်နှုန်းအထိ အမြင့်မားဆုံးဝင်ရောက်မည်ဖြစ်ရာ ဒေသအတွင်းအောက်ရေခန်းခြောက်ခြင်း၊ သောက်သုံးရေရှားပါးခြင်း၊ သီးနှံစိုက်ပျိုးရန်ရေအခက်အခဲကြုံခြင်း၊ လူနှင့် ကျွဲနွားများရောဂါဘယများဖြစ်ပေါ်လာနိုင်သဖြင့် အထူးသတိပြုနေထိုင်ကြရန်နှင့် ရေကိုချွေတာစွာသုံးစွဲရန် သက်ဆိုင်ရာက သတိပေးနှိုးဆော်ထားကြောင်း သိရသည်။

**ကိုသက်(ဇီးကုန်း)**



ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က ကျင်းပရာ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးသိန်းလွင်၊ တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနညွှန်ကြားရေးမှူး ဦးသိန်းလွင်နှင့် ပြည်ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ မျိုးကျော်ကြီး(ပြန်/ဆက်)

# အဆင့်မြင့်လယ်ယာမြေများဖော်ထုတ်ပေးမှုကြောင့် ဒေသခံတောင်သူများ ဝမ်းမြောက်ကျေနပ်လျက်ရှိ

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ် အင်မော်ကျေးရွာအုပ်စု ကန်သာယာကျေးရွာရှိ ဒေသခံတောင်သူ ၂၇ ဦး ပိုင်ဆိုင်သော လယ်မြေဧက ၁၀၀ ကို တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေကျပ် သိန်း ၁၆၀ ဖြင့် မြိတ်ခရိုင် စက်မှုလယ်ယာဦးစီးဌာနက အဆင့်မြင့် လယ်ယာဖော်ထုတ်ဆောင်ရွက်ပေးခဲ့သဖြင့် ဒေသခံတောင်သူများ စိုက်ပျိုးရေးလုပ်ငန်းများကို ယခင်ကထက် ပိုမိုလွယ်ကူအဆင်ပြေစွာ ဆောင်ရွက်နိုင်လာပြီး စပါးပိုမိုထွက်ရှိလာမည်ဖြစ်သဖြင့် အဆင်ပြေဝမ်းမြောက် ကျေနပ်လျက်ရှိကြောင်း ဖေဖော်ဝါရီ ၁၇ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး၏ ပြောပြချက်အရ သိရသည်။




အင်မော်ကျေးရွာအုပ်စု ကန်သာယာကျေးရွာနေဒေသခံတောင်သူ ဦးအောင်ဝင်းက ပြောကြားရာတွင် မိမိတို့အနေဖြင့် ယခင်က ယခုကဲ့သို့ တစ်ဧကကွက်များဖော်ထုတ်ထားခြင်းမရှိသဖြင့် ရေသွင်း/ရေထုတ်ခက်ခဲခြင်း၊ လယ်ကွက်များ ပုံသဏ္ဌာန်အမျိုးမျိုးရှိနေသဖြင့် စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် အခက်အခဲအမျိုးမျိုးဖြင့် ကြုံတွေ့ခဲ့ရပြီး ယခုအခါ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် အဆင့်မြင့်လယ်ယာများ ဖော်ထုတ်ပေးခဲ့သဖြင့် စိုက်ပျိုးထုတ်လုပ်မှုများကို ယခင်ကထက် ပိုမိုလွယ်ကူ အဆင်ပြေစွာ ဆောင်ရွက်နိုင်လာပြီဖြစ်ကြောင်း သီးနှံထုတ်လုပ်မှုကို ယခင်ကထက် ပိုမိုလွယ်ကူအဆင်ပြေချောမွေ့စွာ ပိုမိုတိုးတက်ထုတ်လုပ်လာနိုင်မည်ဖြစ်ပြီး မိမိတို့ဒေသခံတောင်သူများ တစ်ဦးချင်းဝင်ငွေတိုးတက်လာကာ မိသားစု၏ လူနေမှုအဆင့်အတန်းလည်းမြင့်မားလာမည် ဖြစ်သဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အဆင့်မြင့်လယ်ယာဖော်ထုတ်ခြင်းကို ဆောင်ရွက်ပေးသည့်စက်မှုလယ်ယာဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးအပါအဝင် မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကော်မတီဝင်များအားလုံးကိုလည်း အထူးကျေးဇူးတင်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ခရိုင်စက်မှုလယ်ယာဦးစီးမှူး ဦးထက်ထက်မင်းက ယခင်က မြိတ်ဒေသ၌ အကြောင်းအမျိုးမျိုးကြောင့် ယခုကဲ့သို့ အဆင့်မြင့်လယ်ယာများဖော်ထုတ်ဆောင်ရွက်မှုနည်းပါးခဲ့ကြောင်း၊ ဒေသခံတောင်သူများမှာ ယခင်ရှိပြီးသား လယ်ယာမြေတည်ရှိမှုပေါ်တွင် မိရိုးဖလာ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း၊ လယ်ကွက်များ ပုံသဏ္ဌာန်အမျိုးမျိုးနှင့် အရွယ်အစားအမျိုးမျိုးရှိနေခြင်း၊ ရေသွင်း/ရေထုတ်ပြုလုပ်ရန်ခက်ခဲခြင်း၊ မြေပြင်ညီညာမှုမရှိခြင်းကြောင့် ရေနေ ရေထိုင်ကောင်းမွန်မှုမရှိခြင်း၊ ကုန်ထုတ်လမ်းများမရှိခြင်းကြောင့် သွင်းအားစုများထည့်သွင်းခြင်းနှင့် အခြားစိုက်ပျိုးရေးဆက်စပ်လုပ်ငန်းများဆောင်ရွက်ရာတွင် အချိန်များစွာယူ၍ ဆောင်ရွက်ရခြင်းစသည့် အခက်အခဲများ ကြုံတွေ့ခဲ့ရသော်လည်း ယခုအခါ တိုင်းဒေသကြီးအစိုးရအဖွဲ့က ဒေသ၏ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ချရေး၊ ကျေးလက်နေတောင်သူများ စိုက်ပျိုးထုတ်လုပ်မှုပိုမိုတိုးတက်ထုတ်လုပ်၍ ဝင်ငွေတိုးတက်ကာ လူမှုစီးပွားဘဝများ မြင့်တက်လာစေရန်ရည်ရွယ်ချက်ဖြင့် ဤစီမံကိန်းကို ငွေကျပ်သိန်း ၁၆၀ အကုန်အကျခံ၍ ဆောင်ရွက်ပေးခဲ့သဖြင့် ယခင်ကြုံတွေ့ခဲ့ရသည့် အခက်အခဲများကို ကျော်လွှားနိုင်ခဲ့ပြီးဖြစ်ကြောင်း စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားပြီး တောင်သူများ ဝင်ငွေတိုးတက်လာမည်ဖြစ်သဖြင့် ဒေသခံတောင်သူများလည်း ကျေနပ်ဝမ်းမြောက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဝင်းမြတ်စိုးက ယခုအဆင့်မြင့်လယ်ယာ ဖော်ထုတ်သည့်ဒေသသည် မြေချဉ်ပေါက်ခြင်း၊ မိုးကောင်းသောက်လယ်မြေများဖြစ်ပြီး မျက်နှာပြင်ညီညာမှုမရှိခြင်းကြောင့် ရေနေရေထိုင်မကောင်းမွန်ခြင်း၊ ရေသွင်း/ရေထုတ်စနစ်တကျပြုလုပ်နိုင်မှုမရှိသဖြင့် သွင်းအားစုထည့်သွင်းရာတွင် လေလွင့်ဆုံးရှုံးမှုများခြင်းကြောင့် အထွက်နှုန်း လျော့နည်းသည့်ဒေသများဖြစ်ခဲ့ကြောင်း၊ သို့သော်လည်း ယခုအခါ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေကူညီထောက်ပံ့မှု၊ စက်မှုလယ်ယာဦးစီးဌာန၏ စေတနာထားဆောင်ရွက်မှုတို့ဖြင့် အဆင့်မြင့်လယ်ယာမြေဖော်ထုတ်လာနိုင်ပြီး ယခင်က ပုံသဏ္ဌာန်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးနှင့် မျက်နှာပြင် မညီညာသည့်လယ်မြေများကို ပုံသဏ္ဌာန်၊ အရွယ်အစားတစ်မျိုးတည်းဖြင့် ပြုပြင်ဆောင်ရွက်နိုင်ခဲ့ခြင်းတို့ကြောင့် အထွက်တိုးမြင့်ရေးဆိုင်ရာသိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များကို လက်တွေ့ကျကျဆောင်ရွက်လာနိုင်ပြီဖြစ်၍ အထွက်နှုန်း တိုးတက်လာတော့မည်ဖြစ်ကြောင်း၊ ရေသွင်း/ ရေထုတ်ကို စနစ်တကျပြုလုပ်လာနိုင်ပြီး သွင်းအားစုများကို ထည့်သွင်းရာတွင် တစ်ဧကကွက်များကို အခြေခံတွက်ချက်ရသဖြင့် တောင်သူများအနေဖြင့် တွက်ချက်မှုလွယ်ကူခြင်း၊ အလေအလွင့်မရှိ ထည့်သွင်းလာနိုင်ခြင်းတို့ကြောင့် အထွက်နှုန်းတိုးတက်လာတော့မည်ဖြစ်ကြောင်း၊ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များကိုလည်း လက်တွေ့ကျကျ ဆောင်ရွက်လာနိုင်သည့် အခြေခံကောင်းများ ရရှိလာပြီဖြစ်ရာ ဒေသခံတောင်သူများအနေဖြင့် ပိုမိုစိုက်ပျိုးထုတ်လုပ်လာနိုင်ပြီး ယခင်ကထက် ဝင်ငွေတိုးတက်လာကာ လူမှုစီးပွားဘဝများ မြင့်တက်လာတော့မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**မြင့်ဦး (မြိတ်)**


# Congratulations

**FAME** ဆေးဝါးထုတ်လုပ်ရေးစက်ရုံသည် နိုင်ငံတကာအဆင့်မီစီမံခန့်ခွဲမှုစနစ်များကို ကျင့်သုံးသည့်အတွက် နိုင်ငံတကာစံချိန်စံညွှန်းအဖွဲ့ BVQI, UK မှပေးအပ်သည့် အရည်အသွေးစီမံခန့်ခွဲမှုစနစ် (Quality Management System) ISO 9001:2000 ကို ၂၀၀၂ ခုနှစ်၊ အောက်တိုဘာလတွင် ရရှိခဲ့ပြီး 9001:2008 Update Version ကိုလည်း ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလတွင် ရရှိခဲ့သည့်အပြင် ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၀) ရက်နေ့တွင် **ISO 9001:2015 Latest Version** ကို အချိန်တိုအတွင်း မြန်မာနိုင်ငံတွင် ပထမဦးဆုံး ရယူနိုင်ခဲ့ကြောင်း သိရှိရပါသဖြင့် ဦးဆောင်သူ ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာခင်ခင်ဌေးနှင့်တကွ **FAME** ဆေးဝါးထုတ်လုပ်ရေးဝန်ထမ်းများ အားလုံးအတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် သဘာဝအော်ဂဲနစ်ဆေးဝါးများ (Natural & Organic Medicines) ကို ယခုထက်ပိုမို၍ထုတ်လုပ်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးကျော်မင်း + ဒေါ်သီသီလွင်
ရွှေပြည်နန်း ကုမ္ပဏီလီမိတက်
ရွှေပန်းတိုင် ထရေးဒင်းကုမ္ပဏီလီမိတက်နှင့်
HealthyShop/ HealthPlus member ဝင်များ

မွန်ပြည်နယ်

# အပေါင်းစုံရင် ချောင်းဆုံကိုလာခဲ့ပါ လျှပ်စစ်မီးလင်းပြီးဆိုတာ ကြွားချင်လို့

မြန်မာနိုင်ငံတွင် ကုန်းတွင်းနှင့်ဝေးကွာပြီး သီးခြားကွဲကွာနေသော မြို့နယ်နှစ်ခု ရှိသည်။ ယင်းမြို့နယ်နှစ်ခုမှာ တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်နှင့် မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တို့ဖြစ်သည်။ ချောင်းဆုံမြို့နယ်သည် မွန်ပြည်နယ် မော်လမြိုင်၏ တစ်ဖက်ကမ်း သံလွင်မြစ်ဝရှိ ပင်လယ်ထဲတွင် သီးခြားကမ္ဘာလေးသဖွယ် ရပ်တည်နေသောမြို့တစ်မြို့ ဖြစ်သည်။ ဘီလူးကျွန်းတွင်ရှိသော အဆိုပါ ချောင်းဆုံမြို့နယ်တွင် မြန်မာနိုင်ငံ၏နာမည်ကြီး ကျော်ကြားသော ဆေးတံလုပ်ငန်းလုပ်သော ရွာလွတ်ရွာနှင့် စာရေးသူတို့ မူလတန်းကျောင်းသားဘဝက ကျောက်တံနှင့် စာရေးခဲ့ရသော ကျောက်သင်ပုန်းလုပ်ငန်းလုပ်ကိုင်ရာ မုဒ္ဒန်းရွာတို့ရှိသည်။ အဆိုပါ ကျေးရွာရှိ လက်မှုလုပ်ငန်းများကို ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးနှင့်သော်လည်းကောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှပေးသော ဒီဇယ် လျှပ်စစ်နှင့်သော်လည်းကောင်း ဆောင်ရွက်နေရသည်။ ယခုနှစ် ဇန်နဝါရီ ၁၈ ရက်တွင် မဟာဓာတ်အားလိုင်းမှ ၂၄ နာရီ မီးလင်းပြီဖြစ်၍ အိပ်မက်ကနိုးထွက်လာသော ဘီလူးကျွန်းသဖွယ် ဖြစ်တော့သည်။



တည်ဆောက်ပြီး ရေလယ်တိုင်များအား အဝေးမှတွေ့ရစဉ်။

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနသည် မြန်မာနိုင်ငံအတွင်းရှိ ပြည်သူလူထုကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် ရနိုင်သမျှသော စွမ်းအင်အရင်းအမြစ်များကို အသုံးပြု၍ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသည်။ မွန်ပြည်နယ်အတွင်းရှိ ပြည်သူလူထုနှင့် စက်ရုံ၊ အလုပ်ရုံများအား လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ၁၉၉၀ ခုနှစ်ကတည်းကစ၍ မော်လမြိုင်မြို့အား ၆၆ ကေဗွီ ဓာတ်အားစနစ်ဖြင့် စတင်ဖြန့်ဖြူးပေးခဲ့ပြီး ဖြစ်သည်။ ထို့နောက် ပြည့်ဝသောဓာတ်အားကို ဖြန့်ဖြူးပေးနိုင်ရန်အတွက် ၂၀၁၃ ခုနှစ်တွင် ၂၃၀ ကေဗွီ သထုံ-မော်လမြိုင် မဟာဓာတ်အားလိုင်းနှင့် ၂၃၀/၆၆/၁၁ ကေဗွီ (၁၀၀) အမ်ဗွီအေ မော်လမြိုင် ပင်မဓာတ်အားခွဲရုံ စီမံကိန်းအား ၂၀၁၃ ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး မော်လမြိုင်မြို့နှင့် ပတ်ဝန်းကျင်ဒေသများသို့ ဓာတ်အားဖြန့်ဖြူးပေးခဲ့ပြီးဖြစ်ခဲ့သော်လည်း ချောင်းဆုံဒေသ၊ သံဖြူဇရပ်၊ ကြာအင်းဆိပ်ကြီးဒေသတို့မှာ လျှပ်စစ်ဓာတ်အားရရှိခဲ့ခြင်း မရှိခဲ့ပေ။

သို့ဖြစ်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် မော်လမြိုင်ပင်မဓာတ်အားခွဲရုံမှ တစ်ဆင့် ချောင်းဆုံ၊ သံဖြူဇရပ်၊ ကြာအင်းဆိပ်ကြီးဒေသများသို့ ဓာတ်အားဆက်လက်ဖြန့်ဖြူးပေးနိုင်ရန်အတွက် ၆၆ ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ စီမံကိန်းများကို ဆက်လက်အကောင်အထည်ဖော် တည်ဆောက်သွားခဲ့သည်။

မွန်ပြည်နယ် ချောင်းဆုံဒေသရှိ ကျေးရွာပေါင်း ၁၁ ရွာရှိ မီးသုံးစွဲသူ ၁၇၄၀ အား လက်ရှိတွင် ၅၀၀ ကေဗွီအေ မီးစက် နှစ်လုံးဖြင့် တစ်နေ့လျှင်လေးနာရီခွဲနှင့် တစ်လလျှင် ဒီဇယ်ဆီ ဂါလန် ၅၂၈၀နှင့် ချောဆီ ၅၂ ဒသမ ၈ ဂါလန် အသုံးပြု၍ ဓာတ်အားဖြန့်ဖြူးပေးထားသည်။ အဆိုပါ ဒီဇယ်ဆီနှင့် ချောဆီများအတွက် တစ်လကုန်ကျစရိတ်မှာ ကျပ် ၁၆၅၆၆၀၀၀ ဖြစ်ပြီး ပြန်လည်ရရှိဝင်ငွေမှာ ကျပ် ၂၆၅၅၀၀၀ ဖြစ်သည့်အတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် တစ်လလျှင် ကျပ် ၁၃၉၁၁၀၀၀ အရှုံးခံ၍ ဓာတ်အားဖြန့်ဖြူးပေးခဲ့သည်။ ချောင်းဆုံဒေသရှိ ပြည်သူလူထုနှင့် စက်ရုံ၊ အလုပ်ရုံများသို့ လျှပ်စစ်ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်ရန်အတွက် ၆၆ ကေဗွီ မော်လမြိုင်-ချောင်းဆုံ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှစတင်၍ ဓာတ်အားလိုင်းအူကြောင်းတိုင်းတာခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် သံလွင်မြစ်ကျော် ဘိုးပိုင်ဖောင်ဒေးရှင်း ငါးတိုင် လုပ်ငန်းများအား စတင်ဆောင်ရွက်ခဲ့သည်။

၆၆ ကေဗွီ မော်လမြိုင်-ချောင်းဆုံ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်း လုပ်ငန်းအတွက် ခန့်မှန်းကုန်ကျစရိတ် ပစ္စည်းအတွက် ကျပ် ၄၃၇၉ ဒသမ ၇၆၇ သန်း၊ တည်ဆောက်ရေးလုပ်ငန်းအတွက်ကျပ်သန်း ၇၆၄၄ ဒသမ ၉၂၀၊ စီမံကိန်းလုပ်ငန်းများအနက်မှ သံလွင်မြစ်ကျော် တာဝါတိုင်တည်ဆောက်ရေးလုပ်ငန်း၏ ဘိုးပိုင်ဖောင်ဒေးရှင်းလုပ်ငန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

သံလွင်မြစ်ကျော် တာဝါတိုင်တည်ဆောက်ရေးကို မွန်ပြည်နယ် မော်လမြိုင်မြို့ မုပွန်ကျေးရွာနှင့် ချောင်းဆုံမြို့ ကညော်ကျေးရွာတွင်ဖြစ်ပြီး ဓာတ်အားလိုင်းအရှည် ၈၄၅ ပေ၊ ဓာတ်အားလိုင်းတာဝါတိုင်အုတ်မြစ် ငါးတိုင်ဖြစ်သည်။ စီမံကိန်း တန်ဖိုးကုန်ကျငွေမှာ ခန့်မှန်းကျပ်သန်း ၃၅၂၉ ဒသမ ၅၀၀ ဖြစ်ကြောင်း သိရသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှလည်း ဘိုးပိုင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် လုပ်ငန်းများအားလုံး ပြီးစီးခဲ့သည်။

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအနေဖြင့် ချောင်းဆုံဒေသကို ၂၄ နာရီ ဓာတ်အားပေးနိုင်ရေးအတွက် နိုင်ငံတော်ဓာတ်အားစနစ်နှင့် ချိတ်ဆက်မည့် ၆၆ ကေဗွီ မော်လမြိုင်-ချောင်းဆုံ သံလွင်မြစ်ကျော် ဓာတ်အားလိုင်း ၁၇ ဒသမ ၁၂ မိုင်နှင့် ၆၆/၁၁ကေဗွီ ၂၀၁၅ အမ်ဗွီအေ ချောင်းဆုံဓာတ်အားခွဲရုံတို့ကို ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်မှစတင်၍ ဓာတ်အားလိုင်းအူကြောင်း တိုင်းတာခြင်းနှင့် ဓာတ်အားခွဲရုံ မြေနေရာရွေးချယ်ခြင်းများ စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၅ ခုနှစ် ဇွန်လတွင် ဓာတ်အားခွဲရုံတည်ဆောက်ခြင်းနှင့် တိုင်းတာရရှိသော ဓာတ်အားလိုင်းအူကြောင်းအတိုင်း Normal Line(Concrete Mono Pole Tower) ၅၇ တိုင် ၁၆ မိုင် တည်ဆောက်ခြင်းလုပ်ငန်းကို မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှအဖွဲ့ ၁၁ ဖွဲ့၊ အင်အား ၅၅၀ ခန့်ဖြင့် တည်ဆောက်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် တိုင်ဆင်၊ ကြိုးဆွဲလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့သည်။

ရေစီးသန်လှသော သံလွင်မြစ်ကို ဖြတ်သန်းတည်ဆောက်ပြီးသည့် မြစ်လယ်တာဝါတိုင် (Lattice Tower) တစ်တိုင်အပါ မြစ်ကျော်တာဝါတိုင် စုစုပေါင်း ငါးတိုင်ကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၄)မှ ကျွမ်းကျင်အင်ဂျင်နီယာများဖြင့် ၂၀၁၄ ခုနှစ် ဇွန်လတွင် ဘိုးပိုင်ဖောင်ဒေးရှင်း လုပ်ငန်းဆောင်ရွက်ခဲ့ပြီး ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန်တွင် သင်္ဘောများ၊ စက်လှေများ၊ တွန်းသင်္ဘောများနှင့် တန် ၃၀၀ ကရိန်းများ အသုံးပြု၍ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ အဖွဲ့ငါးဖွဲ့၊ ဝန်ထမ်းအင်အား ၂၅၀ ခန့်ဖြင့် တိုင်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ရာ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် မြစ်ကျော်တိုင်ဆင်ခြင်းလုပ်ငန်းများ ပြီးစီးခဲ့သည်။

၆၆ ကေဗွီ မော်လမြိုင်-ချောင်းဆုံ သံလွင်မြစ်ကျော်ဓာတ်အားလိုင်း၏ တည်ဆောက်ရေးလုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သော်လည်း ဓာတ်အားလိုင်းကြီးများ တည်ဆောက်ရာတွင် အခက်အခဲဆုံးအပိုင်းဖြစ်သည့် မြစ်ကျော်တာဝါတိုင် ချိတ်ဆက်ကြိုးဆွဲခြင်းလုပ်ငန်းများကို ဇန်နဝါရီ ၁၀ ရက်က မြန်မာ့လျှပ်စစ်လုပ်ငန်းမှ အဖွဲ့ခြောက်ဖွဲ့ ဝန်ထမ်းအင်အား ၃၀၀ ဖြင့် ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၁၆ ရက်က ဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်း အားလုံးပြီးစီးခဲ့သည်။

၂၃၀ ကေဗွီ မော်လမြိုင်ပင်မ ဓာတ်အားခွဲရုံမှ ဓာတ်အားကို ၆၆ ကေဗွီ ချောင်းဆုံ ဓာတ်အားခွဲရုံသို့ စတင်စမ်းသပ်ပို့လွှတ်၍ ဇန်နဝါရီ ၁၈ ရက် ညနေ ၄ နာရီတွင် ချောင်းဆုံမြို့ပေါ်ရှိ အရှေ့ရပ်ကွက်၊ အနောက်ရပ်ကွက်၊ တိုးချဲ့ရပ်ကွက်နှင့် သကူကနာရပ်ကွက်များ၊ ကုလားတို့ကျေးရွာ၊ မုကွဲကျေးရွာ၊ ရွာလွတ်ကျေးရွာ၊ ခရိုက်တစ်ကျေးရွာများရှိ မီးသုံးစွဲသူ ၁၆၀၀ တို့ထံ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားများကို စတင်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ချောင်းဆုံမြို့နယ် ပတ်ဝန်းကျင်ဒေသများရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းများအပါအဝင် ကျေးရွာပေါင်း ၃၅ ရွာ၊ အိမ်ခြေပေါင်း ၁၅၀၀၀ ခန့်အား နိုင်ငံတော် ဓာတ်အားစနစ်မှ ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးထားပြီးဖြစ်သည်။ သို့ဖြစ်၍ ယခင်က အင်ဂျင်မီးစက်မှ အချိန်အနည်းငယ်သာ လျှပ်စစ်မီးရသော ဘီလူးကျွန်းဒေသခံများ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေးစသည့် အခြေခံအဆောက်အအုံများ မကြာမီဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်သည်။

အသစ် တည်ဆောက်ပြီးစီးခဲ့သော မော်လမြိုင်-ချောင်းဆုံ မဟာဓာတ်အားလိုင်း၏ ဓာတ်အားခွဲရုံဖွင့်ပွဲအခမ်းအနားကို မကြာမီ ရက်ပိုင်းအတွင်း ဖွင့်လှစ်တော့မည် ဖြစ်သည်။

ယခုကဲ့သို့ မဟာဓာတ်အားလိုင်းမှ ၂၄ နာရီ လျှပ်စစ်မီးရသွားပြီဖြစ်၍ သီးခြားကမ္ဘာလေးမှ အခြားဒေသများနည်းတူ မည်သည့်နေရာနှင့်မဆို ချိတ်ဆက်နိုင်တော့မည်ဖြစ်သည့်အပြင် မော်လမြိုင်မှ ဘီလူးကျွန်း ချောင်းဆုံမြို့သို့ ဆက်သွယ်နေသော တံတားကြီးတည်ဆောက်ပြီးသွားပါက နိုးထလာသော ကျားတစ်ကောင်ကဲ့သို့ ဘီလူးကျွန်းတစ်ခုလုံးသည် ဟောင်ကောင်ကျွန်းကဲ့သို့ ဖွံ့ဖြိုးတိုးတက်လာမည်ကို မည်သူကမျှ မပြောနိုင်ပေ---------။

**သန်းဦး(လေးမျက်နှာ)**

---

တနင်္သာရီတိုင်းဒေသကြီး

## မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေးရန် စတင်စမ်းသပ်စစ်ဆေး

သန်းဒီပါဘက်စုံဖောင်ဒေးရှင်းနှင့် ကော့သောင်းဂရုကုမ္ပဏီလီမိတက်က စေတနာရှင်များပူးပေါင်းကာ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ပြည်သူ့ဆေးရုံကြီး၌ ဖေဖော်ဝါရီ ၁၆ ရက်မှစတင်ကာ ခရိုင်အတွင်းရှိ မျက်စိဝေဒနာရှင် ပြည်သူများအား စက္ခုဒါနကုသိုလ်အဖြစ် တာဝန်ယူ အခမဲ့ခွဲစိတ်ကုသပေးရန် စမ်းသပ်မှုလုပ်ငန်းများ စတင်ဆောင်ရွက်ကြကြောင်း သိရသည်။

စမ်းသပ်မှုတွင် ခရိုင်အတွင်းရှိ မျက်စိဝေဒနာရှင်ပေါင်း ၇၀၆ ဦးကို စပ်သပ်ပေးခဲ့ပြီးဖြစ်ရာ ခွဲစိတ်ကုသရန်လိုအပ်သည့် ဝေဒနာရှင်များကို ကျွမ်းကျင်ဆရာဝန်ကြီးများက ဆက်လက်ခွဲစိတ်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအစီအစဉ်တွင် ရန်ကုန်မြို့မှ မျက်စိပါရဂူဆရာဝန်ကြီးများနှင့် ကော့သောင်းခရိုင်ပြည်သူ့ဆေးရုံမှ ဆရာဝန်များပူးပေါင်းကာ ခရိုင်အတွင်းရှိ မျက်စိဝေဒနာသည်များအား အခမဲ့ကုသိုလ်ဖြစ်ခွဲစိတ်ကုသပေးမည်ဖြစ်ရာ လာရောက်ကုသမှုခံယူမည့် ဝေဒနာရှင်များအား မခွဲစိတ်မီနှင့် ခွဲစိတ်ပြီးသည့်အချိန်အထိ စမ်းသပ်ခ၊ ခွဲစိတ်ခ၊ ဆေးဝါးနှင့် မျက်မှန်လိုအပ်ချက်များကို အခမဲ့ ကုသိုလ်ပြုကျခံပေးမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

**ဖေဖော်ဝါရီလ ၂၀၊ ၂၁၊ ၂၃ ရက်တွေမှာ အက်ဖ်အေဖလားပြိုင်ပွဲကို ကျင်းပသွားမှာဖြစ်ပါတယ်။ အဆိုပါ ယှဉ်ပြိုင်ကစားကြမယ့် အက်ဖ်အေဖလားပဉ္စမဆင့်ပွဲစဉ်တွေမှာတော့ ချယ်လ်ဆီးနဲ့ မန်စီးတီးတို့ဆုံတွေ့တဲ့ပွဲ ပါဝင်နေတာကြောင့် အကြိတ်အနယ်ရှိမယ့် ပွဲစဉ်တစ်ခုဖြစ်လာဖို့ရှိနေပါတယ်။**




## ချယ်လ်ဆီး VS မန်စီးတီး

စိတ်ဝင်စားဖို့ကောင်းတဲ့ ပွဲတစ်ပွဲပါ။ ချယ်လ်ဆီးနဲ့ ဟစ်ဒင့်တို့ရဲ့ပေါင်းထုပ်မှုသမိုင်းကြောင်းမှာ အက်ဖ်အေဖလားပြိုင်ပွဲအတွင်း အစဉ်အလာရှိခဲ့ဖူးပါတယ်။ အထူးသဖြင့် ဟစ်ဒင့်ဟာ ချယ်လ်ဆီးကို ယာယီမန်နေဂျာအဖြစ် ပထမအကြိမ် တာဝန်ယူခဲ့စဉ်တုန်းက ဒီအက်ဖ်အေဖလားပြိုင်ပွဲမှာ ဗိုလ်စွဲခဲ့တဲ့အထိ အောင်မြင်မှုရရှိခဲ့ဖူးပါတယ်။ လက်ရှိအချိန်မှာလည်း ချယ်လ်ဆီးအတွက် မျှော်လင့်နိုင်ဖို့နီးစပ်တဲ့ဆုဖလားဆိုတာက ဒီအက်ဖ်အေဖလားပြိုင်ပွဲတစ်ခုသာရှိတဲ့အတွက် ဒီပွဲစဉ်မှာ ချယ်လ်ဆီးတို့ ဂရုတစိုက်ကစားလာဖို့လည်း ရှိနေပါတယ်။ ဒါ့အပြင် ချယ်လ်ဆီးဟာ ဟစ်ဒင့်ဦးဆောင်လာပြီးတဲ့နောက်ပိုင်းမှာ ကစားသမားတွေရဲ့ နိုင်လိုစိတ်ပိုမိုပြင်းထန်လာသလို ကြိုးစားအားထုတ်မှုနဲ့ အသင်းလိုက်စွမ်းဆောင်ရည်လည်း ပိုကောင်းလာပါတယ်။ ချယ်လ်ဆီးအနေနဲ့ ဒီပွဲမတိုင်ခင်မှာ ချန်ယီယံလိဂ် ၁၆သင်းအဆင့် ပထမအကျော့အဖြစ် ပီအက်စ်ဂျီနဲ့ အဝေးကွင်းပွဲကစားခဲ့ရလို့ ပွဲပန်းလာနိုင်ပေမယ့်လည်း ဒီပွဲအပြီးမှာ ကြားပွဲမရှိတာကြောင့် အခုပွဲကိုအတတ်နိုင်ဆုံးအားထုတ်ကစားလာမယ့်အချက်ကိုလည်း သတိပြုရမှာပါ။ မန်စီးတီးအနေနဲ့လည်း လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းကထင်သလောက် တည်ငြိမ်မှုမရှိပါဘူး။ အထူးသဖြင့် ဒီနှစ်ဘောလုံးရာသီရဲ့ အဝေးကွင်းပွဲစဉ်တွေမှာ မန်စီးတီးရဲ့ကစားအားက ကျဆင်းတတ်ပါတယ်။ ဒါ့အပြင် မန်စီးတီးဟာ ဒီပွဲစဉ်အပြီးမှာလည်း ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့အဖြစ် ကစားရဦးမှာဖြစ်လို့ ခြေကုန်ထုတ်နိုင်ဖို့ မသေချာပါဘူး။ မန်စီးတီးအနေနဲ့ ပရီမီယာလိဂ်ပြိုင်ပွဲအတွင်းမှာတုန်းက ချယ်လ်ဆီးကိုသုံးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပေမယ့်လည်း လက်ရှိအချိန်မှာ ခံစစ်ပိုင်းတည်ငြိမ်မှုမရှိသလို ယာယာတိုရေး ဦးဆောင်တဲ့ ကွင်းလယ်ကလည်း စွမ်းဆောင်ရည်ကျဆင်းနေမှုအရ အိမ်ကွင်းမှာ ခြေကုန်ထုတ်လာမယ့် ချယ်လ်ဆီးကသာ နိုင်ပွဲရသွားဖို့ရှိပါတယ်။

## အာဆင်နယ် VS ဟားလ်စီးတီး

အာဆင်နယ်ဟာ အက်ဖ်အေဖလားပြိုင်ပွဲရဲ့ လက်ရှိချန်ပီယံဖြစ်သလို ဒီအက်ဖ်အေဖလားပြိုင်ပွဲမှာ သုံးနှစ်ဆက်တိုက်ချန်ပီယံဖြစ်ဖို့ ရည်မှန်းနေတဲ့အသင်းလည်းဖြစ်ပါတယ်။ ဒါကြောင့် အာဆင်နယ်ဟာ ဒီပွဲစဉ်မှာလည်း နောက်တစ်ဆင့်တက်ရောက်နိုင်ဖို့အတွက် ဂရုတစိုက်ကစားသွားမှာလည်း သေချာနေပါတယ်။ ဒါပေမယ့် အာဆင်နယ်ဟာ ဒီပွဲအပြီးမှာ ဘာစီလိုနာလို ကမ္ဘာ့ထိပ်တန်းအသင်းကြီးကို ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ရှုံးထွက်ပွဲစဉ် ပထမအကျော့အဖြစ် အိမ်ကွင်းမှာလက်ခံကစားဖို့ရှိနေတာကြောင့် အခု ဟားလ်နဲ့ပွဲစဉ်မှာ လူစုံနီးပါးအသုံးပြုခဲ့မယ်ဆိုရင်တောင်မှ ခြေကုန်ထုတ်ပြီး အင်တိုက်အားတိုက်ကစားသွားဖို့ မရှိနိုင်တာသတိပြုရပါလိမ့်မယ်။ ဒါ့အပြင် ဟားလ်ဟာ လိဂ်ချန်ပီယံရှစ်မှာ ခြေစွမ်းကောင်းမွန်နေတာကြောင့်လည်း အာဆင်နယ်အခက်တွေ့နိုင်ကာ ကပ်ပြီးသာနိုင်မယ်။

## ရှရူးဘရီ VS မန်ယူ

မန်ယူဟာ ဒီပွဲမတိုင်ခင်မှာ ယူရိုပါလိဂ် ၃၂ သင်းရှုံးထွက်အဆင့်ပွဲစဉ် ပထမအကျော့အဖြစ် မစ်ဂျီလန်ရဲ့ အိမ်ကွင်းမှာ သွားရောက်ကစားထားခဲ့ရတာကြောင့် ပွဲပန်းမှုတွေရှိနေနိုင်သလို ဒီပွဲအပြီးမှာလည်း မစ်ဂျီလန်နဲ့ပဲ ဒုတိယအကျော့ကစားရဦးမှာဖြစ်တာကြောင့် ခြေချိန်ကစားရဖို့ရှိနေကာ ဒီပွဲစဉ်မှာ ခြေကုန်ထုတ်၊ လူစုံထုတ် ကစားနိုင်ဖို့ ခက်နေပါတယ်။ ဒါပေမယ့် ရှရူးဘရီဟာ အင်္ဂလန်ရဲ့ အသင်းငယ်လေးတစ်သင်းသာဖြစ်ပြီး ကစားသမားအင်အားပိုင်းမှာရော စုဖွဲ့မှုခြေစွမ်းမှာပါ အားနည်းမှုတွေများလွန်းပါတယ်။ ဒါ့အပြင် မန်ယူဟာပရီမီယာလိဂ်ချန်ပီယံဆုနဲ့ ယူရိုပါလိဂ်ချန်ပီယံဆုတို့ကိုလည်း ရယူနိုင်ဖို့ခက်ခဲနေတာကြောင့် ဒီအက်ဖ်အေဖလားမှာ ဗိုလ်စွဲဖို့အထိ ရည်မှန်းချက်ထားပြီး ဒီပွဲမှာတော့ ဂရုတစိုက်ကစားနိုင်သလို ရှရူးဘရီကိုတော့ အနိုင်ယူသွားမှာပါ။

## ဘုန်းမောက် VS အဲဗာတန်

ပရီမီယာလိဂ်ပြိုင်ပွဲမှာ ဘုန်းမောက်ရဲ့အိမ်ကွင်းအတွင်း ဆုံခဲ့တုန်းက သုံးဂိုးစီသရေကျခဲ့ပါတယ်။ ဒါပေမယ့် လက်ရှိအချိန်မှာ အဲဗာတန်ခြေက ပိုမိုကောင်းမွန်လာသလို ခံစစ်ကလည်း ပိုမိုတည်ငြိမ်လာပါတယ်။ ဒါကြောင့် အဲဗာတန်အနေနဲ့ ဘုန်းမောက်ကိုပိုမိုပြီး ထိန်းချုပ်ကစားသွားနိုင်ဖို့လည်း ရှိနေပါတယ်။ ဒီပွဲမှာတော့ အဲဗာတန်ပဲ အနိုင်ရသွားဖို့ရှိနေပါတယ်။

## ဘလက်ဘန်း VS ဝက်စ်ဟမ်း

ဝက်စ်ဟမ်းဟာ ဒီရာသီမှာခြေစွမ်းပိုင်းအထူးကောင်းမွန်နေသလို ဒီပြိုင်ပွဲမှာလည်း လီဗာပူးကိုပါ ကျော်ဖြတ်ပြီး ဒီအဆင့်ရောက်ရှိလာတာဖြစ်ပါတယ်။ အခုပွဲစဉ်မှာလည်း ဝက်စ်ဟမ်းအနေနဲ့ နောက်တစ်ဆင့်တက်နိုင်ဖို့ အမှားခံမှာမဟုတ်သလို ဘလက်ဘန်းကလည်း လိဂ်ချန်ပီယံရှစ်မှာတောင် ခြေစွမ်းအတတ်အကျမတည်ငြိမ်ပါဘူး။ ဝက်စ်ဟမ်းပဲအနိုင်ရသွားဖို့ရှိနေပါတယ်။

## စပါး VS ပဲလေ့စ်

စပါးဟာ ယူရိုပါလိဂ်ပွဲစဉ်တွေကြောင့် ဒီပွဲစဉ်မှာ ပွဲပန်းမှုတွေရှိလာနိုင်သလို ခြေကုန်ထုတ်ကစားနိုင်ဖို့လည်း မလွယ်ကူပါဘူး။ ဒါပေမယ့် စပါးကွင်းဖြစ်သလို ပဲလေ့စ်ကလည်းခြေစွမ်းပျက်ယွင်းနေပါတယ်။ ပရီမီယာလိဂ်ပြိုင်ပွဲအတွင်းမှာဆုံခဲ့တုန်းကလည်း စပါးကသာ အိမ်ကွင်းမှာရော၊ အဝေးကွင်းမှာပါ နှစ်ပွဲစလုံးအနိုင်ရခဲ့သလို ဒီပွဲမှာလည်း စပါးကသာ နိုင်ပွဲရမှာပါ။

## ရက်ဒင်း VS ဝက်စ်ဘရွန်း

ရက်ဒင်းဟာ လိဂ်ချန်ပီယံရှစ်ပြိုင်ပွဲအတွင်းမှာတောင် ခြေစွမ်းကတည်ငြိမ်မှုမရှိတာတွေ့ရပါတယ်။ ရက်ဒင်းအနေနဲ့ နောက်တစ်ဆင့်တက်ရောက်နိုင်ဖို့အတွက် အိမ်ကွင်းအားသာချက်နဲ့ ကြိုးစားလာမှာဖြစ်ပေမယ့် ဝက်စ်ဘရွန်းကိုအသာရဖို့ မလွယ်ကူပါဘူး။ ပရီမီယာလိဂ်မှာ ဝက်စ်ဘရွန်းခြေက သာမန်သာရှိပေမယ့် ဒီပွဲစဉ်မှာတော့ နိုင်ပွဲရယူသွားနိုင်မှာပါ။

## ဝက်ဖို့ဒ် VS လီဒ်စ်

လီဒ်စ်က လိဂ်ချန်ပီယံရှစ်ပွဲအတွင်းမှာတောင် ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိပါဘူး။ အထူးသဖြင့် အဝေးကွင်းပွဲစဉ်တွေမှာ လီဒ်စ်ရဲ့ကစားအားက ပိုမိုကျဆင်းတတ်ပါတယ်။ ဝက်ဖို့ဒ်ကတော့ ခြေစွမ်းသာမန်သာရှိပေမယ့် အိမ်ကွင်းအားနဲ့ ဖိအားပေးကစားလာမှာပါ။ ဝက်ဖို့ဒ်ပဲအနိုင်ရမယ်။

**ဝေမိုးဆက်**

## ဗလင်စီယာအသင်းနည်းပြဖြစ်လာရန် ပယ်လီဂရီနီ ရေပန်းစားနေ


SUPER
MÁS FELIZ
EL VALENCIA MUEVE FICHA POR PELLEGRINI PARA LA PRÓXIMA TEMPORADA
Favorito
El Dorado
VEN Y APUESTA CON NOSOTROS

၂၀၁၅-၁၆ ခုနှစ် ဘောလုံးရာသီအကုန်တွင် မန်စီးတီးအသင်းနှင့် လမ်းခွဲမည့် မန်နေဂျာ ပယ်လီဂရီနီသည် လာမည့် ဘောလုံးရာသီတွင် စပိန်ကလပ် ဗလင်စီယာအသင်းနည်းပြဖြစ်လာရန် ရေပန်းစားလျက်ရှိကြောင်း ဗလင်စီယာမြို့အခြေစိုက် Super Deporte သတင်းစာတွင် ရေးသားဖော်ပြထားသည်။

အသက် ၆၂ နှစ်အရွယ်ရှိ ချီလီလူမျိုး မန်နေဂျာ ပယ်လီဂရီနီသည် စပိန်ကလပ်များဖြစ်သည့် ဗလင်စီယာ၊ ရီးရဲမက်ဒရစ်နှင့် မာလာဂါစသည့် စပိန်ကလပ်များကို တာဝန်ယူခဲ့ဖူးသူဖြစ်သည်။ ပယ်လီဂရီနီသည် ၂၀၀၄ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ ဗီလာရီးရဲအသင်းနည်းပြအဖြစ် တာဝန်ယူစဉ်ကာလအတွင်း ၂၀၀၅-၀၆ ခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဗီလာရီးရဲအသင်းအား ဆီမီးဖိုင်နယ်အဆင့်အထိ တက်ရောက်နိုင်စေရန် ဦးဆောင်ပေးနိုင်ခဲ့သည်။

ပယ်လီဂရီနီသည် ၂၀၀၉-၁၀ ပြည့်နှစ် ဘောလုံးရာသီတွင် ရီးရဲမက်ဒရစ်အသင်းနည်းပြအဖြစ် တာဝန်ယူခဲ့ပြီး ရီးရဲအသင်းနှင့်အတူ ဆုဖလားရယူနိုင်ခဲ့ခြင်းမရှိပေ။ သို့သော် ၂၀၀၉-၁၀ ပြည့်နှစ် စပိန်လီဂါပြိုင်ပွဲ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည့် ရီးရဲအသင်းသည် ရမှတ် ၉၆ မှတ် ရယူနိုင်ခဲ့ပြီး အဆိုပါရမှတ်သည် ထိုစဉ်က ရီးရဲမက်ဒရစ်အသင်း၏ စပိန်လီဂါပြိုင်ပွဲသမိုင်းတစ်လျှောက် အများဆုံးရရှိသည့် ရမှတ်ဖြစ်ခဲ့သည်။ ပယ်လီဂရီနီသည် ၂၀၁၀ ပြည့်နှစ် မေလအတွင်းတွင် ရီးရဲအသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံခဲ့ရပြီးနောက် မက္ကဆီကိုလက်ရွေးစင်အသင်းနည်းပြအဖြစ် တာဝန်ယူရန် ကမ်းလှမ်းမှုရရှိခဲ့သော်လည်း အဆိုပါကမ်းလှမ်းမှုကိုငြင်းပယ်ကာ စပိန်ကလပ် မာလာဂါအသင်း၏ နည်းပြအဖြစ် သုံးနှစ်သက်တမ်းရှိစာချုပ်ဖြင့် တာဝန်ယူခဲ့သည်။ ပယ်လီဂရီနီ၏ လက်အောက်၌ မာလာဂါအသင်းသည် ၂၀၁၁-၁၂ ခုနှစ် စပိန်လီဂါပြိုင်ပွဲ၌ စတုတ္ထနေရာရရှိခဲ့ခြင်းကြောင့် ကလပ်သမိုင်းတစ်လျှောက် ချန်ပီယံလိဂ်ဝင်ခွင့် ပထမဆုံးအကြိမ် ရယူနိုင်ခဲ့သည်။

ဗလင်စီယာအသင်းသည် ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် အသင်းနည်းပြသစ်အဖြစ် အင်္ဂလန်ကစားသမားဟောင်း ဂယ်ရီနဗီးလ်အား ယခုနှစ် ဘောလုံးရာသီချိန်အထိ သက်တမ်းရှိ စာချုပ်ဖြင့် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။ နည်းပြ ဂယ်ရီနဗီးလ်၏ လက်အောက်တွင် ဗလင်စီယာအသင်းသည် စုစုပေါင်း ၁၈ ပွဲ ကစားခဲ့ရာ၌ ငါးပွဲသာ နိုင်ပွဲရရှိခဲ့ကာ ခုနစ်ပွဲသရေကျပြီး ခြောက်ပွဲအရေးနိမ့်ခဲ့ရသည်။

၂၀၁၃ ခုနှစ် နွေရာသီအတွင်းတွင် မန်စီးတီးအသင်း မန်နေဂျာဖြစ်လာသူ ပယ်လီဂရီနီသည် မန်စီးတီးမှ ထွက်ခွာပြီးချိန်တွင် ပရီမီယာလိဂ်၌သာ ဆက်နေရန် ရည်ရွယ်ထားသူဖြစ်ကြောင်း၊ ချယ်လ်ဆီးအသင်းသည် ပယ်လီဂရီနီအား ခေါ်ယူရန် ဆန္ဒရှိနေကြောင်း အစောပိုင်းက သတင်းများ ထွက်ပေါ်လာခဲ့သည်။

## အာဆင်နယ်နှင့်ပွဲမတိုင်မီ မော်ရင်ညိုအား မန်ယူမန်နေဂျာသစ်အဖြစ် ခန့်အပ်ဖွယ်ရှိနေ




မန်ယူအသင်း တာဝန်ရှိသူများသည် ယခုလမကုန်မီတွင် ပေါ်တူဂီလူမျိုးမန်နေဂျာ မော်ရင်ညိုအား မန်ယူအသင်းမန်နေဂျာသစ်အဖြစ် အစားထိုးခန့်အပ်ဖြစ်ဖွယ်ရှိကြောင်း သတင်းများထွက်ပေါ်လာခဲ့သည်။

မန်ယူအသင်းသည် ပြီးခဲ့သည့် ဖေဖော်ဝါရီ ၁၃ ရက်တွင် ဆန်းဒါးလန်းနှင့် ကစားခဲ့သော ပရီမီယာလိဂ် အဝေးကွင်းပွဲစဉ်၌ ၂-၁ ဖြင့် အရေးနိမ့်ခဲ့ပြီးနောက် မန်ယူအသင်းတာဝန်ရှိသူများသည် မန်နေဂျာ ဗန်ဟားလ်အပေါ် ယုံကြည်မှုကင်းမဲ့လာကြောင်း၊ ထို့ကြောင့် ဖေဖော်ဝါရီ ၂၈ ရက်တွင် မန်ယူအသင်းက အာဆင်နယ်အား အိမ်ကွင်း၌ လက်ခံကစားရမည့် ပရီမီယာလိဂ်ပွဲမတိုင်မီတွင် ချယ်လ်ဆီးမန်နေဂျာဟောင်း မော်ရင်ညိုအား အစားထိုးခန့်ထားရန် ရည်ရွယ်ထားခြင်းဖြစ်ကြောင်း သတင်းများတွင် ရေးသားဖော်ပြခဲ့သည်။

ဆန်းဒါးလန်းအား အရေးနိမ့်ခဲ့ပြီးနောက် မန်နေဂျာ ဗန်ဟားလ်က မန်ယူအနေဖြင့် လာမည့်ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိရန် အလွန်ခက်ခဲသွားပြီဟု ဝန်ခံပြောဆိုခဲ့သည်။

မန်နေဂျာ ဗန်ဟားလ်က "မန်ယူဟာ ထိပ်ဆုံးလေးသင်းစာရင်းမှာ ပါဝင်နိုင်ဖို့ မျှော်လင့်ချက်ရှိသေးတယ် ဆိုပေမယ့် လက်တွေ့ဖြစ်လာဖို့ အလွန်ခက်ခဲသွားပါပြီ"ဟု ဝန်ခံပြောဆိုခဲ့သည်။

မန်ယူအသင်းသည် မန်နေဂျာ ဗန်ဟားလ်၏ လက်အောက်တွင် ကစားသမားသစ် ခေါ်ယူရေးအတွက် ပေါင်သန်း ၂၅၀ သုံးစွဲခဲ့သော်လည်း ယခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲတွင် မန်ယူအသင်းအနေဖြင့် ကလပ်သမိုင်းတစ်လျှောက် အဆိုးရွားဆုံးအနေအထားကို ရင်ဆိုင်နေရသည်။ မန်ယူအသင်းသည် ပရီမီယာလိဂ်ပွဲ ၂၆ ပွဲကစားပြီးချိန်တွင် ရမှတ် ၄၁ မှတ်သာ ရရှိထားသေးသည်။

ပီအက်စ်ဂျီအသင်း ကွင်းလယ်ခံစစ်ကစားသမား ဖီလစ်ပီလူးဝစ်ဇ်က မော်ရင်ညိုအနေဖြင့် မန်ယူအသင်းမန်နေဂျာအဖြစ် တာဝန်ယူခွင့်ရရှိခဲ့ပါက မန်ယူအသင်းအား အောင်မြင်မှုများ ပြန်လည်ရရှိစေလိမ့်မည်ဟု ပြောဆိုခဲ့သည်။

ဘရာဇီးကစားသမား ဒေးဗစ်လူးဝစ်ဇ်(၂၈နှစ်)သည် ၂၀၁၃-၁၄ ခုနှစ်ရာသီတွင် ချယ်လ်ဆီး၌ မော်ရင်ညိုနှင့် လက်တွဲခဲ့ဖူးသူဖြစ်သည်။

"မော်ရင်ညိုရရှိခဲ့တဲ့ အောင်မြင်မှုတွေအတွက်အငြင်းပွားစရာမရှိပါဘူး။ ဒါကြောင့် မော်ရင်ညိုဟာ မန်ယူမှာလည်း အောင်မြင်လိမ့်မယ်လို့ ကျွန်တော် ယုံကြည်ထားတယ်။ မော်ရင်ညိုအနေနဲ့ မန်ယူအသင်းမန်နေဂျာတာဝန်ထမ်းဆောင်ဖို့ ပြဿနာရှိလိမ့်မယ်လို့ ကျွန်တော်မထင်ဘူး။ မော်ရင်ညိုဟာ ချယ်လ်ဆီးအသင်းကို အမြဲတမ်းအလေးပေးသူပါ။ ဒါပေမယ့် သူ့အတွက် အကောင်းဆုံးဖြစ်လာမယ့်အရာကို မော်ရင်ညိုလုပ်ဆောင်ပါလိမ့်မယ်"ဟု ဒေးဗစ်လူးဝစ်ဇ်က ပြောသွားသည်။

**ပြီး**ခဲ့တဲ့တနင်္ဂနွေညက ကစားခဲ့တဲ့ အာဆင်နယ်အသင်းနဲ့ လက်စတာအသင်းတို့ရဲ့ ပွဲစဉ်ဟာ ပရိသတ်တွေရဲ့ စိတ်အာရုံကို ဖမ်းစားနိုင်ခဲ့ဆုံးပွဲတစ်ပွဲ ဖြစ်ခဲ့ပါတယ်။ အဲ့ဒီပွဲမှာ လက်စတာအသင်းဟာ အာဆင်နယ်အသင်းကို ပွဲပြီးခါနီး နာကျင်အချိန်ပိုမှ ရှုံးနိမ့်သွားခဲ့တာလည်းဖြစ်ပါတယ်။ လက်စတာအသင်းအနေနဲ့ အဲ့ဒီပွဲကို ရှုံးနိမ့်သွားခဲ့ပေမယ့် လက်စတာအသင်းရဲ့ ကွင်းလယ်ကစားသမား ကန်တီရဲ့ စွမ်းဆောင်မှုတွေကတော့ လူတိုင်းအသိအမှတ်ပြုစေခဲ့ရပါတယ်။ အဲ့ဒီပွဲအပြီးမှာ ကန်တီကို ပထမဦးဆုံး ချီးကျူးလိုက်သူကတော့ မန်ယူအသင်းရဲ့ ခံစစ်မှူးဟောင်း ဖာဒီနန်ဖြစ်ပြီး သူ့ရဲ့တွစ်တာမှာကန်တီရဲ့ ဘောလုံးလုယူနိုင်စွမ်းဟာ တစ်ကမ္ဘာလုံးမှာတော့ အကောင်းဆုံးဖြစ်တယ်လို့တောင်ဆိုထားပါတယ်။



# အင်္ဂလန်မှာ ထွန်းတောက်နေတဲ့ ပြင်သစ်ကျောက်ရိုင်း

အောင်က

ပြီးခဲ့တဲ့ အာဆင်နယ်အသင်းကို ၂-၁နဲ့ ရှုံးနိမ့်ခဲ့တဲ့ပွဲကိုကြည့်မယ်ဆိုရင်လည်း အဲ့ဒီပွဲမှာ ကန်တီရဲ့ခန္ဓာကိုယ်အချိုးအဆစ်ဟာ ပြိုင်ဘက်ကစားသမားတွေထက် သေးငယ်ပေမယ့် ဘောလုံးလုယူနိုင်စွမ်းကတော့ ကစားသမားတိုင်းအတွက် သတိထားစရာဖြစ်စေခဲ့ပါတယ်။ အဲ့ဒီပွဲစဉ်မှာ ဆန်းချက်ဇ်ဆီကနေ ဘောလုံးကို လုယူပြီး ကွင်းလယ်ကနေ အာဆင်နယ်အသင်းရဲ့ ပယ်နယ်တီဧရိယာထဲကို ဖြတ်တင်ပေးပို့လိုက်တဲ့ ဘောလုံးကို ဂိုးသမားပီတာဆက်ချ် တောင်အသည်းအသန်ကာကွယ်လိုက်ရတာကိုလည်း လူတိုင်းက သတိထားမိလိုက်ကြပါတယ်။ ဒါ့အပြင် ဒီနှစ်တစ်ရာသီလုံး ကန်တီရဲ့ ဘောလုံးဖျက်ထုတ် လုယူနိုင်မှုတွေဟာ အကောင်းဆုံးရှိခဲ့တာကို သူ့ရဲ့စွမ်းဆောင်မှုနဲ့ ပတ်သက်ပြီး စစ်တမ်းထုတ်ထားမှုတွေကို ကြည့်တာနဲ့ သိနိုင်ပါတယ်။

ဒါကြောင့်လည်း အာဆင်နယ်အသင်း တိုက်စစ်မှူးဟောင်းအွန်နရီကတောင် ကန်တီရဲ့ လက်ရှိခြေစွမ်းတွေနဲ့ပတ်သက်ပြီး သံသယမရှိဘူးလို့ဆိုထားသလို ဒီရာသီရဲ့ အကောင်းဆုံးကစားသမားတစ်ဦးအဖြစ် ရှိနေတဲ့သူဖြစ်ကြောင်းနဲ့ သူ့ရဲ့ခြေစွမ်းတွေဟာ အံ့သြတုန်လှုပ်ဖွယ်ကောင်းကြောင်းကိုလည်း ထုတ်ဖော်ပြောဆိုခဲ့ပါသေးတယ်။ ဒါဟာထိပ်တန်းကစားသမားတိုင်းက သတိထားမိတဲ့ ကန်တီရဲ့လက်ရှိခြေစွမ်းတွေ ဖြစ်ပါတယ်။

တကယ်တော့ ကန်တီဟာ လက်စတာအသင်းအတွက်တော့ ပြီးခဲ့တဲ့ နွေရာသီက အကောင်းဆုံးခေါ်ယူမှုတွေထဲက တစ်ခုလို့ ပြောရမှာဖြစ်ပါတယ်။ လက်စတာအသင်းအနေနဲ့ ကန်တီကို ခေါ်ယူဖို့အတွက် အချိန်အတော်ကြာ စောင့်ကြည့်နေခဲ့တာဖြစ်ပြီး သူ့ရဲ့ခြေ စွမ်းပိုင်းကောင်းမွန်မှုတွေကိုသဘောကျတာကြောင့် ကိန်းစ်အသင်းထံကနေ ပေါင် ၅ ဒသမ ၆သန်းနဲ့ ခေါ်ယူထားခဲ့တာဖြစ်ပါတယ်။ ကန်တီဟာ ၂၀၁၄-၁၅ ရာသီ ပြင်သစ်လိဂ်ဝမ်းမှာလည်း အကောင်းဆုံး ဘောလုံးလုယူနိုင်စွမ်း အရှိဆုံးသူအဖြစ် ရပ်တည်နေခဲ့တဲ့သူလည်း ဖြစ်ပါတယ်။

ဒါ့အပြင်ကန်တီဟာ အာဆင်နယ်အသင်းနဲ့မတိုင်ခင် မန်စီးတီးအသင်းကို နိုင်ခဲ့တဲ့ ပွဲတုန်းကဆိုရင်လည်း ယခုနှစ်ရာသီမှာလုယူနိုင်မှု အကြိမ် ၁၀၀ ပထမဦးဆုံးပြည့်သွားခဲ့တဲ့ ပရီမီယာလိဂ်ကစားသမားအဖြစ် စံချိန်တင်သွားခဲ့ပါတယ်။ သူ့ရဲ့နောက်မှာ ပရီမီယာလိဂ်ရဲ့ ဘောလုံးလုယူနိုင်မှု ဒုတိယအများဆုံးကစားသမားအဖြစ် ရပ်တည်နေတဲ့သူကတော့ လီဗာပူးကစားသမား လူးကပ်လီဗာ ဖြစ်ပါတယ်။

တကယ်တော့ ကန်တီဟာ ကမ္ဘာ့ထိပ်တန်းဘောလုံးသမားကောင်း များစွာထွက်ပေါ်လေ့ရှိတဲ့ ပြင်သစ်နိုင်ငံရဲ့ မျိုးဆက်သစ်ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။ ကန်တီဟာ ပါရီမှာ မွေးဖွားခဲ့တဲ့သူဖြစ်ပြီး ပြင်သစ်မြောက်ပိုင်းကမ်းခြေမှာ တည်ရှိပြီး ပရိသတ် ၁၅၀၀၀ ဆံ့တဲ့ ကိုလုံးအသင်းရဲ့ လူငယ်လေ့ကျင့်ရေးကွင်းကနေ မွေးထုတ်ပေးခဲ့တဲ့သူလည်း ဖြစ်ပါတယ်။ သူဟာကိုလုံးအသင်းနဲ့ လိဂ်တူးမှာလည်း ကစားခဲ့ဖူးသူဖြစ်ပါတယ်။ ကန်တီရဲ့ ပရိုကစားသမားအဖြစ် တောက်ပခဲ့တဲ့နေ့ရက်ကို ပြောပါဆိုရင်တော့ ၂၀၁၃ ခုနှစ်ကစတင်ကာ ကိန်းစ်အသင်းကို စတင်ပြောင်းရွှေ့လာခဲ့တဲ့ အချိန်လို့ ပြောရမှာ ဖြစ်ပါတယ်။ သူစတင်ပြောင်းရွှေ့ခဲ့တဲ့ရာသီမှာတင် ကိန်းစ်အသင်းဟာ သူ့ရဲ့ကူညီမှုနဲ့အတူ လိဂ်ဝမ်းမှာတော့ ချန်ပီယံ မိန့်ဇ်၊ ဒုတိယနေရာတွင် လန့်စ်တို့ပြီးနောက် တတိယနေရာမှာ ရပ်တည်နိုင်ခဲ့ပါတယ်။ အဲ့ဒီနောက်ပိုင်း ပြီးခဲ့တဲ့ ရာသီမှာတော့ လက်စတာအသင်းကို စတင်ပြောင်းရွှေ့လာခဲ့တာ ဖြစ်ပါတယ်။

လက်စတာအသင်းကတော့ ကန်တီအတွက် အောင်မြင်မှုတွေပိုမိုတောက်ပစေခဲ့တဲ့ နေရာလို့ ပြောနိုင်သလို လက်စတာအသင်းကလည်း ကန်တီကြောင့် အောင်မြင်မှုတွေ ပိုမိုတောက်ပခဲ့ပါတယ်။ ဒါကြောင့်လည်း လက်ရှိအချိန်မှာတော့ ကန်တီဟာ လာမယ့် ယူရို ၂၀၁၆ အိမ်ရှင်အဖြစ်ကျင်းပမယ့် ပြင်သစ်မှာတော့ လက်ရွေးစင်အသင်းမှာ ပါဝင်ကစားနိုင်ဖို့ နီးစပ်မှုရှိနေဖြစ်ပါတယ်။ ဒါ့အပြင် အခုအချိန်မှာလည်း ပြင်သစ်ကစားသမားတွေကို အမြဲတမ်းနှစ်သက်စွာ ခေါ်ယူလေ့ရှိတဲ့ အာဆင်နယ်အသင်း မန်နေဂျာ အာစင်ဝင်းဂါးကတော့ ကန်တီကိုခေါ်ယူဖို့အတွက် စိတ်ဝင်စားမှုရှိတယ်ဆိုတဲ့ အရိပ်အမြွက်တွေ ထုတ်ဖော် ပြောဆိုခဲ့ပါတယ်။ ဒါ့အပြင် အာစင်ဝင်းဂါးက ကန်တီနဲ့ပတ်သက်ပြီးယခင်ကတည်းက ကောင်းကောင်းလည်း သတိထားမိနေပါတယ်။

ဒါကြောင့်လည်းကန်တီနဲပတ်သက်ပြီး လက်စတာအသင်းကို နိုင်ခဲ့တဲ့ပွဲအပြီးမှာတော့ အာစင်ဝင်းဂါးက “သူ့ရဲ့ကစားသမားဘဝကို ကြည့်မယ်ဆိုရင်လည်း အံ့သြစရာတွေ့ရမှာပါ။ သူဟာ ကိုးနှစ်၊ ၁၀ နှစ်သား ကတည်းက ပါရီကလပ် ဆူရီဆန်အသင်းမှာ ကစားနေခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်မှာတော့ သူဟာ ကိုလုံးအသင်းမှာ အပျော်တမ်းကစားသမားတစ်ဦးအဖြစ် သွားရောက်ကစားခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ဘော်ဒိုးအသင်းဟာ သူ့ကိုပရိုကစားသမားအဖြစ် ခေါ်ယူဖို့ဆန္ဒမရှိလို့ဖြစ်ပါတယ်။ အဲ့ဒီနောက် ကိန်းစ်အသင်း၊ နောက်ဆုံးတော့ အင်္ဂလန်ကိုရောက်ရှိလာခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် သူဟာရောက်ရှိတဲ့ နေရာတိုင်းမှာ အကောင်းဆုံးအသားကျအောင်ကစားနိုင်ခဲ့သူ ဖြစ်ပါတယ်”ဟုလည်း ပြောဆိုခဲ့ပါတယ်။

ဒါကြောင့်လည်း ဒီနှစ်ရာသီမှာတော့ ပရီမီယာလိဂ် ချန်ပီယံပြေးလမ်းမှာ ပထမနေရာကနေ ပြေးနေတဲ့ လက်စတာအသင်းအတွက်တော့ ကန်တီဟာ ပင်မထောက်တိုင်အဖြစ် ကစားနေတဲ့ ကစားသမားတစ်ဦးလည်းဖြစ်ပါတယ်။ ဒါကြောင့်လက်စတာအသင်းမှာ ထွန်းတောက်လာတဲ့ ပြင်သစ်ကျောက်ရိုင်းတစ်ပွင့်ဟာ အင်္ဂလန်မြေမှာ ဘယ်လောက်အထိ တောက်ပနေဦးမလဲဆိုတာကတော့ ဆက်လက်စောင့်ကြည့်ရဦးမှာဖြစ်ပါတယ်။ ။

## အက်ဖ်အေဖလားပွဲများ

စနေနေ့ (၂၀-၂-၁၆)

| | | |
|---|---|---|
| ည ၇း၁၅ | အာဆင်နယ် | ဟားလ်စီးတီး |
| ည ၉း၃၀ | ရက်ဒင်း | ဝက်စ်ဘရွန်း |
| ည ၉း၃၀ | ဝက်ဖို့ဒ် | လိဒ်စ်ယူနိုက်တက် |
| ည ၁၁း၄၅ | ဘုန်းမောက် | အဲဗာတန် |

တနင်္ဂနွေနေ့ (၂၁-၂-၁၆)

| | | |
|---|---|---|
| ည ၈း၀၀ | ဘလက်ဘန်း | ဝက်စ်ဟမ်း |
| ည ၉း၃၀ | စပါး | ခရစ္စတဲလ်ပဲလေ့စ် |
| ည ၁၀း၃၀ | ချယ်လ်ဆီး | မန်စီးတီး |

တနင်္လာနေ့ (၂၂-၂-၁၆)

| | | |
|---|---|---|
| နံနက် ၂း၁၅ | ရှုရှူဘရီ | မန်ယူ |

## စပိန်လီဂါပွဲစဉ်(၂၅)

သောကြာနေ့ (၁၉-၂-၁၆)

| | | |
|---|---|---|
| နံနက် ၂း၀၀ | လီဗန်တေး | ဂီတာဖေး |

စနေနေ့ (၂၀-၂-၁၆)

| | | |
|---|---|---|
| ည ၉း၃၀ | လက်ပဲလ်မက်စ် | ဘာစီလိုနာ |
| ည ၁၁း၄၅ | အက်စ်ပန်ညို | ဒီပို့တီဗို |
| နံနက် ၂း၀၀ | ဘက်တစ် | ဂီဂျွန် |
| နံနက် ၃း၃၅ | ဆယ်တာဗီဂို | အီဘာ |

တနင်္ဂနွေနေ့ (၂၁-၂-၁၆)

| | | |
|---|---|---|
| ညနေ ၅း၃၀ | ဗယ်လီကာနို | ဆီဗီလာ |
| ည ၉း၃၀ | မာလာဂါ | ရီးရဲမက်ဒရစ် |
| ည ၁၁း၄၅ | ဘီဘာအို | ဆိုစီဒက် |
| ည ၁၁း၄၅ | ဂရန်နာဒါ | ဗလင်စီယာ |
| နံနက် ၂း၀၀ | အက်သလက်တီကို | ဗီလာရီးရဲ |

## စီးရီးအေပွဲစဉ်(၂၆)

သောကြာနေ့ (၁၉-၂-၁၆)

| | | |
|---|---|---|
| နံနက် ၂း၁၅ | ဘိုလော့ဂ်နာ | ဂျူဗင်တပ်စ် |

စနေနေ့ (၂၀-၂-၁၆)

| | | |
|---|---|---|
| ည ၁၁း၃၀ | ဗီရိုနာ | ချီယေဗို |
| နံနက် ၂း၁၅ | အင်တာ | ဆမ်ဒိုးရီးယား |

တနင်္ဂနွေနေ့ (၂၁-၂-၁၆)

| | | |
|---|---|---|
| ည ၈း၃၀ | တိုရီနို | ကာပီ |
| ည ၈း၃၀ | ဆက်ဆူအိုလို | အမ်ပိုလီ |
| ည ၈း၃၀ | အတ္တလန္တာ | ဖီအိုရင်တီးနား |
| ည ၈း၃၀ | ဂျီနိုအာ | အူဒီးနိစ် |
| ည ၁၁း၃၀ | ဖရိုစီနိုနီ | လာဇီယို |
| နံနက် ၂း၁၅ | ရိုးမား | ပါလာမို |

## ဘွန်ဒက်စ်လီဂါပွဲစဉ် (၂၂)

သောကြာနေ့ (၁၉-၂-၁၆)

| | | |
|---|---|---|
| နံနက် ၂း၀၀ | ဖရန့်ဖတ် | ဟမ်းဘတ် |

စနေနေ့ (၂၀-၂-၁၆)

| | | |
|---|---|---|
| ည ၉း၀၀ | ဘိုင်ယန် | ဒမ်စတတ် |
| ည ၉း၀၀ | ဂလာဘတ်ချ် | ကိုလုံး |
| ည ၉း၀၀ | ဟာသာဘာလင် | ဝုဖ်ဘတ် |
| ည ၉း၀၀ | ဟော့ဖန်ဟိမ်း | မိန့်ဇ် |
| ည ၉း၀၀ | အင်ဂိုစတက် | ဝါဒါဘရီမင် |

တနင်္ဂနွေနေ့ (၂၁-၂-၁၆)

| | | |
|---|---|---|
| ည ၉း၀၀ | လေဗာကူဆင် | ဒေါ့မွန် |
| ည ၁၁း၀၀ | ရှော်လ်ကေး | စတုဂတ် |
| ည ၁၁း၀၀ | ဟန်နိုဗာ | အော့စ်ဘတ် |